# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily



**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)



၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ စနေနေ့၊ အတွဲ (၅၇)၊ အမှတ်(၀၁၄)


# နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းစည်းဝေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို နိုင်ငံရေး

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် MRTV နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page တွင်လည်း Live Streaming ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## စစ်ကိုင်း-မုံရွာ အဝေးပြေးလမ်းမကြီး လေးလမ်းသွားတိုးချဲ့

**ခရမ်း-စိုးမြင့်**

**စစ်ကိုင်း အောက်တိုဘာ ၁၃**



စစ်ကိုင်း-မုံရွာ ကားလမ်းသည် စစ်ကိုင်းမှ မုံရွာအထိ ၇၄ မိုင် ၇ ဖာလုံရှိ၍ ၂၀၀၈ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာနက ရွှေတောင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်သို့ B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်လွှဲပေးပြီး လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသော လမ်းမကြီးဖြစ်သည်။

၂၀၀၈ ခုနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းလွှဲပြောင်းလက်ခံရယူခဲ့စဉ်ကတည်းက ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်သည်။ သို့သော် B.O.T ယူခဲ့သော ရွှေတောင်ဟိုင်းဝေးကုမ္ပဏီသည် စာချုပ်ပါအတိုင်း အဆိုပါလမ်းအား

*စာမျက်နှာ ၃ ကော်လံ ၅* ❖




## သမိုင်းသစ်ရေးထိုးနိုင်ကြမည့် ပြည်သူရဲ့ညီညွတ်မှုအင်အား

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်များအပေါ် ကမ္ဘာက ရှုမြင်ပုံနှင့် ပြည်တွင်းမှ မိမိတို့နိုင်ငံသူ နိုင်ငံသားများ၏ ရှုမြင်ပုံတို့ ကွဲပြားခြားနားသည်။ ထူးခြားအံ့ဖွယ်ရာပင် ယင်းကိစ္စနှင့်ပတ်သက်၍ အိုင်အက်စ်၊ အယ်လ်ကိုင်ဒါ အစရှိသော ကမ္ဘာ့သိ အကြမ်းဖက်အုပ်စုများနှင့် ကုလသမဂ္ဂမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်အချို့တို့ ဘက်တစ်ဖက်တည်းတွင် တိုင်ပင်မထားဘဲ ရပ်မိနေကြဟန်ရှိပြီး မြန်မာနိုင်ငံအပေါ် လေသံပြင်းရာတွင် တူညီကြသည်။ ခြိမ်းခြောက်ခြင်းနှင့် ဖိအားပေးခြင်းသာ ကွာသည်ဟု မိမိတို့ခံစားကြရသည်။ မီဒီယာအင်အားကြီးတို့၏ ဘေးတီးလှုံ့ဆော်မှုကြောင့် အမှန်တရားတို့ မှိန်ပျောက်ကာ နိုင်ငံ၏ပုံရိပ်နှင့် နိုင်ငံ့အကြီးအကဲတို့ ဂုဏ်သိက္ခာထိပါးခံရမှုတို့အပေါ်တွင်လည်း စိတ်မကောင်းခြင်းကြီးစွာ ခံစားကြရသည်။

ဆီးရီးယားနိုင်ငံမှ အစ္စလာမ် ဓမ္မသတ်အကြီးအကဲ ဘုန်းတော်ကြီး ရှိတ်ခ် အာမက် ဘာဒရက်ဒင်ဟတ်ဆွန်က (မြန်မာနိုင်ငံမှ) ဒုက္ခသည် ၄၅၀၀၀၀ အကြောင်း မီဒီယာတို့က တစ်နေ့လျှင် အကြိမ် ၁၀၀ ထက်မနည်း အထပ်ထပ်ထုတ်လွှင့်နေသော်လည်း ဆော်ဒီအာရေဗျ၏ ပယောဂကြောင့် ယီမင်နိုင်ငံတွင် ပြည်တွင်းဒုက္ခသည် ၉၀၀၀၀၀၀ တို့ အိုးပစ်အိမ်ပစ်ပြေးနေရသည်ကိုမူ နှုတ်ဆိတ်နေကြကြောင်း၊ မွတ်စလင်ကမ္ဘာ၏ အာရုံစိုက်မှုကိုရရန်အတွက် မြန်မာနိုင်ငံမှပြဿနာကို ရောမအကြောင်းအရာကြီးအဖြစ် မီဒီယာတို့က ပုံဖော်နေကြကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြောင်းအရာသည် ဘာသာရေးဆိုင်ရာပြဿနာလား သို့မဟုတ် နိုင်ငံလုံခြုံရေးဆိုင်ရာ ကိစ္စလားဆိုသည်ကို မိမိတို့လေ့လာရန်လိုအပ်မည်ဖြစ်ကြောင်းဖြင့် အိန္ဒိယနိုင်ငံမှ ရုပ်သံသတင်းဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားခဲ့သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးနှင့်ပတ်သက်၍ မိမိတို့ဘက်မှ အခိုင်အမာရပ်တည်ကြသည့် မိတ်ဆွေနိုင်ငံများ၊ စာနာထောက်ထားမှုပြခဲ့ကြသည့် နိုင်ငံများ၊ အပြုသဘောဖြင့် ကူညီကြသူများ၊ ဆင်ခြင်တုံတရားဖြင့် ချင့်ချိန်တွေးဆကာ နားလည်မှုပေးကြသူများကြောင့် မိမိတို့တွင် အင်အားများတိုးပွားဖြစ်ပေါ်လာကြရသည်။

အဓိကအကျဆုံး အင်အားနှင့်စပ်လျဉ်း၍မူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "ပြည်သူရဲ့ ထောက်ခံမှု၊ ပြည်သူရဲ့ ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လိုအခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ ပြည်သူရဲ့ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ပြည်သူသို့ တင်ပြခဲ့သည်။ မိမိတို့နိုင်ငံအပေါ် ဝေဖန်မှု၊ ဖိအားပေးမှု၊ စွပ်စွဲမှုတို့ကို စကားနှင့် တုံ့ပြန်ချေပနေသည်ထက် လက်တွေ့လုပ်ဆောင်ချက်များ၊ တိုးတက်မှုရလဒ်များနှင့် ကမ္ဘာကိုပြသသွားရန်လည်း တိုက်တွန်းခဲ့သည်။ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အပြော မဟုတ် အလုပ်ဖြင့် သက်သေပြရန် လုပ်ငန်းစဉ်ကြီး(၃) ရပ်ကို ချပြထားပြီး လုပ်ငန်းအကောင်အထည်ဖော်မည့် ယန္တရားကို "ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(**Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine**) ဟု အမည်ပေးထားသည်။

ယင်းစီမံကိန်းအရ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခကင်းဝေးရေး"ဟူသော လုပ်ငန်းစဉ်ကြီးသုံးရပ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အဓိကအင်အားမှာ ပြည်သူများပင်ဖြစ်သည်။

စီမံကိန်းကြီးကို လာမည့် ရက်သတ္တပတ်တွင် စတင်မည်။

ဒေါသနှင့်အမုန်းတရားတို့ကို ရင်ဆိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို ကိုင်စွဲကြမည်။

လောက၌ မည်သည့်အရာကိုမဆို အောင်ရာအောင်ကြောင်း အဓိပတိလေးပါးဖြစ်သည့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ(ပညာ) အားတို့ဖြင့် အမိနိုင်ငံ၏ သားသမီးအပေါင်းတို့က ဝန်းရံကူကာ မိမိတို့ခေတ်သမိုင်းကို ရေးထိုးနိုင်ကြမည်ဟု အကြွင်းမဲ့ယုံကြည်မိပါကြောင်း။ ။

## ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ကော့မှူးမြို့နယ်၌ **လူငယ်နှင့် လူမှုမီဒီယာ** ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြုဗဟိုဌာန (Community Center)၌ ပြုလုပ်မည်ဖြစ်သည်။

ယင်း ပြည်သူ့စကားဝိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ ရန်ကုန်လူငယ်ကွန်ရက်မှ မသဥ္ဇာရွှန်းလဲ့ရည်တို့ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သန်လျင် အထက(၂)မှ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၃**

သန်လျင်မြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် ခြောက်ဦးနှင့် ဘက်စုံထူးချွန် လူရည်ချွန်တစ်ဦးတို့သည် စင်ကာပူနိုင်ငံတွင် လေးညအိပ် ငါးရက်ခရီးလေ့လာရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှစင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်နှင့်ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ငြိမ်းချမ်းရေးဂီတပွဲတော် ဒုတိယအဆင့် အောက်တိုဘာ ၂၁ ရက်တွင် စတင်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ဆောင်ရွက်နေသော ငြိမ်းချမ်းရေး ဂီတပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၌ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော် Level(1)ကို မြို့ကြီး ၁၁ မြို့၌ ဇူလိုင်လမှစတင်၍ ကျင်းပခဲ့ပြီး ဒေသလက်ရွေးစင် ၃၆ ဦးကို အပြီးသတ်ရွေးချယ်နိုင်ခဲ့ရာ ရွေးချယ်ခံရသောသူများသည် Level(2)တွင် အဖွဲ့လေးဖွဲ့ခွဲ၍ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲစဉ်(၁)ကို အောက်တိုဘာ ၂၁ရက်နှင့် ပွဲစဉ်(၂)ကို အောက်တိုဘာ ၂၂ရက်တို့တွင် မန္တလေးမြို့၌ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၃)ကို အောက်တိုဘာ ၂၈ ရက်နှင့် ပွဲစဉ်(၄)ကို အောက်တိုဘာ ၂၉ ရက်တို့တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်

ပြိုင်ပွဲဝင်များအနေဖြင့် ပြဋ္ဌာန်းထားသည့် သီချင်း ၅၇ပုဒ်ထဲမှ မိမိကြိုက်နှစ်သက်သည့် မြန်မာသံနှင့်ခေတ်ပေါ် တေးသီချင်း အမျိုးအစားများကို သတ်မှတ်ထားသည့် ပြိုင်ပွဲဝင် အစဉ်လိုက်မဲနှိုက်၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ငြိမ်းချမ်းရေးဆိုတာ ပြည်သူကြားမှာ၊ အထူးသဖြင့် လူငယ်တွေကြားမှာ သိမြင်အောင် ဘယ်လိုလုပ်မလဲစဉ်းစားကြတဲ့အခါ လူငယ်ထုကို ထိုးဖောက်ဖို့ဆိုရင် လူငယ်တွေစိတ်ဝင်စားတဲ့ ငြိမ်းချမ်းရေးနဲ့ ဂီတပေါင်းစပ်လိုက်ရင် ပိုအဆင်ပြေမယ်လို့ ဆုံးဖြတ်ပြီး လုပ်ခဲ့တာပါ။ ကျွန်တော်တို့ ဒီငြိမ်းချမ်းရေးဂီတပွဲတော် လုပ်ခဲ့တဲ့မြို့တိုင်းမှာ လူငယ်တွေ၊ ပရဟိတအဖွဲ့အစည်းတွေက ကျွန်တော်တို့နဲ့လာပူးပေါင်းပြီး ပရဟိတလုပ်ငန်းတွေမှာဝင်ပြီးတော့ အကုန်လုံး တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်တာမြင်တော့ အားရတယ်။ အဓိက ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းမှာ အားလုံးပါဝင်ဖို့အတွက်လုပ်တာပါ" ဟု မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level (2) တွင် ပရိသတ် Voting ၆၀ရာခိုင်နှုန်းနှင့် ဒိုင်အဖွဲ့မှ ၄၀ ရာခိုင်နှုန်းဖြင့်ဆုံးဖြတ်မည်ဖြစ်ပြီး ပရိသတ် Voting SMS ပေးပို့ရာတွင်လည်း ယခင်နှုန်းထားများထက် သက်သာစေရန်အတွက် MPT၊ Telenor ၊ Ooredooတို့နှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

Level(2)ပြိုင်ပွဲများကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး Level(3) ပွဲစဉ်အတွက် ၁၀ဦးရွေးချယ်သွားမည်ဖြစ်သည်။ Level(3)ပွဲစဉ်များကို ပွဲစဉ်လေးပွဲဖြင့် ယှဉ်ပြိုင်မည်ဖြစ်ရာ နေပြည်တော်တွင် ပွဲစဉ်(၁)အဖြစ် နိုဝင်ဘာ ၅ ရက်၊ ပွဲစဉ်(၂)ကို ရန်ကုန်တွင် နိုဝင်ဘာ ၁၂ ရက်၊ ပွဲစဉ်(၃)ကို နိုဝင်ဘာ ၁၉ရက်နှင့် ပွဲစဉ်(၄)ကို နိုဝင်ဘာ ၂၆ ရက်တို့တွင်ကျင်းပသွားမည်ဖြစ်ပြီး အပတ်စဉ်မဲအနည်းဆုံး ပြိုင်ပွဲဝင်နှစ်ဦးကို ပြိုင်ပွဲမှ ထုတ်ပယ်သွားမည်ဖြစ်ကာ နောက်ဆုံးပွဲစဉ်(၄)တွင် တစ်ဦးတည်းသာထုတ်ပယ်သွားမည်ဖြစ်သည်။ နောက်ဆုံး Grand Final ပွဲစဉ်ကို ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့၌ အပြီးသတ်ရွေးချယ်ကာ ပထမဆု ငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း၁၀၀နှင့် နှစ်သိမ့်ဆုခုနစ်ဆုကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ စီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်၊ ဓာတ်ပုံ - စစ်မှူး**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၃-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၀/၇၆၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၂ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၈၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၈၆ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ ·၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*❋ ရှေ့ဖုံးမှ*

အနှစ်သာရပြည့်ဝစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် အတွက် ဆောင်ရွက်သည့် အစည်းအဝေးဖြစ်ပါကြောင်း။

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၇ ဖြင့် ၂၀၁၈ ခုနှစ် နှစ် ( ၇၀ ) ပြည့် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီကို အဖွဲ့ဝင် ၃၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ဆပ်ကော်မတီ ကိုးခုကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကိုလည်း လျာထားသတ်မှတ်ပြီး ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ယခုကျင်းပမည့် နှစ် ( ၇၀ ) ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများအား နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ကျင်းပနိုင်ရန်အတွက် အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ချမှတ်ထားပါကြောင်း၊ အမျိုးသားရေးဦးတည်ချက် (၅)ရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊ စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်ပါကြောင်း။

ဖွဲ့စည်းရန် လျာထားသည့် ဆပ်ကော်မတီကိုးခုမှာ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှိ့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီတို့ ဖြစ်ပါကြောင်း။

အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်းခွဲခြား ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ သံတမန်များနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သဖြင့် လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန်နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲများ ကျင်းပရာတွင်လည်း လမ်းများပိတ်၍ ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် အများပြည်သူအသုံးပြုသည့် အားကစားကွင်းများနှင့် စာသင်ကျောင်းအားကစားကွင်းများတွင်သာ ကျင်းပသွားရန် ပြောကြားလိုပါကြောင်း။

**အကြံပြုဆွေးနွေး**

ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကိုအခြေခံ၍ ချို့ယွင်းချက်များနှင့် အားနည်းချက်များမရှိစေရန် ဆပ်ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ အဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် အခန်းကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စစ်ဆေးကြပ်မတ်၍ အလေးအနက်ထား လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ ဆပ်ကော်မတီအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအလိုက် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စနစ်တကျရှိစေရေးအတွက် ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှိ့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆပ်ကော်မတီများအလိုက် အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲစာရင်းလျှောက်လွှာများကို အောက်တိုဘာ ၁၇ ရက်မှ ၂၆ ရက်အတွင်း ကျောက်စိမ်းလုပ်ငန်းကော်မတီသို့ လာရောက်လျှောက်ထားရမည်ဖြစ်သည်။

ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရတနာပြပွဲသို့ ခွင့်ပြုမိန့်ယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မိုးကုတ်မြို့တို့တွင် စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ပြည်တွင်းရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်မှစတင်၍ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining.gov.mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်သည်။ Online မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www. mge. gov. mm Online Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး) များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**

# မျက်မမြင်လမ်းလျှောက်ပွဲကျင်းပစဉ် ခေတ္တလမ်းပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၇ ခုနှစ် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၆)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည့် လမ်းတစ်လျှောက်ဖြစ်သည့် ဆူးလေဘုရားလမ်း(ဆူးလေဘုရားအဝိုင်းမှ ကုန်သည်လမ်းအကြား)၊ ကုန်သည်လမ်း(ဆူးလေဘုရားလမ်းမှ ရွှေတိဂုံဘုရားလမ်းအကြား)၊ ကမ်းနားလမ်း(ရွှေတိဂုံဘုရားလမ်းမှ ဘုန်းကြီးလမ်းအကြား)၊ ဘုန်းကြီးလမ်း(ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းအကြား)နှင့် မဟာဗန္ဓုလလမ်း(ဘုန်းကြီးလမ်းမှ မြို့တော်ခန်းမရှေ့အထိ) လမ်းများအား လမ်းလျှောက်ပွဲကျင်းပသည့် နံနက် ၅ နာရီခွဲမှ နံနက် ၇ နာရီခွဲအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

*❖ ရှေ့ဖုံးမှ*

၂၄ ပေချဲ့၍ ကွန်ကရစ်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ လမ်းမိုင် ၇၄ မိုင် ၇ ဖာလုံစလုံးအား ၅-၉-၂၀၁၀ ရက်တွင် အပြီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခု အဆိုပါကားလမ်းအား ဆက်လက်၍ ၄၈ ပေအကျယ် လေးလမ်းသွားချဲ့ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ၇၄ မိုင် ၇ ဖာလုံရှိသည့်အနက် ၆၄ မိုင် ၂ ဖာလုံကို ၄၈ ပေ လေးလမ်းသွားအဖြစ် ချဲ့ပြီးသွားပြီဖြစ်ကြောင်း သိရပြီး ချဲ့ရန်ကျန်ရှိနေသည့် ၁၀ မိုင် ၅ ဖာလုံအား ချဲ့ခြင်းနှင့် ကွန်ကရစ်ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂-၆-၂၀၁၈ ရက်တွင် အပြီးဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

**မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်**

**နေပြည်တော် အောက်တိုဘာ ၁၃** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

✻ ကျော်ဖုံးမှ

အဆိုပါ ဘေးအန္တရာယ်များကြောင့် လူပေါင်း ၃၁၆၂ ဦး သေဆုံးခဲ့ရပြီး လူဦးရေ သန်း ၈၀ ခန့် ဘေးသင့်ခဲ့ရသည့်အပြင် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု အနေဖြင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄ ဘီလီယံခန့်ရှိခဲ့ပါကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ပြန်ကြည့်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၁ ဒသမ ၃၅ သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို ၁၉၈၉ ခုနှစ်မှစတင် သတ်မှတ်ခဲ့ပြီး နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပရန် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ်(၆၄/၂၀၀)အရ အတည်ပြု သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ နိုင်ငံတကာ၌ နှစ်အလိုက် ဆောင်ပုဒ်များဖြင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၀ ခုနှစ်မှစတင်၍ "သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ အသင့်ပြင်ထား မြို့ရွာများ" ဟူသည့် ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို စတင်ကျင်းပခဲ့ပါကြောင်း၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ ဒေသခံ တိုင်းရင်းသား မျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် စပ်လျဉ်းသည့်



အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျော့ပါးရေးနေ့ သဝဏ်လွှာကို Ms. Xiaojie Fan က ဖတ်ကြားစဉ် (သတင်းစဉ်)

ဆောင်ပုဒ်များကို နှစ်အလိုက် ရွေးချယ်သတ်မှတ်ပြီး ပြည်သူလူထုထံအသိပညာ ဖြန့်ဝေမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် မတ်လတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ညီလာခံကို ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါညီလာခံမှ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ကို အတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင် ခုနစ်ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ ပန်းတိုင် ခုနစ်ချက်ကို အများပြည်သူ သတိမူနိုင်စေရန် ၂၀၁၆ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ ဆောင်ပုဒ်များကို ပန်းတိုင် ခုနစ်ချက်အတိုင်း အစဉ်လိုက် သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပန်းတိုင်(၁)ဖြစ်သည့် "ကမ္ဘာနဲ့အဝန်း ဘေးအန္တရာယ်တွေကြောင့် အသက်ဆုံးရှုံးရမှုတွေကို အမြောက်အမြား လျှော့ချပေးနိုင်ဖို့" ဆိုသည့် ရည်မှန်းချက်နှင့်အညီ "Live to Tell" "ဘဝရှင်သန်နေထိုင်ဖို့ ဘေးအန္တရာယ် အသိမျှဝေစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ယမန်နှစ်က ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်ကို ပန်းတိုင်(၂)အရ ဘေးသင့်ပြည်သူ အရေအတွက် အမြောက်အမြားလျှော့ချနိုင်ရန် ရည်ရွယ်ပြီး "Home Safe Home" "ထိတွေ့ဘေးဒဏ်လျှော့ချမှု လုံခြုံစိတ်ချတို့ဘဝ" ဟူသည့် ဆောင်ပုဒ်ဖြင့် အသိပညာပေးအစီအစဉ်များကို ကျင်းပခြင်းဖြစ်ပါကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများသည် ထိခိုက်ခံစားရမှုများကို လျှော့ချပေးရာတွင် မည်မျှထိရောက်မှုရှိသည် ဆိုသည်ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ဘေးအန္တရာယ်သင့်ပြည်သူအရေအတွက်ကို ထိထိရောက်ရောက် လျှော့ချပေးနိုင်ရေးဆိုသည်မှာ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုမရှိဘဲ မဖြစ်နိုင်ပါကြောင်း၊ ဖြစ်ပွားမည့် ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူများအနေဖြင့် လျင်လျင်မြန်မြန်သိရှိနိုင်ရန် ပိုမိုလက်လှမ်းမီလာကြပြီဖြစ်သော်လည်း ဘေးအန္တရာယ် ကျရောက်နိုင်ခြေ (Risk)နှင့် စပ်လျဉ်းသည့်သတင်း အချက်အလက်များကို လက်တွေ့အသုံးချသည့် အပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့မြင်ရပါကြောင်း၊ အစိုးရပိုင်းကသာမက ပုဂ္ဂလိကကဏ္ဍများ၌လည်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေဆိုင်ရာ သတင်းအချက်အလက်များကို သိမြင်သဘောပေါက်ပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရွေးချယ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဆိုလျှင် လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ကြရန် ညွှန်ကြားထားပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုများ ရရှိပြီးမှ ဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ဆုံးရှုံးရမည်ဆိုလျှင် များစွာနစ်နာကြရမည်ဖြစ်ပါကြောင်း၊ သဘာဝအလျောက် ဖြစ်ပေါ်တတ်သည့် အန္တရာယ်များကို လျှော့ချရန် မဖြစ်နိုင်ပါကြောင်း၊ ဘေးမဖြစ်ခင်ကတည်းက လိုအပ်သည့် ကြိုတင်ပြင်ဆင် ကာကွယ်မှုများ ဆောင်ရွက်ပေးနိုင်မှသာ ဘေးဖြစ်ချိန်တွင် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ ရေတိုရေရှည် နည်းလမ်းများဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆက်နွှယ်ပတ်သက်သူအားလုံးကိုဖိတ်ကြားပြီး နိုင်ငံ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇) Myanmar Action Plan on Disaster Risk Reduction-MAPDRR ကို အတည်ပြုမိတ်ဆက်ခဲ့ပါကြောင်း၊ စီမံချက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ၏ ပင်မကျောရိုးသည် ပြည်သူများဖြစ်သည့်အတွက် နိုင်ငံကို ဘေးအန္တရာယ်များမှ အမှန်တကယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိလာစေရန် အားလုံးအတူတကွ လက်တွဲဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားထားပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတက အသိပညာခေတ်တွင် အခြားသော နည်းပညာဆိုင်ရာ ဗဟုသုတများရှိရန် လိုအပ်သကဲ့သို့ ဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့်တိုးပွားနိုင်ရေးသည်လည်း များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သတိပြုမှုရရှိစေရန် နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များ၌ပါ ယခုကဲ့သို့အခမ်းအနားများ ကျင်းပခြင်းဖြစ်ပါကြောင်း၊ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၏အကျိုးဆက်အနေဖြင့် ဘေးအန္တရာယ်ကြုံတွေ့ရခြင်းများ၊ ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရခြင်းများနှင့် ဘေးအန္တရာယ်ကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးရခြင်းများကို လျော့ပါးသက်သာစေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက သိမြင်သဘောပေါက်မှုများ တိုးပွားလာစေရန် မီဒီယာနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာကို ကာကွယ်စောင့်ရှောက်ခြင်းသည် လူသားမျိုးဆက်များကို ကာကွယ်စောင့်ရှောက်ခြင်းလည်း ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အားလုံးတွင် တာဝန်ရှိပါကြောင်း၊ လူတစ်ဦးချင်းစီအနေဖြင့် အဆိုပါတာဝန်များကို သိရှိပြီး တာဝန်ယူဆောင်ရွက်တတ်စေရန် ယခုကဲ့သို့သော အသိပညာပေး အစီအစဉ်များသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အရေးကြီးသည့် လုပ်ငန်းများတွင် ဆက်နွှယ်ပတ်သက်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးက ခိုင်မာသော သန္နိဋ္ဌာန်၊ မလျော့သော ဇွဲလုံ့လတို့ဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၏ကိုယ်စား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဘာဝဘေး လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

---

✻ ကျော်ဖုံးမှ

လုပ်ငန်းခွင်သို့ ချက်ချင်းဝင်ရောက်လုပ်ကိုင်ရခြင်းမရှိဘဲ စောင့်ဆိုင်းနေရခြင်း၊ ကြိုတင်အကြောင်းကြားမှုမရှိဘဲ အလုပ်သမားများအား အကြောင်းမဲ့ အလုပ်မှထုတ်ပယ်ခဲ့ခြင်းကြောင့် အလုပ်သမားများက မကျေနပ်၍ အငြင်းပွားနေရာမှ AAC အဖွဲ့ဖြင့် ဆက်သွယ်ပြီး ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အလုပ်သမားသံအရာရှိ ဦးခင်မောင်မြင့်သည် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံးမှ တာဝန်ခံများ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့မှ ကိုယ်စားလှယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးမိုးဇော်ဟိန်းတို့နှင့် အတူ သက်ဆိုင်ရာ မြန်မာအေဂျင်စီများမှ မန်နေဂျင်းဒါရိုက်တာများ၊ AAC အဖွဲ့နှင့် အလုပ်သမားများကို ညှိနှိုင်းဆောင်ရွက်ပေးချက်အရ အောက်တိုဘာ ၁၃ ရက်တွင် Shwe Sin Koe Pwint Co., Ltd မှ ပြန်လာသည့် အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၁၀၂ ဦးအား ဝန်ဆောင်ခ ငွေကျပ် ၁၅၀၀၀၀ နှင့် ထိုင်းဘက်ခြမ်းတွင် Work Permit အတွက် ကုန်ကျငွေ ဘတ် ၄၅၀၀ နှင့် ညီမျှသော မြန်မာငွေကျပ် ၁၈၀၀၀၀ စုစုပေါင်းငွေကျပ် ၃၃၀၀၀၀ဖြင့် ငွေကျပ် ၃၃၆၆၀၀၀၀ ကို Shwe Sin Koe Pwint Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဦးမင်းစိုးဝင်းက အောက်တိုဘာ ၁၃ ရက်တွင် ပေးအပ်ခဲ့ပြီး မော်တော်ယာဉ်ဖြင့် နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခဲ့ကြသည်။

Yan Aye Services Co., Ltd ဖြင့် သွားရောက်ခဲ့သည့် အလုပ်သမားများမှ ခိုင်မာသည့်လုပ်ငန်းခွင်သို့



မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တွေ့ရစဉ်

ပြန်လည်ပို့ဆောင်ပေးရန် တောင်းဆိုမှုကြောင့် Yan Aye Services Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမျိုးထွန်းက ကုန်ကျစရိတ်များ ကျခံပေး၍ မကြာမီကာလအတွင်း Ngwe Pyi Gyi Co., Ltd မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ၁၅ ဦးအတွက် ငွေကျပ် ၇၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

Ratcharoen Service Co., Ltd ၏ အလုပ်ခေါ်စာသည် ထိုင်းနိုင်ငံတွင် လက်ရှိ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားဟောင်းများကို MoU စနစ်ဖြင့် ပြန်လည်စေလွှတ်သည့် အလုပ်ခေါ်စာဖြစ်ပြီး Yan Aye Services Co., Ltd (ရန်အေးကုမ္ပဏီလီမိတက်) အနေဖြင့် အလုပ်သမားအဟောင်းမဟုတ်သည့် အလုပ်သမားအသစ်များကို လိမ်လည်တင်ပြ၍ အစားထိုးစေလွှတ်ခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့၍ ယင်းကုမ္ပဏီ၏ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ကို ယခင်အရေးယူခဲ့သည့် ခြောက်လပိတ်သိမ်းသည့် ပြစ်ဒဏ်ကာလ လွန်မြောက်သော ၅-၁၁-၂၀၁၇ ရက်မှစ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ငါးနှစ် ထပ်မံပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ Thai Smile Food Co., Ltd သည် Shwe Sin Koe Pwint Co., Ltd မှ စေလွှတ်ခဲ့သော မြန်မာအလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ဖောက်ဖျက်ခြင်း၊ ယင်းစက်ရုံသို့ အလုပ်သမားများကို တာဝန်ယူပို့ဆောင်ခဲ့သည့် ထိုင်းအလုပ်ရှင်ကိုယ်စားလှယ် Mr.Phakin Thipphacheowa-khum (ID 3 5601 00247 10 5) နှင့် Mrs. Rujeenan Dirakchoti-pong (ID 3 1412 00282 71 3) သည် အလုပ်ရှင်၊ အလုပ်သမား ပြဿနာဖြစ်ပေါ်ရာတွင် တာဝန်ယူဖြေရှင်းပေးမှု မရှိခြင်း၊ မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှု အားနည်းခြင်းတို့ကြောင့် ယင်းတို့ကို အမည်ပျက်စာရင်း (Black List) ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ထိုင်းနိုင်ငံ Thai Smile Food Co., Ltd နှင့် Ratcharoen Service Co., Ltd တို့မှ တင်ပြလာသော အလုပ်ခေါ်စာများအပေါ် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ထုတ်ပေးခဲ့မှု အခြေအနေ၊ အလုပ်သမားသံအရာရှိမှ စိစစ်ထောက်ခံဆောင်ရွက်ခဲ့မှု အခြေအနေနှင့် လက်ရှိအလုပ်သမားရေးရာ ပြဿနာဖြစ်ပေါ်နေသည့် အခြေအနေတို့ကို စိစစ်၍ သက်ဆိုင်ရာအေဂျင်စီများ၏ တာဝန်ရှိမှုအပေါ် အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ၌ အလုပ်သမားရေးရာ ပြဿနာဖြေရှင်းနေချိန် ထိုင်းအလုပ်ရှင်ကိုယ်စားလှယ် Mr. Phakin Thipphacheowakhum က အောက်တိုဘာ ၁၀ ရက်တွင် Thai Smile Food Co., Ltd သို့ အလုပ်သမား ၂၀၀ ထပ်မံခေါ်ယူရန် ဘားအံမြို့၌ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုရန် လာရောက်ကြောင်း သတင်းရရှိ၍ စာချုပ်ချုပ်ဆိုမည့်အစီအစဉ်ကို အချိန်မီ ပိတ်ပင်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အောက်တိုဘာ ၈ ရက်ကစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုများကြောင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ ကော်မတီဝင် ဒေါ်စံပယ်ထွေးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေထုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးအတွက် ကွေ့ကြီးချောင်းရေ စီးဆင်းမှု အခြေအနေနှင့် ဥတ္တရခရိုင်ရုံးများအနီးရှိ ရေမြောင်းများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး လျှို့ပိတ်ဆည်များဖြစ်ကြသည့် သရက်ရှင်းဆည်၊ တင်းဝါးဆည်နှင့် ဥတ္တရဆည်များသို့ ရေဝင်ရောက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများသည် ဥတ္တရမြို့နယ်အတွင်းရှိ စက်စက်ယိုချောင်းရိုးတစ်လျှောက်နှင့် စက်စက်ယိုဆည်အား စစ်ဆေး၍ ဆည်ရေထွက်ပေါက်နေရာကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

---

★ ကျော်ဖုံးမှ

ဒီပြိုင်ပွဲကြီးက အလှအပထက် ပရဟိတလုပ်နိုင်တဲ့သူ၊ Personal ပိုင်းဆိုင်ရာ အပိုင်းတွေ ကြည့်ပြီး ရွေးချယ်တာများပါတယ်။ ဒီပြိုင်ပွဲမှာ အင်ဒိုနီးရှားနိုင်ငံက အလှမယ်တွေဆိုရင် နှစ်စဉ်လိုလို ပရဟိတပိုင်းဆိုင်ရာ ဆုတွေရတာတွေ့ရတယ်။ ကျွန်မအတွက် ကြိုတင်ပြင်ဆင်မှုက လပိုင်းဆိုပေမယ့် အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ပရဟိတပညာရေးပိုင်းဆိုင်ရာအနေနဲ့ ပရိုဂရမ်တစ်ခုလုပ်ထားတာဆိုတော့ မြန်မာနိုင်ငံပညာရေးပိုင်းဆိုင်ရာပြောင်းလဲမှုအပိုင်းကို ကြိုးစားပြောသွားမှာပါ"ဟု သွားရောက်ယှဉ်ပြိုင်မည့်အပိုင်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများအား အလှမယ် အိကျော့ခိုင်က ပြောကြားသည်။

အဆိုပါ Miss World 2017 ပြိုင်ပွဲကြီးတွင် အဓိက Main ဆုကြီးများဖြစ်သည့် Winner၊ $1^{st}$ Runner Up၊ $2^{nd}$ Runner Up ဆုများအပြင် အခြား Title ဆုများဖြစ်သောMiss World Beauty with a Purpose၊ Miss World Multimedia Award၊ Miss World Fitness / Sports၊ Miss World Head to Head Challenge၊ Miss World Talent နှင့် Miss World Dances of the World တို့ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် Miss World 2017 ပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယင်းပထမဆုံးအကြိမ်တွင် Winner ဆုရှင် အလှမယ် ဝိုင်းလေး၊ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်တွင် အလှမယ် ခင်ရတနာသိန်းမြင့်နှင့် ၂၀၁၆ ခုနှစ် တတိယအကြိမ်တွင် အလှမယ် Bella(ခ) မြတ်သီရိလွင်တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခု Miss World 2017 ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုအနေဖြင့် အလှမယ် အိကျော့ခိုင်က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

# ပညာရေးဝန်ထမ်းကောင်း ဆရာ ဆရာမများပီပီ ကိုယ်ကျင့်တရားကိုထိန်းသိမ်းပြီး ဂုဏ်သိက္ခာကို တန်ဖိုးထားရန်လို

နေပြည်တော် အောက်တိုဘာ ၁၃

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့နှစ်နှစ် သင်တန်းအမှတ်စဉ်(၁၄)၊ (၁၅)နှင့် ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်းအမှတ်စဉ်(၁)တို့၏ ဘွဲ့နှင်းသဘင် အခမ်းအနား၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၈)၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားများအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ မဟာပညာရေးဘွဲ့ ၉၃ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၄၅၄ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး စုစုပေါင်း ၁၂၇၉၆ ဦးကို ဤတက္ကသိုလ်ကြီးက အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၉၇ မျိုး သင်တန်းဆင်းခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းပြီး ကျောင်းဆင်းများအနေဖြင့် နိုင်ငံတော်၏ တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေသည့်အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များ အဖြစ်နှင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြကြောင်း၊ တချို့ဆိုလျှင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် နိုင်ငံတော်ကို အလုပ်အကျွေးပြုနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့ကလည်း ကျောင်းတော်ကြီး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေဖြင့် ယခုထက်ပိုမိုမြင့်မားသည့် မဟာပညာရေးဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်များ ထမ်းဆောင်ရင်း ဆက်လက်ဆည်းပူးကြိုးစားစေလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ကျောင်းဆင်း မောင်တို့မယ်တို့ကို ဘွဲ့ရပြီးသည်နှင့် အလုပ်တာဝန်တစ်ခါတည်း ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ တတ်မြောက်ထားသည့် ပညာရပ်များကို လက်တွေ့ကျကျအသုံးချပြီး တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကိုပါ ပူးတွဲတာဝန် ထမ်းဆောင်ကြရမည်ဆိုသည်ကို နားလည်သိရှိသဘောပေါက်ပြီး မိမိရောက်ရှိတာဝန်ထမ်းဆောင်သည့်ဒေသခံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားလူငယ်များထဲမှ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပေါ်ထွန်းရန်လိုအပ်သည့်အတွက် တိုင်းရင်းသားလူငယ်များ ပညာသင်ယူလိုစိတ်ဖြစ်ပေါ်လာအောင် မောင်တို့ မယ်တို့ကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သင်ယူချင်စိတ်သည် ပညာရရှိရေးအတွက် အရေးအကြီးဆုံးလည်းဖြစ်ပါကြောင်း၊ လူငယ်များအကြား သင်ယူချင်စိတ် ထွန်းကားလာစေရန် သင်ပေးသူများကိုယ်တိုင် သင်ယူချင်စိတ်ရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့ တစ်သက်တာ သင်ယူနိုင်မည့်စိတ်ဓာတ်၊ သင်ယူချင်သည့် စိတ်ဓာတ်ကို သင်ပေးသူများတွင်ရှိနေမှသာ သင်ကြားခံရသူများကိုယ်တိုင်လည်း အလားတူစိတ်ဓာတ်များ ပွားများလာမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ ဘဝတိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်နှင့် မောင်တို့မယ်တို့ ပညာသင်ယူခဲ့သည့် ငါးနှစ်တာကာလပတ်လုံးအတွက် နိုင်ငံတော်က ၁၀၀ ရာခိုင်နှုန်းပြည့်နီးပါး ထောက်ပံ့ခဲ့ပါကြောင်း၊ တက္ကသိုလ်ကြီးကလည်း မောင်တို့မယ်တို့ကို ဆရာကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် ပညာအရည်အချင်းများ ပြည့်ဝအောင် ခံယူရမည့် သဘောတရားများကိုလည်း သိရှိအောင် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း။

တောင်ပေါ် မြေပြန့်အနှံ့အပြားတွင် သွားရောက်တာဝန်ထမ်းဆောင်ကြတော့မည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများအကြား ထိရောက်သောကြားခံပေါင်းကူးများအဖြစ် ပါဝင်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများကို အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်တိုးတက်ရေးတို့အတွက် အရေးပါသောကြောင့် တိုင်းရင်းသားလူမျိုးများဆီတွင် မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ်ခံယူချက်များဖြစ်လာအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းကောင်း ဆရာ၊ ဆရာမများပီပီ အများကလေးစားရအောင် မိမိတို့ ကိုယ်ကျင့်တရားကို ထိန်းသိမ်းပြီး ဂုဏ်သိက္ခာကို တန်ဖိုးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေသည့် နိုင်ငံသားကောင်းများအဖြစ် ကြိုးစားသွားကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အထူးဂုဏ်ပြုဆုအနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဦးသန်းဦး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းဦးက "ပညာထူးချွန်ဆု" ရရှိသူအား ဆုများ ချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်းက မဟာပညာရေးဘွဲ့နှစ်ဦး၊ ပညာရေးဘွဲ့ ၂၂၃ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၁၀၇ ဦးတို့ကို ဘွဲ့၊ ဒီပလိုမာလက်မှတ်များ အပ်နှင်းပေးခဲ့သည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများ သွားရောက်တာဝန်ထမ်းဆောင်ရမည့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုတို့မှ တာဝန်ရှိသူများက အလုပ်ခန့်အပ်လွှာများအား ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ညနေစာဖြင့် တည်ခင်းဧည့်ခံ ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာအပေါ် NV ကတ် ထုတ်ပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Scot Marciel နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေမှု၊ ၁၉၉၃ ခုနှစ်တွင် ပြန်လည်လက်ခံရေးဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ စိစစ်လက်ခံနိုင်ရေးနှင့် ပြန်လည်လက်ခံရေးစခန်းများ သတ်မှတ်၍ စိစစ်လက်ခံမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာအပေါ် NV ကတ် ထုတ်ပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းများအပေါ် အမေရိကန်နိုင်ငံအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပပြီးစီး

**ဟားခါး အောက်တိုဘာ ၁၃**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၆ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကန်ပက်လက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကွီးထန်းက ချင်းပြည်နယ်အစိုးရအဖွဲ့မှ မြို့နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ အိမ်မွေးတိရစ္ဆာန်များ မွေးမြူရာတွင် စနစ်တကျ ထိန်းသိမ်းသိုလှောင်မွေးမြူရန် ညွှန်ကြားထားခြင်းရှိ/မရှိ သိရှိလိုသော မေးခွန်းကို မေးမြန်းရာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့လက်အောက်ရှိ ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းပြောင်းလဲလိုသည့် လုပ်ငန်းအား လွှတ်တော်သို့ တင်သွင်းရာ ဖလမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့က ဆွေးနွေးခဲ့သော ချင်းပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေစာရင်းပါလုပ်ငန်းများမှ ပြောင်းလဲဆောင်ရွက်လိုသည့်လုပ်ငန်းများနှင့် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့လက်အောက်ရှိ ပြောင်းလဲလိုသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုသည်။

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီခွဲတွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**



# သတိပြုသင့်သော ရန်ကုန်နှင့် ပဲခူးငလျင်

မောင်ကြည်ဝင်း (ထားဝယ်)

မြန်မာ့ငလျင်သမိုင်းတွင် လူသိများသည့် စစ်ကိုင်းပြတ်ရွေ့၏ လှုပ်ရှားမှုသည် တစ်နှစ်လျှင် ၁၈ မီလီမီတာနှုန်းဖြင့် ရွေ့လျားနေသဖြင့် ငလျင်လှုပ်နိုင်ခြေ အလားအလာများစွာရှိနေသည်ဟု မြေငလျင်ပညာရှင်တစ်ဦးထံမှ သိရကြောင်း၊ နေပြည်တော် ပျဉ်းမနားမှာလည်း ၁၈၃၅ ခုနှစ်နောက်ပိုင်း ငလျင်လှုပ်ခဲ့ခြင်းမရှိသေးသည့်အတွက် စစ်ကိုင်းကန့်လန့်ဖြတ်အနေအထားအတိုင်း GPS များ တပ်ဆင်ရန်ရှိကြောင်း၊ ပဲခူးငလျင်ကြီးမှာ ၁၉၃၀ ပြည့်နှစ်က လှုပ်ခဲ့သည့်အတွက် (Return Perious) အရ နှစ်ပေါင်း ၈၀ ကျော်သွားပြီဖြစ်သည့်အတွက် နောက်တစ်ကြိမ် ပြန်လာဖွယ်ရှိနေကြောင်း၊ ရန်ကုန်မြို့သည် ပဲခူးငလျင်နှင့်လည်းကောင်း၊ စစ်ကိုင်းပြတ်ရွေ့နှင့်လည်းကောင်း နီးကပ်စွာရှိနေခြင်းကြောင့် မြေငလျင်နှင့်ပတ်သက်၍ သတိပြုရန်လိုအပ်လာပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ယဉ်မျိုးမင်းထွေးက ပြောကြားကြောင်းနှင့် စက်တင်ဘာ ၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်လိုက်ရပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဓိကကျသော မြေငလျင်ကြောနှစ်ခုအနက် တစ်ခုဖြစ်သော အယ်လ်ဖိုက်ကြောပေါ်တွင် တည်ရှိနေသည်။ စစ်ကိုင်းပြတ်ရွေ့ကြောသည် မြန်မာနိုင်ငံတောင်ပိုင်း ရန်ကုန်၊ သံလျင်၊ ခရမ်းနှင့် သုံးခွမြို့တို့မှ မြောက်ပိုင်းဒေသ ပူတာအိုမြို့အထိ ၁၀၀၀ ကီလိုမီတာအရှည်ဖြင့် ဖြတ်သန်းသွားနေသည်။

စစ်ကိုင်းပြတ်ရွေ့ကြောသည် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကပင် အင်အားပြင်းငလျင်ကြီးများ လှုပ်ခတ်ခဲ့ဖူးသည်။ အင်အားပြင်းငလျင်ကြီးများ လှုပ်ခတ်မှုမရှိသည်မှာ နှစ်ပေါင်း ၈၀ ကျော်လာပြီဖြစ်သည်။

စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ဆွာနှင့် ပူတာအိုစသော မြို့ကြီးများမှာ တစ်ကျော့ပြန်အင်အားပြင်းမြေငလျင် အန္တရာယ်ရှိနိုင်သည်။ ထိုသို့ပင် ရန်ကုန်မြို့နှင့် သန်လျင်မြို့အနီးတွင်လည်း ဒေးဒရဲပြတ်ရွေ့ရှိနေသဖြင့် ငလျင်အန္တရာယ်ကို သတိပြုရန်လိုအပ်သည်ဟု ဘူမိကျွမ်းကျင်ပညာရှင်များက သတိပေးထားပါသည်။

ရန်ကုန်မြို့၏ လွန်ခဲ့သော နှစ် ၁၀၀ ခန့်က မြေငလျင်မှတ်တမ်းများကို ရှာဖွေလေ့လာဆန်းစစ်ကြည့်လျှင် (၁၁-၉-၇၀) အထိ အကြီးအကျယ် ငလျင်တစ်ကြိမ် လှုပ်ခဲ့ပြီး အင်အားအသင့်အတင့် ခြောက်ကြိမ်နှင့် အင်အားအနည်းငယ် ၁၅ ကြိမ် လှုပ်ခဲ့ပါသည်။

**အင်အားအသင့်အတင့်ရှိသော မြေငလျင်များ**

(၁) ၁၈၄၄ ခု ဇူလိုင်လ ၂၃ ရက်၊
(၂) ၁၈၅-၈၆ ခု ရန်ကုန်တွင် တိုက်အချို့ပြိုကျပျက်စီးသည်။
(၃) ၁၉၂၇ ခု ဒီဇင်ဘာ ၁၇ ရက် ရန်ကုန်တွင် တိုက်အချို့အက်ကွဲပျက်စီးသည်။
(၄) ၁၉၆၉ ခု ဖေဖော်ဝါရီလ ၉ ရက်နေ့ အချို့အဆောက်အအုံအက်ကွဲသည်။
(၅) ၁၉၇၀ ခု ဩဂုတ်လ ၂၀ ရက်နေ့၊
(၆) ၁၉၇၀ ခု စက်တင်ဘာလ ၉ ရက်နေ့ တိုက်အချို့ အက်ကွဲသည်။

ယင်းမြေငလျင်များ၏ ဗဟိုမှာ ရန်ကုန်အနီးတစ်ဝိုက်တွင် ဖြစ်ပါသည်။

**အင်အားအနည်းငယ်ရှိသော မြေငလျင်များ**

(၁) ၁၉၂၇ ခု စက်တင်ဘာလ ၁၀ ရက်နေ့၊
(၂) ၁၉၃၁ ခု မတ်လ ၂ ရက်နေ့၊
(၃) ၁၉၃၁ ခု မေလ ၁၆ ရက်နေ့၊
(၄) ၁၉၃၁ ခု မေလ ၂၁ ရက်နေ့၊
(၅) ၁၉၅၁ ခု ဖေဖော်ဝါရီလ ၉ ရက်နေ့၊
(၆) ၁၉၅၂ ခု ဇူလိုင်လ ၂၆ ရက်နေ့၊
(၇) ၁၉၅၃ခု ဧပြီလ ၄ ရက်နေ့၊
(၈) ၁၉၅၄ ခု မတ်လ ၂၂ ရက်နေ့၊
(၉) ၁၉၅၇ ခု အောက်တိုဘာလ ၁၈ ရက်နေ့၊
(၁၀) ၁၉၆၀ ခု ဇန်နဝါရီလ ၁၁ ရက်နေ့၊
(၁၁) ၁၉၆၀ ခု အောက်တိုဘာလ ၁၀ ရက်နေ့၊
(၁၂) ၁၉၆၃ ခု အောက်တိုဘာလ ၃၁ ရက်နေ့၊
(၁၃) ၁၉၆၃ ခု ဒီဇင်ဘာလ ၁ ရက်နေ့၊
(၁၄) ၁၉၆၄ ခု မတ်လ ၃၁ ရက်နေ့၊
(၁၅) ၁၉၆၄ ခု ဩဂုတ်လ ၁၇ ရက်နေ့၊

အထက်ပါ မြေငလျင်များအနက် အမှတ်စဉ် (၈) နှင့် (၁၁) မှအပ အခြားငလျင်များမှာ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် လှုပ်ခဲ့ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ကြီးကြီးကျယ်ကျယ် မြေငလျင်ဆို၍ (၁၉၃၀ ပြည့်နှစ် ပဲခူးမြေငလျင်မှအပ) အခြားမြေငလျင်များမှာ အသေအပျောက် အပျက်အစီး မရှိသလောက်နည်းပါးသည်ကို (အထက်ပါ မှတ်တမ်းများအရ) သိရှိရပါသည်။

၁၉၀၀ မှ ၁၉၆၅ ခုနှစ်အတွင်း ငလျင် (ဘီ)အမျိုးအစားတစ်ကြိမ် လှုပ်ခဲ့၍ (စီ) အမျိုးအစား (၁၀) ကြိမ်လှုပ်ရှားခဲ့သည်။ ၁၉၂၇ ခု ဒီဇင်ဘာလ ၁၇ ရက်နေ့ လှုပ်ခဲ့သော (ဘီ) အမျိုးအစားငလျင်ကြောင့် ရန်ကုန်တွင် အဆောက်အအုံအချို့ပျက်စီးခဲ့သည်။

ရန်ကုန်မြို့တွင် အကြီးမားဆုံးငလျင်ဆို၍ ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့ ပဲခူးငလျင်လှုပ်သည့်နေ့တွင် လှုပ်ခဲ့ပါသည်။ ပဲခူးတွင် လူ ၅၀၀ သေဆုံး၍ တိုက်များပြိုခဲ့ပြီး ရန်ကုန်တွင် လူ ၅၀ သေဆုံး၍ တိုက်များလည်း ပြိုခဲ့ပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ ငလျင်လှုပ်ရှားမှုများကိုလည်း ပြန်လည်ဆန်းစစ်ကြည့်လျှင် အေဒီ ၁၄၃၆ ခု၊ ကောဇာသက္ကရာဇ် ၇၉၈ ခုတွင် ပထမဆုံးအကြိမ် ငလျင်လှုပ်ခဲ့ပြီး ၃၀-၉-၇၅ ရက်နေ့တွင် (၁၆) ကြိမ်မြောက်အထိ ငလျင်လှုပ်ခဲ့ပါသည်။

ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မှာ (၃၂) ကြိမ်အထိ (၁၉၃၀ ပြည့်နှစ်အထိ) ငလျင်ဒဏ်ခံခဲ့ရဖူးပါသည်။ ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ဒေသတွင်ရှိသော မြေသားအောက်ခြေတွင် မြေကျွံမှုများ မကြာခဏ ဖြစ်ပေါ်တတ်သည်ဆိုပါသည်။

၁၉၂၇ ခု စက်တင်ဘာလ ၁၀ ရက်နေ့တွင် ငလျင်လှုပ်ပြန်သည်။ မွန်းတည့် ၁၂ နာရီ ၅ မိနစ်၊ ၁၂ နာရီ ၄၅ မိနစ်နှင့် ညနေ ၄ နာရီ ၂၅ မိနစ်တို့တွင် သုံးကြိမ်လှုပ်ခဲ့သော်လည်း ရွှေတိဂုံစေတီတော်တွင် အကြီးအကျယ် ပျက်စီးမှုမရှိခဲ့ပါ။ စေတီအထက်မှ ခေါင်းလောင်းအချို့သာ ပြုတ်ကျခဲ့သည်။ စေတီရံများတွင်လည်း အနည်းငယ်ပျက်စီးခြင်းမျှသာ ရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်နေ့မှစ၍ ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ငလျင်များလှုပ်ခဲ့သည်။ စက်တင်ဘာလ ၉ ရက်နေ့တွင် ထပ်မံလှုပ်သော ငလျင်မှာ အင်အားအတော်အတန်ကြီးမားသည်။ ထိုငလျင်ဒဏ်ကြောင့် ထီးတော်အထက်ပိန္နဲတိုင်မှာ အနောက်မြောက်ရာဟုထောင့်သို့ ၅ ဒသမ ၂ ဒီဂရီစောင်းသွားသည်။ စောင်းသွားသောနေရာမှာ ဖွန်းဘုံအထက် ဒုတိယဘုံဆင့်နေရာတွင် ဖြစ်သည်။

ဤသို့ ရွှေတိဂုံတွင် ငလျင်အကြိမ်ကြိမ်လှုပ်ရခြင်းမှာ ဘူမိဗေဒပညာရှင်တို့၏ အဆိုအရ သိင်္ဂုတ္တရကုန်းတော်၏ အရှေ့ဘက်ပေ ၆၀၀ ခန့်အကွာတွင် တောင်နှင့်မြောက်တန်းနေသော မြေအောက်ပြတ်ရွေ့တစ်ခုရှိသောကြောင့်ဟု သိရသည်။

၁၂၉၁ ခုနှစ်ကုန်၍ ၁၂၉၂ ခု ကဆုန်လဆန်း ၉ ရက်နေ့ (၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့) တနင်္လာနေ့ ည ၈ နာရီ ၁၅ မိနစ်အချိန်တွင် လှုပ်ခဲ့သော ရန်ကုန်ငလျင်သည် အတော်ပြင်းထန်သည်။ (ဒုတိယပဲခူးငလျင်) ဟုပင် ခေါ်ကြသည်။ ပဲခူးမြို့အနီးကို ဗဟိုပြုခဲ့ပြီး အင်အားရစ်ချ်တာစကေး ၈ ကျော်ရှိခဲ့သည်။

ရန်ကုန်ငလျင်သမိုင်းတွင် အပြင်းထန်ဆုံးငလျင်ဖြစ်ခဲ့ပြီး နောက်ဆက်တွဲငလျင်များလည်း လှုပ်ခဲ့သည်။ ထိုငလျင်ပြင်းစွာလှုပ်ခဲ့၍ ရွှေတိဂုံစေတီတော်၏ ထီးအထက်ပိန္နဲတိုင်ကျိုးသွားသည်။ ထီးတော်သည် အနောက်မြောက်ထောင့်သို့ ယိုင်သွားပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့သည် အနောက်မြောက်ထီးတော်ပေါ်သို့ တွဲလွဲကျသွားသည်။

ထိုနေ့တွင်ပင် ပဲခူးမြို့တွင် အပြင်းထန်ဆုံး ငလျင်လှုပ်ခဲ့သည်။ အင်အား ရစ်ချ်တာစကေး ၁၀ ရှိသည်။ စတုရန်းမိုင် ၂၂၀၀၀ ကို ထိခိုက်လှုပ်ခါသွားစေခဲ့သည်။ ထိုငလျင်ဒဏ်ကြောင့် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီးမှာလည်း ပျက်စီးသွားခဲ့ရသည်။

ပဲခူးမြို့ဈေး၊ ရုပ်ရှင်ရုံများလည်း ပြိုကျသွားသည်။ လူပေါင်း ၅၀၀ ကျော် သေဆုံးခဲ့သည်။ (အချို့မှတ်တမ်းများတွင် လူပေါင်း ၁၀၀၀ ခန့် သေဆုံး၍ တစ်သောင်းခန့် အိုးအိမ်မဲ့ဖြစ်သွားသည်ဟု ဆိုပါသည်။)

ပဲခူးမြို့မှာလည်း မြို့ပျက်သကဲ့သို့ ဖြစ်သွားသည်။ (အချို့ ပဲခူးငလျင်ကြီးသည် ရစ်ချ်တာစကေး ၇ ဒသမ ၃ အထိ ရှိခဲ့ပြီး (ရိုစီဖိုရယ် စကေး) အရ အဆင့် ၉ တွင် ရှိသည်ဟုဆိုပါသည်။) ထိုငလျင်ကြီးကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး တုန်ခါသွားခဲ့သည်။ မြန်မာနိုင်ငံတွင် လှုပ်ခဲ့သောငလျင်များအနက် အသေအပျောက်နှင့် အပျက်အစီးအများဆုံးဖြစ်သည်။

ပဲခူးမြို့ရှိ တိုက်တာအဆောက်အအုံအားလုံးနီးပါး ပြိုကျခဲ့သည်။ ငလျင်လှုပ်ကြောင်းကို မြိတ်၊ ကျောက်ဖြူ၊ ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံအထိ သိရှိကြသည်။ နောက်ဆက်တွဲဖြစ်ရပ်အဖြစ် ပဲခူးတွင် မီးလောင်ကျွမ်းမှုဖြစ်ခဲ့သည်။

၁၉၂၇ ခုနှစ်နှင့် ၁၉၂၉ ခုနှစ် ရန်ကုန်ငလျင်တို့သည် ကြောက်မက်ဖွယ်ငလျင်ကြီးများ၏ ရှေ့ပြေးများဖြစ်နိုင်သည်ဟု မှန်းဆယူဆချက်ရှိခဲ့သည်။ သို့နှင့်ပင် ရန်ကုန်မြို့တွင် အကြီးမားဆုံးငလျင်ကို ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့ ပဲခူးမြေငလျင်လှုပ်သည့်နေ့တွင်ပင် လှုပ်ခဲ့ပါသည်။ (၁၉၇၀ ခု ဩဂုတ်လ ၂၀ ရက်နေ့) ၁၃၃၂ ခု ဝါခေါင်လပြည့်ကျော် ၃ ရက် ကြာသပတေးနေ့ ည ၉ နာရီခန့်တွင်လည်း ရန်ကုန်ကမ္ဘာအေးမြေငလျင်တိုင်းတာရေးစခန်းကို ဗဟိုပြု၍ ၁၁ မိုင်ဝန်းကျင် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း မြေငလျင် ခြောက်ကြိမ် (သို့မဟုတ်) ရှစ်ကြိမ် (သို့မဟုတ်) ကိုးကြိမ်အထိ တုန်လှုပ်သွားခဲ့ပါသည်။

တစ်ကြိမ်တွင် ၂ စက္ကန့်မှ ၃ စက္ကန့်အထိကြာပြီး ရန်ကုန်မြို့၏ တောင်ဘက်မှ မြောက်ဘက်သို့ လှုပ်ရှားသွားသည်ဟု သိရပါသည်။ (၂၄-၂-၂၀၁၆) ရက်နေ့ နံနက် ၇ နာရီ ၄၂ မိနစ်တွင် ရန်ကုန်မြို့၏တောင်ဘက် ၄၈ မိုင်အကွာ ပင်လယ်ဝကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့သည်။

ပြင်းအား ရစ်ချ်တာစကေး ၄ ဒသမ ၄ ရှိခဲ့သည်။ ယင်းငလျင်လှုပ်ရှားမှုကို ရန်ကုန်မြို့တွင်းရှိ မြို့နယ်အများစုတွင် သိသိသာသာ ခံစားခဲ့ရသည်။

ငလျင်ဗဟိုချက်နေရာမှာ စစ်ကိုင်းပြတ်ရွေ့ (ပဲခူးအပိုင်း) နှင့် မိုင် ၃၀ ခန့်သာ ကွာဝေးခဲ့သည်။ ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့အနီးရှိ ဒေးဒရဲပြတ်ရွေ့နှင့်လည်း မိုင် ၂၀ ကျော်သာ ကွာဝေးခဲ့သည်ဟု ဘူမိဗေဒပညာရှင်အချို့က ဆိုပါသည်။

အန္တရာယ်ကြီးကြီးမားမားမရှိသော်လည်း စစ်ကိုင်းပြတ်ရွေ့ (ပဲခူးအပိုင်း)တွင် ငလျင်ကြီးများ အချိန်မရွေးလှုပ်ခတ်နိုင်ခြေရှိသဖြင့် သတိပြုနေထိုင်ကြရန်နှင့် ရန်ကုန်မြို့နှင့် သန်လျင်မြို့အနီးတွင်လည်း ဒေးဒရဲပြတ်ရွေ့ရှိနေသဖြင့် ငလျင်အန္တရာယ်ကို သတိပြုရန်လိုအပ်သည်ဟု ဘူမိကျွမ်းကျင်ပညာရှင်များက သတိပေးထားပါကြောင်း တင်ပြလိုက်ရပါသည်။ ॥

**ထိုငလျင်ကြီးကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး တုန်ခါသွားခဲ့သည်။ မြန်မာနိုင်ငံတွင် လှုပ်ခဲ့သော ငလျင်များအနက် အသေအပျောက်နှင့် အပျက်အစီးအများဆုံးဖြစ်သည်။ ပဲခူးမြို့ရှိ တိုက်တာ အဆောက်အအုံအားလုံးနီးပါး ပြိုကျခဲ့သည်။ ငလျင်လှုပ်ကြောင်းကို မြိတ်၊ ကျောက်ဖြူ၊ ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံအထိ သိရှိကြသည်**




**တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ အစီအစဉ်အရ မွန်ပြည်နယ် မော်လမြိုင်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်မိုး ဦးဆောင်သည့် လေ့လာရေးအဖွဲ့သည် တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်ကျင်းမြို့သို့ လေ့လာရေးခရီး သွားရောက်ရန် အောက်တိုဘာ ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူနှင့်အတူ တွေ့ရစဉ်**
မော်လမြိုင် (ကိုယ်ပွား)

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဒီဇိုင်းသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေး

**မြိတ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ လူငယ်များ အသက်မွေးဝမ်းကျောင်း ပညာ အလွယ်တကူသင်ယူနိုင်ရေး၊ သင်ကြားပေးသည့် ပညာရပ်များဖြင့် မိမိဘဝ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးနှင့် လူငယ်များ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များဖြင့် ဒီဇိုင်းပညာ သင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြိတ်မြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ အောက်တိုဘာ ၁၁ ရက်က အခမဲ့ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခင်ဝင်းကြည်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာမ ဒေါ်သက်စုဝေက သင်ကြားပေးမည့် သင်ခန်းစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းစတင်ပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် အရောင်ခွဲခြားခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းအတတ်ပညာ၊ မြန်မာမှုဒီဇိုင်းများနှင့် အခြေခံပုံဆွဲပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊



သင်တန်းသို့ မြို့ပေါ်မှ လူငယ် သင်တန်းသား သင်တန်းသူ ၁၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်)**

# အာရှဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေး အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

အာရှဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေး အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ကရဝိက်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ရေချမ်းနှင့် သစ်သီးဆွမ်းတို့ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဓမ္မရောင်ခြည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် ထိုင်း၊ ကိုရီးယား၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ သီရိလင်္ကာနိုင်ငံတို့မှ ဦးဆောင်ဆရာတော်များက ဩဝါဒကထာများ မိန့်ကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော အာရှဗုဒ္ဓဘာသာဝင်များအသင်း ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသည် ဗုဒ္ဓတရားတော်များကို အလေးအနက်ထား ချစ်မြတ်နိုးကြသော မိမိတို့ ဗုဒ္ဓဘာသာဝင်များအဖို့ မင်္ဂလာရှိ၍ ကြိုဆိုရမည့် အခမ်းအနားဖြစ်ကြောင်း၊ အသင်းကြီး၏ အမည်နာမအောက်၌ မိမိတို့



အားလုံး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် တက်ညီလက်ညီ ကြိုးစားနိုင်ကြပြီဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း၊ ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို တည်ထောင်နိုင်ကြပြီဖြစ်ပါကြောင်း၊ လုံခြုံစိတ်ချရပြီး ညီမျှသော လူမှုဘဝထူထောင်ရရှိနိုင်ရန်အတွက် တစ်စုံတစ်ရာ တွန့်ဆုတ်ခြင်းမရှိဘဲ မိမိတို့အားလုံးပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နိုင်ရမည်ဖြစ်ကြောင်း၊ ဘာသာရေးကို ခုတုံးလုပ်လျက် အစွန်းရောက်အကြမ်းဖက်ဝါဒအားလုံး၊ မဟုတ်မမှန် သတင်းဖြန့်ချိမှုအမျိုးမျိုး၊ ပဋိပက္ခနှင့် စစ်ပွဲများ အပြင် ယင်းသို့မတရားသော လုပ်ဆောင်ချက်များကို ထောက်ခံအားပေးနေမှုများကိုလည်း ဝေဖန်ရှုတ်ချနိုင်ကြပြီဖြစ်ပါကြောင်း။

ထို့အပြင် ဗုဒ္ဓဘာသာခေါင်းဆောင်များသည် ဗုဒ္ဓဒေသနာတော်များ၏ အကူအညီဖြင့် ညီညွတ်မျှတသော လူမှုအဆောက်အအုံကို တည်ထောင်ရန် ကြိုးစားအားထုတ်နိုင်ကြပြီဖြစ်ပါကြောင်း၊ တစ်ကမ္ဘာလုံးငြိမ်းချမ်းလုံခြုံ ကြီးပွားတိုးတက်ရေးအတွက် အခြားကိုးကွယ်မှုဘာသာအမျိုးမျိုးက ညွှန်ပြသော တာရှည်ခံသည့် ငြိမ်းချမ်းရေးတန်ဖိုးများကို အသိအမှတ်ပြုခြင်းအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အခမ်းအနားအောင်မြင်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသည့် ဦးဆောင်ဆရာတော်များက ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒေါက်တာခင်ရွှေတို့အား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ဒေါက်တာခင်ရွှေတို့က အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး အခမ်းအနားဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးဒဏ်ခံစားရသည့် ပြည်သူများကို မြန်မြန်ဆန်ဆန်ထောက်ပံ့မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့

**မန္တလေး အောက်တိုဘာ ၁၃**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး မဟာအောင်မြေမြို့နယ်ရှိ Hotel Mandalay ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် ကျင်းပသည့် သဘာဝဘေးလျှော့ပါးရေး ကမ္ဘာလုံးဆိုင်ရာ ညီလာခံကြီးက ချမှတ်လိုက်သည့် ရည်မှန်းချက်ပန်းတိုင် ဒုတိယအချက်ဖြစ်သည့် ဘေးသင့်ပြည်သူ လျော့ချရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့၏ ဆောင်ပုဒ်မှာ (Home Safe Home) "ထိတွေ့ဘေးဒဏ်လျှော့ချမှု၊ လုံခြုံစိတ်ချ တို့ဘဝ" ဆိုသည့် ခေါင်းစဉ် ဖြစ်ပါကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသည့် ပြည်သူများကို လတ်တလောသက်သာချောင်ချိရေးအတွက် မြန်မြန်ဆန်ဆန် ထောက်ပံ့မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ Area Coordinator ဦးအောင်လင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပူးပေါင်းပါဝင်ခဲ့ကြသည့် အဖွဲ့အစည်းများအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။ ထို့နောက် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသ၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြခန်းနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**





# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြုံတွေ့ခံစားနေရပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကိုလျှော့ချနိုင်ရန် ဘေးအန္တရာယ်နှင့် ပတ်သက်သောအသိပညာ၊ အတွေ့အကြုံ ဗဟုသုတများကိုသိရှိနားလည်ပြီး တုံ့ပြန်ဆောင်ရွက်မည်ဆိုပါက ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် နံရံဆေးရေးပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး (ဝဲပုံ)အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းနှင့် သဘာဝဘေး အသိပညာပေးပြခန်းတို့ကို ကြည့်ရှု အားပေးကြသည်။

ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂရုံးမှ ယခု နှစ်အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အတွက် "ထိတွေ့ဘေးဒဏ်လျှော့ချမှု၊ လုံခြုံစိတ်ချ တို့ဘဝ"(Home Safe Home) ဆောင်ပုဒ်ကို သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ INGO၊ NGO များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကလေးစာပေပွဲတော် (မုံရွာ)ဖွင့်ပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မုံရွာတက္ကသိုလ်(ဘက်စုံခန်းမ)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ကလေးစာပေပွဲတော်ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက " ကလေးစာပေပွဲတော် Theme Song " သီချင်းဖြင့် တေးသရုပ်ဖော်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ကလေးစာပေပွဲတော်တွေကျင်းပနေခြင်းဟာ ကလေးများ ပျော်ရွှင်မှုနဲ့အတူ စာဖတ်ဝါသနာ ကိန်းအောင်းသွားစေဖို့ ရည်ရွယ်ပါတယ်။ တစ်နည်းအားဖြင့် ကလေးများကို ပြုစုပျိုးထောင်တာဖြစ်ပါတယ်။ ကလေးများကို အများကိစ္စတွေမှာ ပါဝင်တတ်တဲ့ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိတဲ့ ကလေးများဖြစ်အောင် ပြုစုပျိုးထောင်တာ ဖြစ်ပါတယ်။ ကလေးများကို စာဖတ်တဲ့ဝါသနာရသွားပြီးနောက် ရာသက်ပန် ဆည်းပူးလေ့လာလိုက်စားပြီး အရည်အချင်းပြည့်ဝသည့် လူလတ်များ၊ လူကြီးများဖြစ်လာဖို့ရည်ရွယ်ပြီး ကျင်းပနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အနာဂတ်မြန်မာနိုင်ငံရဲ့ နိုင်ငံ့သားကောင်းများ၊ အရည်အချင်းပြည့်ဝသော နိုင်ငံသူ နိုင်ငံသားများဖြစ်အောင် ပြုစုပျိုးထောင်ဖို့ ရည်ရွယ်ချက်နဲ့ ကလေးစာပေပွဲတော်တွေကို ကျင်းပနေခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပါရမီကိုယ်ပိုင်ကျောင်းမှ ကျောင်းသူသုံးဦးက " အပျိုတော်ယိမ်းအက "သီချင်းဖြင့် လည်းကောင်း၊ အထက(၃) မုံရွာမှ ကျောင်းသူ ရှစ်ဦးက " မင်္ဂလာပါ" သီချင်းဖြင့် လည်းကောင်း၊ အလက(ခွဲ) ချင်းစုမှ ကျောင်းသူ ၁၆ ဦးက " စစ်ကိုင်းသူ အလှဘုရင်မ" သီချင်းဖြင့် လည်းကောင်း၊ အမက ညောင်ပင်ဈေးကျောင်းသူကိုးဦးက " ရွှေဘိုသနပ်ခါး" သီချင်းဖြင့် လည်းကောင်း၊ အလက(ခွဲ) ကူးတို့ကုန်းမှ ကျောင်းသားလေးများက " ဒိုးပတ်ဝိုင်း" ဖြင့်လည်းကောင်း၊ အထက(၂) မုံရွာမှ ကျောင်းသူလေးများက " ဖြော" သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

မုံရွာမြို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် ပြပွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ- အောင်မင်းဟန်**



# ကလေးစာပေပွဲတော် ပထမနေ့လာရောက်သူများဖြင့် စည်ကားများပြား

**မုံရွာ အောက်တိုဘာ ၁၃**
ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ပထမနေ့ကို မုံရွာမြို့ မုံရွာတက္ကသိုလ်(ဘက်စုံခန်းမ)၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနား စတင်ချိန် နံနက်ပိုင်းမှ ပြပွဲသိမ်းချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။



အဆိုပါပွဲတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ် ၃၆ ခု၊ မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းမှ ရုပ်သေးအက၊ မျက်လှည့်နှင့် ကျောက်ဆည်မြို့ရိုးရာဆင်အကအဖွဲ့ (ဉာဏ်လင်းထက်)တို့က ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာသူများက တစ်ခဲနက် အားပေးခဲ့ကြသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပွဲတော်လာကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပဟေဠိပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း (ဗိုလ်-မြန်မာစာ)က "စာအုပ်စာပေကလေးတို့ရဲ့ မိတ်ဆွေ" စာရေးဆရာမဒေါ်မြမြဆွေ (မြမြဆွေ-စိတ်ပညာ)က "စာပေဖွံ့ဖြိုးလူငယ်အကျိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် ဦးဖေသန်း(နေမင်းသန်း)၊ ဦးတင်အောင် (ခြိမ့်သဲ)၊ ဦးသိုက်စိုးထွန်း(သိုက်စိုးထွန်း-နတ်ရွာ)၊ ဦးဝေဖြိုးဆင့် (ထူးအောင်ဝင့်)၊ ဦးကျော်သက်ခိုင် (ကျော်သက်ခိုင်-မုံရွာ) တို့က "စာဖတ်အကျင့်၊ တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက်၊ ကလေးတို့အတွက်" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို လည်းကောင်း ကျင်းပခဲ့ရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။

စာပေပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများအား စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စတုဒိသာကျွေးမွေးခြင်း၊ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ရေသန့်နှင့် မုံရွာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် စေတနာရှင်ပြည်သူများက အအေးနှင့် မုန့်မျိုးစုံ၊ PREMIER မှ ကွေကာနှင့် နို့အေးများကို ပွဲတော်လာကလေးများအား တိုက်ကျွေးသည်။

ကလေးစာပေပွဲတော် မုံရွာတွင် ပညာပေးပြခန်း ၃၆ ခန်းခင်းကျင်းပြသထားပြီး စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချလျက်ရှိကာ ကလေးစာပေနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ အများဆုံးရောင်းရကြောင်း သိရှိရသည်။ **အောင်မင်းဟန်**

# ဆင်အကအလှဖိတ်ခေါ် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်

**ကျောက်ဆည် အောက်တိုဘာ ၁၃**
ကျောက်ဆည်မြို့ဆင်ပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင်များအား ဖိတ်ခေါ်ပြီး ဓာတ်ပုံပြိုင်ပွဲကျင်းပခဲ့ရာ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ဖောင်ရွာရပ်ကွက်ရှိ ရတနာသိမ်ကျောင်းဓမ္မာရုံတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများအားရွေးချယ်ပြီး ဆုပေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဓာတ်ပုံပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၆၄ ဦးက ပြိုင်ပွဲပုံအရေအတွက် ၃၆၈ ပုံ အရွေးချယ်ခံယှဉ်ပြိုင်ကြရာ အမှတ်ပေးဒိုင်များအဖြစ် မန္တလေးမြို့မှ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသော ဦးမြကျော် (ယမင်းသူဇာ)၊ ဦးဘသန်း (ခတ္တိယ)၊ ညောင်ဦးသန်းဌေး၊ ဒေါက်တာ မောင်မောင်ကြီး၊ ဦးမျိုးသန့်(စိန်)တို့က အမှတ်ပေးအကဲဖြတ်ကြပြီး ပထမဆုအဖြစ် ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုအား ငွေကျပ်တစ်သိန်းစီဆုများ ချီးမြှင့်ခဲ့ရာ ပထမဆု အောင်ကြီးမြင့်၊ ဒုတိယ နန်းထိုက်သူ၊ တတိယရွှေပြည်သစ်တို့ ဆွတ်ခူးရရှိကြပြီး အဆိုပါပြိုင်ပွဲကို ဆင်ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ကျောက်ဆည်မြို့ဓာတ်ပုံအသင်းတို့မှ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရှိရသည်။ **သက်မောင်**

**နေရာ ကွက်၍ မိုးကြီးနိုင်**

**နေပြည်တော် အောက်တိုဘာ ၁၃** ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

# မသန်စွမ်းကလေးငယ်များအား Wheel Chairs များပေးအပ်

**မင်းပြား အောက်တိုဘာ ၁၃**
ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံးမှ မင်းပြားမြို့နယ်အတွင်း မသန်စွမ်းကလေးငယ်များအား အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၃ ရက်က မင်းပြားမြို့ လောကမုနိပြည်လုံးချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်မသန်စွမ်းသူများအစည်းအရုံးဥက္ကဋ္ဌ ဦးလှမြင့်က မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများမှ မသန်စွမ်းကလေးငယ်များအား ကျန်းမာရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး Wheel Chairs ၁၀ လုံးအား တာဝန်ရှိသူများအား ပေးအပ်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှု ရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများတက်ရောက်ပြီး ယခုလှူဒါန်းခြင်းသည် ဒုတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# စုဆုံနွဲပျော်---ကလေးစာပေပွဲတော်

**မျိုးဝင်းထွန်း(မုံရွာ)**

**မုံရွာ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ကလေးဦးရေ များစွာဖြင့် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများထဲမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ၏ဇနီး၊ ကျောင်းသား ကျောင်းသူမိဘများ၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်စသည့် လူထုလူတန်းစားအလွှာအသီးသီး၏ မုံရွာ ကလေးစာပေပွဲတော်အပေါ် အမြင်များ၊ ရှေ့အလားအလာ မျှော်လင့်ချက်များကို မေးမြန်းဖြစ်ခဲ့ပါသည်။**

**ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်**
**(တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

ကျွန်တော်တို့ မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးကို အခုကလေးစာပေပွဲတော်က တွန်းအားပေးပါတယ်။ ကလေးတွေအနေနဲ့ ကိုယ်မျှော်မှန်းသလို စာပေတွေကို လိုက်စားမယ်ဆိုရင် အရင်ကထက် ပိုကောင်းမွန်လာပါမယ်။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအပေါ် နောင်မှာ လူကြီးတွေဖြစ်လာမယ့် ကလေးတွေ နားလည်သိရှိဖို့ လိုက်နာဆောင်ရွက်ဖို့ဟာ စာဖတ်ဖို့အသိဉာဏ်ပညာကြီးဖို့ လိုပါတယ်။ အရင်ကလို ကြီးနိုင်ငယ်ညှဉ်း စိတ်ဓာတ်တွေ နည်းပါးသွားစေဖို့ ဒီလိုပွဲမျိုးက တွန်းအားပေးတယ်လို့ မြင်ပါတယ်။ အခုလို တိုင်းဒေသကြီး မြို့တော်မှာသာမကဘဲ ကျေးလက်လူတန်းစားနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ မြို့ငယ်လေးတွေမှာလည်း ကလေးစာပေပွဲတော်လေးတွေ ကျင်းပပေးနိုင်ရင် ကောင်းပါတယ်။

**ဒေါ်တင့်တင့်(စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ဇနီး)**

ကလေးတွေ ပျော်အောင်လုပ်ပေးတဲ့ပွဲ ဗဟုသုတရအောင် လုပ်ပေးတဲ့ပွဲလို့မြင်ပါတယ်။ ကလေးတွေအနေနဲ့ကလည်း ဖွင့်ပွဲမှာမြင်ရတာ စိတ်ဝင်စားကြပါတယ်။ ကလေးတွေအတွက် စာဖတ်ချင်လာအောင်အပြင် လက်မှုအတတ်ပညာ ဉာဏ်စွမ်းရည်ပြိုင်တာ၊ ကာယစွမ်းရည်ပြိုင်တာ အနုပညာစိတ်ဝင်စားသွားအောင် လုပ်ပေးနေတာတွေဟာ အားရကျေနပ်စရာပါ။ ဒါတွေ ငါတို့ လုပ်ရင်ရတာပဲ ဆိုတဲ့စိတ်တွေ ကလေးတွေမှာ ဝင်သွားစေတယ်လို့ မြင်ပါတယ်။ မိဘတွေကိုယ်စား ပြောချင်တာက မိဘတွေအနေနဲ့ လမ်းကြောင်းပေးရာမှာ မှန်မှန်ကန်ကန်နဲ့ ပို့ပေးကြပါလို့ မှာချင်ပါတယ်။ ကလေးတွေ စာမတတ်စာမဖတ်လို့ မဖြစ်ဘူးဆိုတာကို မိဘတွေက သိအောင်လုပ်ပေးဖို့ လိုပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ ပညာပြည့်ဝမှ အရာရာပြည့်စုံလွှမ်းမိုးနိုင်မှာပါ။

**ဒေါက်တာဝင်းနိုင်**
**မုံရွာတက္ကသိုလ်ပါမောက္ခချုပ်**

မုံရွာတက္ကသိုလ်ထဲမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်တဲ့ ကလေးစာပေပွဲတော်ဖြစ်ပါတယ်။ မုံရွာတက္ကသိုလ်ထဲမှာ ကျင်းပခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ ဒီကနေ့ ကလေးလူငယ်လေးတွေဟာ တစ်နေ့မှာ တက္ကသိုလ်ထဲကို ရောက်ရှိလာကြမှာဖြစ်တဲ့အတွက် တက္ကသိုလ်ရဲ့အရိပ် တက္ကသိုလ်ရဲ့ အရိပ်အာဝါသအောက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကလေးစာပေတွေကို လေ့လာခွင့်ရတဲ့အတွက် မုံရွာနဲ့ စစ်ကိုင်းတိုင်းထဲက ကလေးတွေအတွက် အများကြီး အကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အနာဂတ်မှာ ဦးဆောင်ပေးနိုင်မယ့် ကလေးတွေကို အကျိုးရှိစွာ ဆောင်ရွက်ပေးတဲ့အပေါ် မုံရွာတက္ကသိုလ်ကပါဝင်ခွင့်ရတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ကလေးတွေအနေနဲ့ ဒီပွဲတော်လာခြင်းအားဖြင့် စာအုပ်စာပေတွေကို ကြည့်ချင်ဖတ်ချင်တဲ့စိတ်တွေ ကိန်းအောင်းလာစေသလို အစုလိုက်အဖွဲ့လိုက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရလာတဲ့အတွက် ပိုပြီး စည်းလုံးပျော်ရွှင်စေတဲ့ အကျိုးကျေးဇူးတွေ လက်ငင်းရရှိနေတာ မြင်ရပါတယ်။ စာအုပ်တွေထဲက အရုပ်ပဲဖြစ်ဖြစ်၊ စာပဲဖြစ်ဖြစ် စကြည့်ရင်းနဲ့ စာဖတ်မှုဗဟုသုတ ပညာရှိလာမယ်ဆိုတဲ့ စာဖတ်ချင်စိတ်ရှိလာအောင် လှုံ့ဆော်ပေးရာလည်း ရောက်ပါတယ်။ အခုလို ကလေးစာပေပွဲတော်တွေကို နေရာအနှံ့မှာ အချိန်ယူကျင်းပပေးနိုင်မယ်ဆိုရင် ဒီကို မရောက်ရှိနိုင်တဲ့ ကလေးတွေ လေ့လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးကျော်သက်ခိုင်(မုံရွာခရိုင်မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းအတွင်းရေးမှူး)**

ကလေးစာပေပွဲတော်မှာ ကလေးတွေရဲ့ ပျော်ရွှင်မှုနဲ့အတူ ကလေးတွေရဲ့ဘဝ အနာဂတ်အိပ်မက်ကို ဖော်ထုတ်ပေးတဲ့ပွဲပါ။ ကလေးတွေရဲ့ လက်ရှိဘဝဖြစ်တဲ့ ငြိမ်းချမ်းရေးလွတ်လပ်မှု ပညာရေးပန်းတိုင်ခရီးကို အခု ကလေးစာပေပွဲတော်က ဖော်ဆောင်ပေးလိုက်တဲ့ဗဟုသုတ အသိဉာဏ်ပညာတွေ စာအုပ်ဖတ်၊ ပန်းချီကားကြည့်ရတာတွေဟာ ကလေးတွေရဲ့ အနာဂတ်ဘဝပန်းတိုင်ကို ချီတက်ဖို့ အင်အားတွေပါ။ ကလေးစာပေပွဲတော်ကြီးဟာ တစ်နှစ်တစ်ခါတည်းသာမဟုတ်ဘဲ နှစ်စဉ်မပြတ် တိုင်းဒေသကြီးနဲ့ ခရိုင်အဆင့်ဆင့်မှာ ပွဲတွေ ဆက်လုပ်ဖို့ မျှော်လင့်ပါတယ်။

**မဝင်းလဲ့လဲ့လမင်း(နဝမတန်း -SEC- ကိုယ်ပိုင်အထက်တန်းကျောင်း)**

အလွန်ပျော်ပါတယ်။ ကျောင်းစာအပြင် အထွေထွေဗဟုသုတအသိ ရပါတယ်။ ဒါမျိုး ကလေးစာပေပွဲတော်ကို တစ်နှစ် တစ်ကြိမ်လောက် လုပ်စေချင်ပါတယ်။ အရင်က ကျောင်းအတူတူတက်ခဲ့ရတဲ့ သူငယ်ချင်းတွေ တွေ့ရလို့ ပျော်သလို အရင်က မဖတ်ဖူးခဲ့တဲ့စာတွေ ဖတ်ခွင့်ရတဲ့အတွက် အလွန်ပျော်ပါတယ်။ ကလေးတွေအတွက် ပန်းချီပြိုင်ပွဲ စက္ကူခေါက်ပြိုင်ပွဲတွေ လုပ်ပေးတာတွေ့ရပြီး မျက်နှာဆေးရောင်ခြယ်တာ ကယ်ရီကေးချား လက်တွေ့ဆွဲတာ စတာတွေကို မြင်ရတွေ့ရတော့ အားရကျေနပ်ပါတယ်။

**ဒေါ်ခင်နှင်းဆွေ(အမှတ်၁၈ အခြေခံပညာမူလတန်းကျောင်း)**

ကလေးတွေ ဒီကလေးစာပေပွဲတော်လာတဲ့အတွက် ဗဟုသုတတွေ အများကြီးရမှာပါ။ ကလေးတွေ ပိုပြီးလွတ်လပ်ခွင့် ပိုရလာတယ်လို့ ခံစားရပါတယ်။ ကလေးတွေ စာတွေပိုဖတ်လာမယ်လို့လည်း မြင်ပါတယ်။ ဒီလိုပွဲမျိုး တစ်နှစ်တစ်ခါ လုပ်ရင်ကောင်းပါတယ်။ ကလေးတွေအနေနဲ့ ဒီလိုပွဲကနေ ဆက်ဆံပေါင်းသင်းရေးမှာ ပိုကောင်းလာနိုင်သလို ကလေးအချင်းချင်းကနေ ဗဟုသုတတွေ ဖလှယ်တတ်လာမယ်လို့ထင်ပါတယ်။

**ဒေါ်အေးအေးသန်း**
**(မုံရွာမြို့ရန်ကင်းရပ်ကွက်)**

ကလေးတွေပျော်တာမြင်တော့ ကိုယ်ပါပျော်ပါတယ်။ အခုလိုပွဲမျိုး တစ်ခါမှမကြုံဖူးတော့ ကလေးတွေမပြောနဲ့ ကိုယ်တောင်အထူးအဆန်းဖြစ်ပြီးပျော်နေတာပါ။ အခုလို လာလုပ်တာကောင်းပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဒုတိယတန်းနဲ့ စတုတ္ထတန်း ကလေးတွေကို လိုက်ပို့တာပါ။ အခုလိုပွဲမျိုး နောက်ထပ်လုပ်ပေးပါလို့ ပြောချင်ပါတယ်။

**ဒေါ်လှမြင့်(စည်သာလေးရွာ -ကျောက်ကာရွာအနီး-မုံရွာမြို့နယ်)**

အသက် (၆၀)ရှိပါပြီ။ ဒါမျိုးပွဲတစ်ခါမှ မကြုံဖူးဘူး။ စည်သာလေးရွာကနေ လာကြတာပါ။ ရွာကျောင်းက ကျောင်းအုပ်ကြီး ဦးဆောင်တဲ့ ကလေး ၁၀၀ ကျော်နဲ့ လိုက်လာကြတာပါ။ လူစုံမြင်ရတော့ ပျော်ပါတယ်။ ကလေးတွေ မြင်ရတာ အတိုင်းမသိကို ဝမ်းသာတယ်။ ဒီလောက်များပြီး ပျော်နေတဲ့ကလေးတွေ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ကြိမ် မြင်ဖူးတာပါ။ အတော်ပီတိဖြစ်မိတယ်။ ဒုတိယတန်းမှာရှိတဲ့ ကျွန်မမြေးလေးက မိဘမရှိရှာတော့ အခုလိုပွဲမျိုး ရောက်ဖူးစေချင်တာလည်း ပါပါတယ်။ မြေးလေး ပျော်ပါစေဆိုတဲ့စိတ်နဲ့ လိုက်လာတာပါ။

**ဆရာဦးအောင်ဆွေ**
**(အမှတ် (၆) အထက်တန်းကျောင်း- ကျောင်းအုပ်ကြီး)**

ဒီပွဲတော်က ကလေးတွေအတွက် ပျော်ပွဲရွှင်ပွဲ တစ်နည်းအားဖြင့်ပြောရရင် ကလေးတွေရဲ့ အစွမ်းအစကို ထုတ်ဖော်ပြသတဲ့ပွဲပါ။ ဒီမှာ လေ့လာစရာရှိတာ၊ ယှဉ်ပြိုင်စရာရှိတာတွေကို လာရောက် စုဆုံပြုလုပ်တဲ့ ပွဲတော်လို့မြင်မိပါတယ်။ စီစဉ်ဆောင်ရွက်ကြသူ အားလုံး စုပေါင်းလုပ်တာဟာ စစ်ကိုင်းတိုင်းဒေသကြီး အတွက် အင်မတန်ကောင်းတဲ့ ပွဲတော်ပါ။

စာပေပွဲတော်နဲ့ စာအုပ်ဈေးရောင်းပွဲတော် ပါတဲ့အတွက် ကိုယ်လိုတဲ့ စာအုပ်စာပေကို ဝယ်ယူခွင့်ရသလို ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးအတွက် ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲတွေဟာ ကိုယ့်အစွမ်းအစကို ထုတ်ပြရတဲ့ပွဲဖြစ်တဲ့အတွက် ကလေးတွေ အားအများကြီးဖြစ်စေပါတယ်။

**ဒေါ်စောကလျာဆွေ**
**(မုံရွာမြို့-သာစည်လမ်း)**

Grade 2 မှာ တက်နေတဲ့သမီး ကျောင်းက လာတဲ့အတွက် လိုက်လာတာပါ။ တော်တော်ကို ပြည့်ပြည့်စုံစုံ စီစဉ်ထားတာ အားရစရာပါ။ ဖျော်ဖြေရေးအပိုင်း တင်ဆက်တဲ့ အပိုင်းကလေးတွေအတွက် ဘက်ပေါင်းစုံက စီစဉ်ထားတာ အားရစရာပါ။ စည်စည်ကားကား ရှိတာလည်း တွေ့ရပါတယ်။ ကလေးတွေအတွက် ပြည့်စုံအောင် လုပ်ပေးထားတာ ကောင်းပါတယ်။ ကလေးတွေက ဒါမျိုးလေးတွေ ကြိုက်တာလေ။ သမီးက သုံးရက်စလုံး လာချင်တာဆိုတော့ ကျွန်မအနေနဲ့ ကြုံတောင့်ကြုံခဲဆိုတော့ ပို့ပေးမှာပါ။ သမီးတကယ်လုပ်ချင်တာက ကွန်ပျူတာတို့၊ ဂိမ်းဆော့တာတို့ကို ဆော့ချင်တဲ့အတွက် သုံးရက်စလုံး လိုက်ပို့ဖို့ ကြိုပြောထားတော့ လိုက်ပို့ပေးမှာပါ။ နောင်အလားအလာကောင်းတွေဖြစ်တဲ့ စာဖတ်စွမ်းရည်တွေ ပိုကောင်းလာစေမှာဖြစ်သလို အများနဲ့လုပ်တာတွေ အကြောင်းစုံ သိသွားစေပါတယ်။


ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်


ဒေါ်တင့်တင့်


ဒေါက်တာဝင်းနိုင်


ဦးကျော်သက်ခိုင်


ဆရာဦးအောင်ဆွေ


ဒေါ်ခင်နှင်းဆွေ


ဒေါ်အေးအေးသန်း


ဒေါ်လှမြင့်


ဒေါ်စောကလျာဆွေ



မဝင်းလဲ့လဲ့လမင်း

# ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာနှင့် UNA အဖွဲ့ မောင်တောဒေသခံများအား သွားရောက်တွေ့ဆုံအားပေး

**မောင်တော အောက်တိုဘာ ၁၃**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) တို့သည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့၌ မောင်တောဒေသခံများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။ **(ယာပုံ)**

ဒေါက်တာချမ်းသာနှင့် UNA အဖွဲ့သည် ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများ၊ မင်္ဂလာမြို့ဦးကျောင်းတိုက်နှင့် မြို့မကျောင်းတို့တွင် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် တိုင်းရင်းသားဒေသခံများအား သွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ဒေသခံများက ၎င်းတို့ ကြုံတွေ့ခဲ့ရသည်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ဒေါက်တာချမ်းသာနှင့်အဖွဲ့သည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံ၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(ကျီးကန်းပြင်)သို့ သွားရောက်ကာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြင့်တိုးနှင့်တွေ့ဆုံ၍ လုံခြုံရေးအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

" UNA မဟာမိတ်အဖွဲ့မှာ ရခိုင်ပါတီ၊ မြိုပါတီစတဲ့ ဒီဒေသက ပါတီတွေပါရှိတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေကို ထပ်တူစာနာတဲ့အနေနဲ့ လာပြီးအားပေးကြတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တတ်နိုင်တဲ့ဘက်က ကူညီဖို့အစီအစဉ်ရှိပါတယ်။ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့အဖွဲ့ဝင် ကရင်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးမန်းကျော်ငြိမ်းက ပြောသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**





## ယာယီကယ်ဆယ်ရေးစခန်းများမှ နေရပ်ရှောင်ပြည်သူများ ဘူးသီးတောင်၊ မောင်တောဒေသရှိ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာခဲ့ကြသော ဘူးသီးတောင်၊ မောင်တောဒေသမှ ဒေသခံတိုင်းရင်းသားများသည် ယခုအခါ နယ်မြေဒေသ ပြန်လည်တည်ငြိမ်လာပြီဖြစ်၍ မိမိတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်သည်။

" နယ်မြေတည်ငြိမ်မှုရလာတဲ့အတွက် အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာလာသူတွေဟာ မိမိတို့နေထိုင်ရာ ဒေသတွေကို ပြန်လည်ထွက်ခွာလျက်ရှိပါတယ်။ ဒီကနေ့မှာတော့ မြောက်ဦးမြို့နယ် ယာယီကယ်ဆယ်ရေးစခန်း အချို့မှာရောက်ရှိနေတဲ့ နေရပ်စွန့်ခွာသူတွေဟာ ဘူးသီးတောင်၊ မောင်တောဒေသကိုပြန်ကြမှာဖြစ်ပါတယ်"ဟု နယ်မြေခံတပ်ဌာနချုပ်မှ အရာရှိတစ်ဦးက ပြောသည်။

အဆိုပါ နေရပ်ပြန်လည်ထွက်ခွာသူများအား တပ်မတော်မော်တော်ယာဉ်များဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ စစ်တွေမြို့ သင်္ဘောဆိပ်များသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့တွင် မြောက်ဦးမြို့နယ် လောကမာန်အောင်စခန်းမှ ၄၅ ဦး၊ တိမ်ညိုစခန်းမှ ၃၀ နှင့် ပေါက်တောပြင်စခန်းမှ ၃၉ ဦး စုစုပေါင်း ၁၁၄ ဦးတို့သည် ဘူးသီးတောင် မောင်တောဒေသသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

## လုံခြုံရေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသော ဒေသများတွင် ပြည်နယ်ဆရာဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းကုသ

**စစ်တွေ အောက်တိုဘာ ၁၃**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ခက်ခဲသောနေရာဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ ကွင်းဆင်းကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကြည်လွင် ဦးဆောင်သော ဆရာဝန်ကြီးများအဖွဲ့သည် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိလာပြီး ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ပြုလုပ်ခဲ့သည်။

"အခု ကျွန်တော်တို့လာတာကတော့ ပြည်နယ်ကျန်းမာရေးအဖွဲ့ဖြစ်ပါတယ်။ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေရောပါပါတယ်။ ဆေးဝါးတွေရောအပြည့်အစုံပါလာပါတယ်။ ကျွန်တော်တို့ အခုလာတဲ့ဒေသကတော့ ရသေ့တောင်မြို့နယ် တောင်ပိုင်း မဇေးကျွန်းဖြစ်ပါတယ်။ ဒီမဇေးကျွန်းဒေသကတော့ သီးခြားအနေနဲ့တည်ရှိနေပြီးတော့ ရသေ့တောင်နဲ့လည်း ရေလမ်းခြားနေပါတယ်။ စစ်တွေနဲ့လည်း ရေလမ်းခြားနေပါတယ်။ ဒီဒေသမှာရွာပေါင်း ၂၆ ရွာလောက်ရှိပါတယ်။ ဒီဒေသက ပြည်သူတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့ စစ်တွေမြို့ကနေ လာရောက်ခြင်းဖြစ်ပါတယ်"ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးကြည်လွင်က ပြောသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ကူတောင်တိုက်နယ်ဆေးရုံ၌ ပြင်ပလူနာ ၂၆၁ ဦး၊ အာဟာရစောင့်ရှောက်မှု ၂၀၊ အပျိုဖော်ဝင် သံဓာတ်အားဆေးပေးမှု ၁၀ ဦး၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ၁၀ ဦး၊ ကျန်းမာရေး ပညာပေးမှု ၇၃ ဦး၊ အနောက်ပြင်ဘင်္ဂါလီကျေးရွာ၌ ပြင်ပလူနာ ၂၀၆ ဦး၊ အသက်ငါးနှစ်အောက်ကလေး ကာကွယ်ဆေးထိုးပေးမှု ၅၇ ဦး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးကာကွယ်ဆေးထိုးပေးမှု ၂၆ ဦး၊ အာဟာရစောင့်ရှောက်မှု ၅၀၊ အာဟာရမှုန့်ဖြန့်ဝေပေးမှု ၁၀၀၊ ကျန်းမာရေးပညာပေးမှု ၈၈ ဦး ရှိပြီး တစ်ဦးကို စစ်တွေဆေးရုံသို့ လွှဲပြောင်း ကုသပေးခြင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နယ်ဆရာဝန်အဖွဲ့တွင် ဆရာဝန် ခြောက်ဦးနှင့် သူနာပြုငါးဦးတို့ပါဝင်ပြီး ၎င်းတို့အနေဖြင့် ဘူးသီးတောင်၊ မောင်တောဒေသသို့လည်း မကြာမီ သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

## နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် ကြက်ခြေနီလှုပ်ရှားအဖွဲ့မှ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၃**

ကြက်ခြေနီလှုပ်ရှားအဖွဲ့ (Red Cross Movement) က နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဘူးသီးတောင် အမြန်ရေယာဉ်ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေးဦးဆောင်၍ ပြည်နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာလုပ်အားရှင်များက နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများသည် ယခုအခါ နယ်မြေတည်ငြိမ်မှုရရှိနေပြီဖြစ်၍ မိမိတို့မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိသည်။

နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် မီးဖိုချောင်သုံးပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်ပြီး တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီဖြင့် ၂၈၇၇ ဦးအား ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။ ဘူးသီးတောင် အမြန်ရေယာဉ်ဆိပ်ကမ်း၌ နေရပ်ပြန်များအား စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ငွေကျပ် ၁၂၉၄၆၅၀၀၀ အား ကူညီထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မြင့်ဝေက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ပဲတီစိမ်းဈေးကွက်ရရှိရေးနှင့် မတ်ပဲအစားထိုး ပဲတီစိမ်းစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေး

**ကဝ အောက်တိုဘာ ၁၃**

ကဝမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ကြီးမှူးကျင်းပသော တောင်သူများ ပဲတီစိမ်းသီးနှံဈေးကွက် ရရှိရေးနှင့် မတ်ပဲသီးနှံအစားထိုး ပဲတီစိမ်း(GAP) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာဆွေးနွေးပွဲကို ဒုတိယအကြိမ် ကဝမြို့နယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် ကဝမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက (GAP) ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ ခရိုင်မြေအသုံးချ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးတို့မှ (GAP) စိုက်ပျိုးနည်းစနစ်များနှင့် ဘက်စုံသီးနှံကာကွယ်နည်းစနစ်များ ဆွေးနွေးပို့ချကြောင်း သိရသည်။

**(သတင်းစဉ်)**



## မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ယာယီပြောင်းရွှေ့နေထိုင်

**တံတားဦး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီကျော်မှ ယနေ့နံနက်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် တံတားဦးမြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက်တွင် ပန်းလောင်မြစ်ရေမြင့်တက်လာမှုကြောင့် ပန်းလောင်မြစ်ကမ်းဘေးရှိ ကျေးရွာအချို့ မြေနိမ့်ပိုင်းများတွင် တစ်ပေခန့်နှင့် ကုန်းမြင့်ပိုင်းများတွင် ခြောက်လက်မခန့် မြစ်ရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်တွင် အဆိုပါမြစ်ရေသည် မြေနိမ့် ပိုင်းများ၌ တစ်ပေခွဲမှနှစ်ပေခန့်နှင့် ကုန်းမြင့်ပိုင်းများတွင် တစ်ပေခန့်သို့ တိုးမြှင့်ဝင်ရောက်လာမှုကြောင့် ကန်ချောကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ စုစုပေါင်း ၃၈၃ ဦး၊ တိရစ္ဆာန်ပေါင်း ၂၁၅ ကောင်၊ စကားအင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၆၆စု၊ လူဦးရေစုစုပေါင်း ၂၂၇ ဦး၊ တိရစ္ဆာန်ပေါင်း ၁၁၁ ကောင်၊ သဲမောင်းကန်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ စုစုပေါင်း ၂၅ ဦး၊ တိရစ္ဆာန်ပေါင်း ၃၅ ကောင်၊ သားများဘကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၁၅၇ စု၊ လူဦးရေ စုစုပေါင်း ၈၆၃ ဦး၊ တိရစ္ဆာန်ပေါင်းအကောင် ၂၂၀ ၊ တံတားဦးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း လေးအုပ်စု၊ လူဦးရေ စုစုပေါင်း ၁၄၉၈ ဦး၊ တိရစ္ဆာန်ပေါင်း ၅၈၁ ကောင်တို့အား နီးစပ်ရာဆွေမျိုးများ၊ ရေလွတ်ရာကုန်းမြင့်များ၊ ကားလမ်းဘေးများ၊ ကုန်းမြင့်သည့်ဘုရားနှင့် ဘုန်းတော်ကြီးများတွင် ခေတ္တပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**ရဲတင့်**

# ညီညွတ်သောအင်အား၊ ခွင့်လွှတ်သောစိတ်ထားနှင့် စိန်ခေါ်မှုများကို ကျော်ဖြတ်ကြရမည့် မြန်မာ့အနာဂတ်

ခင်ရတနာ

**အောက်တိုဘာ ၁၂ ရက်ညက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူသို့တင်ပြချက်ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူပြည်သားများက မိမိတို့နေအိမ်၊ မိမိတို့ရပ်ကွက်များရှိစုရပ်များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်များကို အလေးအနက်ထား စောင့်ကြည့်နားထောင်ကြသည်။ နိုင်ငံတော်ကို ကိုယ်စားပြုသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တင်ပြချက်များသည် နိုင်ငံ၏ပကတိအခြေအနေ၊ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေချိန်တွင် တစ်ဦးနှင့်တစ်ဦး၊ အစိုးရနှင့် ပြည်သူတို့အကြား စည်းလုံးညီညွတ်စွာဝန်းရံပေးသည့်အချက်များပါဝင်သကဲ့သို့ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍လည်း အေးချမ်းစွာအတူတကွနေထိုင် လျှောက်လှမ်းနိုင်မည့် လုပ်ငန်းစဉ်များကို ပြောကြားခဲ့သည်။**

တစ်နိုင်ငံလုံးရှိပြည်သူများကလည်း အစိုးရ၏လုပ်ဆောင်ချက်များကို ထောက်ခံလျက်ရှိကြသည်။ မည်သည့်အဖွဲ့အစည်း၊ မည်သည့်နိုင်ငံတကာဖိအားကိုမျှဂရုမစိုက်ဘဲ မိမိတို့ တစ်သားတည်းရှိကြောင်းကို တစ်ပြည်လုံးရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲများ၊ ဘာသာပေါင်းစုံဆုတောင်းပွဲများကျင်းပကာ အားပေးထောက်ခံ လျက်ရှိကြသည်။ နိုင်ငံတကာ စွပ်စွဲမှုများကြုံတွေ့ရချိန်တွင် အစိုးရသည် ပြည်သူ၏ ထောက်ခံမှု၊ ပြည်သူ၏ယုံကြည်မှု၊ ပြည်သူ၏ ညီညွတ်မှုများက အင်အားတစ်ရပ်ဖြစ်လာပေလိမ့်မည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပေါင်းစည်းနေထိုင်ကြသကဲ့သို့ ရှေးဘိုးဘေးဘီဘင်အဆက်ဆက်ကပင် ပြည်ပနိုင်ငံများမှ အကြောင်းကြောင်းကြောင့် ရောက်ရှိလာခဲ့ကြသည့် လူမျိုးများသည်လည်း နှစ်ပေါင်း များစွာအတူတကွငြိမ်းချမ်းစွာနေထိုင်လာခြင်းဖြစ်သည်။ မြန်မာတိုင်းရင်းသားလူမျိုးများသည် လူလူချင်းစာနာထောက်ထားခြင်း၊ သဒ္ဓါတရားထက်သန်ခြင်း၊ ရိုင်းပင်းကူညီခြင်းများဖြင့် နေထိုင်ကြသူများဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ပြောကြားချက်အတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများကိုင်စွဲကာ စိန်ခေါ်မှုအပေါင်း၊ အမုန်းတရားအပေါင်း၊ လောဘ၊ ဒေါသအပေါင်းတို့ကို ကင်းလွတ်ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားရန် လိုအပ်ပါသည်။

သာဓကတစ်ခုကို တင်ပြလိုပါသည်။ ကုန်းဘောင်မင်းဆက် စတင်တည်ထောင်သူ အလောင်းဘုရား ဦးအောင်ဇေယျ နန်းစိုက်ခဲ့ရာ ရွှေဘိုမြို့၏ အနီးတစ်ဝိုက် ခင်ဦးမြို့နယ်အတွင်းတွင် မုံလှကျေးရွာဟူ၍ ယနေ့တိုင် ထင်ရှားသည့်ကျေးရွာတစ်ရွာရှိသည်။ မုံလှကျေးရွာသည် ပထမအင်းဝခေတ် ခရစ်နှစ် ၁၃၆၄ ခုနှစ်တွင် ရွာတည်ခဲ့ခြင်းဖြစ်ပြီး ရွာစတည်ကတည်းကပင် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ အတူတကွ ယှဉ်တွဲနေထိုင်လာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယင်းကျေးရွာကလေးသည် လက်ရှိမြန်မာနိုင်ငံမှ ရဟန်းမင်းအမတ် ကာဒီနယ်ချားလ်စ်ဘို မွေးဖွားရွာ ကျေးရွာလေးဖြစ်သည်။ "ဘုရားကျေးဇူးကြောင့် မုံလှကျေးရွာမှာ မွေးဖွားခွင့်ရခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေအားလုံးနဲ့ တစ်သားတည်း ဖြစ်တည်ခွင့်ရခဲ့တာဟာ အဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ"ဟု ကာဒီနယ်ချားလ်စ်ဘိုက ဖြေကြားခဲ့ဖူးသည်။

ချားလ်စ်ဘို ငယ်စဉ်က တက်ရောက်ခဲ့သည့် စိန်မိုက်ကယ် ကက်သလစ်ဘုရားရှိခိုးကျောင်းနံရံတွင် "ရှေးဘိုးဘေးဆရာတို့၊ ဘာသာနှစ်ခု ချစ်ကြည်မှုမျိုးစေ့၊ အုတ်မြစ်မဟုတ် ကျောက်မြစ်ပါ။ အမွေဆက်ခံ သား၊ မြေး၊ မြစ်တို့ ဘာသာနှစ်ခုချစ်ကြည်မှုက အံ့မခန်းပါ။ တွေ့မြင်သူတို့ အတုယူစရာ၊ ရွှေမုံလှ စံပြကျေးရွာ။ ကြားမြင်သူတို့ သာဓုခေါ်စရာ၊ ပြုမူကုသိုလ် အမျှ အမျှ အမျှ ဝေနေမှာ ၊ ရွှေမုံလှ စံပြကျေးရွာသူ၊ ကျေးရွာသားတွေပါ"ဟု ဂုဏ်ယူစွာ ဖော်ပြထားခြင်းသည် မြန်မာလူမျိုးတို့၏ ငြိမ်းချမ်းသည့် စိတ်အခံကိုဖော်ပြ အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။

ကျေးရွာအတွင်း စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသည် ရှေးရာစုနှစ်ပေါင်းများစွာကတည်းက အတူတကွဖြစ်တည်နေကြသကဲ့သို့ ဘာသာရေးအခမ်းအနားများ ကျင်းပကြချိန်တွင်လည်း နှစ်ဘာသာမှ အတူတကွ ရိုင်းပင်းကာ ဘာသာရေးပွဲတော်များ ဆင်နွှဲကြသည်ကို ဝမ်းမြောက်စွာ မြင်တွေ့ရဖူးသည်။ မုံလှရွာသည် ခရစ်နှစ် ၁၃၆၄ ခုနှစ် အနောက်ဘက်လွန်မင်းလက်ထက်ကတည်းက လူမျိုးခြား၊ ဘာသာခြားများ ရောက်ရှိနေထိုင်ခဲ့ကြသည်။ ခရစ်နှစ် ၁၆၁၂ ခုနှစ်တွင် ပေါ်တူဂီဘရင်ဂျီဘာသာဝင်များ ထပ်မံရောက်ရှိလာခဲ့သည်။ အလောင်းဘုရားလက်ထက် ခရစ်နှစ် ၁၇၅၆ ခုနှစ်တွင်မူ သန်လျင်တိုက်ပွဲဖြစ်ပွားခဲ့အပြီး ပြင်သစ်လူမျိုးခရစ်ယာန်ဘာသာဝင်များရောက်ရှိကာ အီတာလျံရဟန်းတော်များက သာသနာပြုခဲ့ကြပြီး ကက်သလစ်ခရစ်ယာန်ဘာသာ၏ အလယ်ဗဟိုအဖြစ် သတ်မှတ်ခဲ့ကြကြောင်းကို မုံလှရွာ စိန်မိုက်ကယ်ဘုရားကျောင်းကြီးတွင် ဖော်ပြထားသည်။

အိမ်ခြေ ၄၅၀ ရှိသည့်အနက် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင် တစ်ဝက်စီခန့်ရှိကြပြီး ခိုက်ရန်ဖြစ်ခြင်း၊ ဘာသာရေးအတွက် ပဋိပက္ခဖြစ်ခြင်း အလျဉ်းမရှိဘဲ အေးချမ်းစွာနေထိုင်ကြသည့် စံပြငြိမ်းချမ်းရေးရွာပင် ဖြစ်သည်။ အဘယ်ကြောင့် အတူတကွ နေထိုင်နိုင်ကြသနည်းဟု မေးခွန်းထုတ်စရာ ရှိပါသည်။ အဓိကမှာ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းပင်ဖြစ်ပြီး မကောင်းသောအရာများအား ရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး နှိပ်စက်ကလူပြုခြင်းမရှိခြင်း၊ ကောင်းသောအရာများအား နှလုံးသွင်းခြင်းတို့ကြောင့်ပင် ဖြစ်ကြောင်း၊ အသားအရောင်မရွေး၊ လူမျိုးဘာသာမရွေး အခွံတွေချွတ်ပစ်လိုက်ပါက လူဆိုတာကျန်ရစ်ခဲ့မည်ပင်။ လူလူချင်းချစ်ခင်စွာ၊ နားလည်စွာ၊ ဖေးမစွာ၊ ရိုင်းပင်းစွာ၊ ခွင့်လွှတ်စွာ နေထိုင်ကြမည်ဆိုပါက တစ်ကမ္ဘာလုံး ရန်ပွဲများရပ်တန့်သွားမည်ဖြစ်ကြောင်း၊ မုံလှကျေးရွာမှသည် ရန်မဖြစ်ကြဘဲ အတူတကွညီညွတ်မှုကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသည့် မြန်မာတစ်ပြည်လုံးကို ပို့နိုင်မည်၊ ထိုမှမက တစ်ကမ္ဘာလုံးသို့ မျှဝေနိုင်မည်ဖြစ်ကာ မုံလှကျေးရွာသည် ငြိမ်းချမ်းခြင်းအတွက် အကောင်းဆုံးသာဓကတစ်ရပ်ပင်ဖြစ်ကြောင်း ချားလ်စ်ဘို၏ မွေးနေ့အထိမ်းအမှတ်ပွဲတစ်ရပ်တွင် သီတဂူဆရာတော်က မုံလှကျေးရွာသားများကို မိန့်ကြားခဲ့ဖူးသည်။

**အသားအရောင်မရွေး၊ လူမျိုး ဘာသာမရွေး အခွံတွေချွတ်ပစ်လိုက်ပါက လူဆိုတာကျန်ရစ်ခဲ့မည်ပင်။ လူလူချင်း ချစ်ခင်စွာ၊ နားလည်စွာ၊ ဖေးမစွာ၊ ရိုင်းပင်းစွာ၊ ခွင့်လွှတ်စွာ နေထိုင်ကြမည်ဆိုပါက တစ်ကမ္ဘာလုံး ရန်ပွဲများရပ်တန့်သွားမည်ဖြစ်**

ခရစ်ယာန်ဘာသာဝင်များနှင့်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘာသာပေါင်းစုံ လွတ်လပ်စွာကိုးကွယ် ယုံကြည်ကြသူအများအပြားရှိသည်။ နှစ်ပေါင်းရာချီ၍ အတူတကွဖြတ်သန်းနေထိုင်ကြရင်း ပြည်ထောင်စုနှင့် တစ်သားတည်းရှိနေကြသည်မှာ ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များတွင် ကျင်းပနေကြသည့် ဘာသာပေါင်းစုံဆုတောင်းပွဲများသည် သက်သေပင်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားထားသည့်အတိုင်း မြန်မာနိုင်ငံအနေနဲ့ ကိုယ်လုပ်စရာရှိသည်များ၊ လုပ်သင့်သည်များကို မှန်ကန်စွာ၊ ဖြောင့်မတ်စွာ၊ ရဲတင်းစွာ၊ ထိရောက်စွာ လုပ်ကိုင်နိုင်ရေးသည်သာ အဓိကဖြစ်ပြီး ယင်းလုပ်ရပ်များမှတစ်ဆင့် မှန်ကန်ခြင်းဟူသည့် သစ္စာတရားသည် ပေါ်ထွက်လာမည်ဟု အကြွင်းမဲ့ယုံကြည်မိပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မျှော်လင့်ထားသည့်အတိုင်း ပြည်ထောင်စု၏ သားသမီးများသည် ပြည်တွင်းသာမက ကမ္ဘာမြေ၏ မည်သည့်အရပ်သို့ရောက်ရှိနေသည်ဖြစ်စေ မိခင်နိုင်ငံတော်အပေါ် ညီညွတ်သည့် စိတ်ထား၊ စိတ်ကောင်းစေတနာကောင်းများဖြင့် ဝိုင်းဝန်းကူညီပေးကြမည်မှာလည်း အသေအချာပင်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာအရ ညီညွတ်မှုအင်အားနှင့် ခွင့်လွှတ်သောစိတ်ထား၊ အေးချမ်းသာယာလိုသည့် မျှော်လင့်ချက်များကို ပိုမိုအားဖြည့်ကာ နိုင်ငံအတွက် တတ်စွမ်းသည့်ဘက်မှ အားလုံးပူးပေါင်းပါဝင်ကြမည်ဆိုသည်မှာလည်း အသေအချာပင်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် မကြာမီ စတင်အသက်ဝင်လာတော့မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ၊ ဒုက္ခသည်များပြန်လည်ဝင်ရောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပြင် အထူးသဖြင့် ပြန်လည်နေရာချထားရေး၊ ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပဋိပက္ခများချုပ်ငြိမ်းစေရေးတို့ကို လုပ်ဆောင်ကြရမည့်တာဝန်မှာ ပြည်သူပြည်သားများနှင့် ပြည်ပရောက် တိုင်းရင်းသားလူမျိုးများအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ နိုင်ငံ့အရေးသည် ပြည်သူပြည်သားများအားလုံး၏ အရေးပင်ဖြစ်သည်။ နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ထိခိုက်မှုသည် နိုင်ငံ၏ထိခိုက်မှုပင် ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ဖွဲ့စည်းမည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးအား မြန်မာနိုင်ငံသူ၊ နိုင်ငံသားမှန်သမျှတို့က ဝိုင်းဝန်းအားဖြည့်ပါဝင်ကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွက် အရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်းများကိုထောက်ပံ့ပေးမည်

နေပြည်တော် အောက်တိုဘာ ၁၃

**ရခိုင်ပြည်နယ် အကြံပေးကော်မရှင် အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့် လက်ရှိလိုအပ်ချက်များအပေါ်အခြေပြု၍ ရခိုင်ပြည်နယ် ကျန်းမာရေးဖွံ့ဖြိုးတက်မှုစီမံကိန်း (Rakhine Health Development Plan) ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အောက်တိုဘာလ ပထမပတ်တွင် သတင်းထုတ်ပြန်ထားသည်။**

ရခိုင်ပြည်နယ်အတွင်း ဆေးဝါးပစ္စည်းများထောက်ပံ့ပေးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းကာ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွက် စုစုပေါင်းငွေကျပ် ၁၆၃၇၆၁၅၀၀ တန်ဖိုးရှိ ဆေးဝါး၊ ဆေးပစ္စည်းများကို သုံးကြိမ်ခွဲ၍ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပထမအကြိမ်ထောက်ပံ့ခြင်းကို စက်တင်ဘာလ တတိယပတ်က ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ဒုတိယနှင့် တတိယအကြိမ်ထောက်ပံ့ရန် ဆေးဝါးများကို ရန်ကုန်မြို့တွင် ကြိုတင်ဝယ်ယူသိုလှောင်ထားပြီး အဆိုပါမြို့နယ်များ၏ ဆေးဝါးသုံးစွဲမှုနှင့် လိုအပ်ချက်များအရ ဆက်လက်ထောက်ပံ့ပေးပို့မည်ဖြစ်ကြောင်း သိရသည်။



မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရွေ့လျားဆေးကုသရေးအဖွဲ့များသွားရောက်၍ ဆေးဝါးကုသပေးစဉ်

တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်းသွားပြီး ရခိုင်ပြည်နယ်အတွင်းသို့ ပြည်လည်ဝင်ရောက်လာသော ပြည်သူလူထုကို ပြန်လည်လက်ခံရေးစခန်းများ၌ ရွေ့လျားဆေးခန်းများဖြင့် ယာယီဆေးခန်းများ ဖွင့်လှစ်ကုသပေးနိုင်ရေးစီမံချက်ကို စီစဉ်ဆောင်ရွက်နေပြီး အဆိုပါစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ ကမ္ဘာ့ဘဏ်၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa လာရောက်စဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တွေ့ဆုံဆွေးနွေးထားပြီးဖြစ်ကြောင်း ရွှေ့ပြောင်းလူထုအား ပြန်လည်နေရာချထားသည့် နေရာဒေသများတွင်လည်း ရွေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး ယခုအခါ IDP Camp များတွင် ရွေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ရောဂါရှာဖွေရေးနှင့် သွေးလှူဘဏ်လုပ်ငန်းများ အဆင့်မြှင့်ရန်အတွက် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး ဘူးသီးတောင်မြို့နယ် တောင်ဘဇာတိုက်နယ်ဆေးရုံ၊ မောင်တောမြို့နယ်အတွင်းရှိ အလယ်သံကျော်တိုက်နယ်ဆေးရုံနှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ စေတီပြင်တိုက်နယ်ဆေးရုံများတွင် Type C Laboratory Set များကို ဦးစားပေး ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်နေကြောင်း သိရသည်။ ထို့ပြင် သွေးလှူဘဏ်ငယ်တစ်ခုကို ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်အမျိုးသားသွေးဌာနမှ သွေးအိတ်များကို အဆိုပါ သွေးလှူဘဏ်ငယ်သို့ ပေးပို့သိုလှောင်စေပြီး သွေးသွင်းကုသမှုပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စပ်လျဉ်း၍ လက်ရှိတွင် စစ်တွေ ပြည်သူ့ဆေးရုံကြီးမှ Mobile Medical Teams များကို WHO အကူအညီများဖြစ်သော Central Emergency Respond Fund ဖြင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ အာဟာရစောင့် ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ရရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ရွေ့လျားကုသရေးအဖွဲ့များဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို စစ်တွေမြို့နယ်အတွင်း ဆောင်ရွက်ခြင်း၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဆောင်ရွက်ခြင်းနှင့် ရွေ့လျားဆေးအဖွဲ့ဝင်များအား အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းပေးခြင်းကို စီမံချက်သုံးခုရေးဆွဲဆောင်ရွက်နေကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများနှင့် IDP Camps များတွင် IDP Management Guideline များဖြန့်ဝေပြီး အဆိုပါလမ်းညွှန်ချက်များနှင့်အညီ ဆေးခန်းများဖွင့်လှစ်၍ ဆေးကုသဆောင်ရွက်ပေးလျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။

အကြမ်းဖက်မှုဖြစ်စဉ်နှင့်ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးသော ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ဆေးပေးခန်းများကိုစိစစ်ကာ လိုအပ်သည်များပြင်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မောင်တောမြို့နယ် အလယ်သံကျော်၊ ကြိမ်ချောင်းနှင့် အောင်သပြေတိုက်နယ်ဆေးရုံ၊ ဘူးသီးတောင်မြို့နယ်အတွင်းရှိ တောင်ဘဇာတိုက်နယ်ဆေးရုံ၊ ရသေ့တောင်မြို့နယ်အတွင်းရှိ စေတီပြင်တိုက်နယ်ဆေးရုံများမှ တာဝန်ကျဝန်ထမ်းများအား လုံခြုံရေးအခြေအနေကောင်းမွန်သည်နှင့် မူလနေရာများတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဆေးကုသမှုလုပ်ငန်းများထိရောက်အကျိုးရှိစေရေးအတွက် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ လက်ထောက်ဆရာဝန်(ခွဲစိတ်အထူးကု) ၁၂ ဦးနှင့် လက်ထောက်ဆရာဝန် (မေ့ဆေးအထူးကု) ခုနစ်ဦးတို့ကို စစ်တွေဆေးရုံကြီး၌ အလှည့်ကျတာဝန်ချထား၍ ကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့ပေါ်ရှိ အထူးကုဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးအဖွဲ့ကိုလည်း သင့်လျော်သောအချိန်တွင် စစ်တွေ၊ ဘူးသီးတောင်မြို့နယ်များနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားဒေသများသို့စေလွှတ်၍ ကုသပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

# ဦးကိုနီလုပ်ကြံခံရမှု (၂၇) ကြိမ်မြောက် ရုံးထုတ်၊ လိုပြသက်သေငါးဦးစစ်ဆေးခဲ့

**ရန်ကုန် အောက်တိုဘာ ၁၃**

တရားလွှတ်တော်ရှေ့နေဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့်ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ (၂၇)ကြိမ်မြောက် ရုံးထုတ်ခဲ့သည်။

သက်သေများစစ်ဆေးရာတွင် ဗဟန်းမြို့နယ်ရှိ ဖြိုးကုမ္ပဏီရုံးခန်း ဝင်ရောက်ရှာဖွေသူ ရဲတပ်ဖွဲ့ဝင်နှင့်ရှာဖွေသက်သေနှစ်ဦး၊ လေဆိပ်လုံခြုံရေးဝန်ထမ်းနှစ်ဦး စုစုပေါင်းလိုပြသက်သေ ငါးဦးစစ်ဆေးခဲ့ကြောင်းနှင့် ယနေ့အထိ ရုံးချိန်း(၂၇)ကြိမ် အားလုံးစုစုပေါင်း လိုပြသက်သေ ၄၇ ဦးထိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဦးရဲလွင်က “ ဒီကနေ့ တရားလိုပြသက်သေ ငါးဦး စစ်ဆေးပါတယ်။ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အေးရိပ်သာ(၁)လမ်း ရွှေသံလွင်ကွန်ဒို အခန်း(၄)မှာ ရှိတဲ့ တရားခံကြည်လင်းနဲ့ ပါဝင်ပတ်သက်သူ ဇေယျာဖြိုး သူ့ရဲ့ဖြိုးကုမ္ပဏီရုံးခန်းကို ဝင်ရောက်ရှာဖွေဆောင်ရွက်ခဲ့တဲ့ ဗဟန်းမြို့မရဲစခန်းက ဒုရဲအုပ်ကျော်ကျော်ထွဋ်နဲ့ ရှာဖွေရာမှာ ပါဝင်ခဲ့သူ ဆရာစံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မောင်အေး၊ ရာအိမ်မှူး ဦးစည်သူအောင်တို့ကို စစ်ဆေးခဲ့ပါတယ်။ နောက်ပြီး အခင်းဖြစ်နေ့က လေဆိပ်ကားပါကင်တာဝန်ကျလုံခြုံရေးဝန်ထမ်း ဦးအောင်ပိုင်ဖြိုးနဲ့ ကုမ္ပဏီလုံခြုံရေး CCTV ဝန်ထမ်း ဒေါ်သဇင်ထွေး(ခ)သိမ့်သိမ့်ထွန်းတို့ကိုလည်း စစ်ဆေးခဲ့ပါတယ်။ နောက်တစ်ပတ်ရုံးချိန်းကို အောက်တိုဘာ ၂၀ ရက်ကို ချိန်းဆိုခဲ့ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။



တရားလွှတ်တော်ရှေ့နေ ဦးနေလက “ဗဟန်းမှာရှိတဲ့ ဇေယျာဖြိုးကုမ္ပဏီကွန်ဒိုရုံးခန်းမှာ စကားပြောစက်နှစ်လုံး၊ ဘက်ထရီအပို ခြောက်လုံး၊ ချိုင်းကြားမှာလွယ်ရတဲ့ သေနတ်အိတ်အနက်ရောင် နှစ်အိတ်နဲ့ စာရွက်စာတမ်းတွေ သိမ်းဆည်းခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ဖက်ရှေ့နေက အပြန်အလှန်စစ်မေးတဲ့အတွက် ဆက်စပ်ပေါ်ပေါက်မှုတွေ များပြားလာတာဖြစ်မယ်လို့ စဉ်းစားမိရပါတယ်” ဟု ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ -မျိုးမင်းသိန်း(မရမ်းကုန်း)**

# အကြွေးပေးရန်ရှိသူက ဓားဖြင့်ထိုးသတ်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့သစ်တောရပ်ကွက် ရွှေဘုန်းပွင့်ဘုရားအတက်လမ်း ဘေးရှိ လမ်းကြားတွင် လူသေအလောင်းတွေ့ရှိကြောင်း သတင်းအရ တောင်ကြီးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက် ည ၇ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ရာ ၁၅ ယ/----- Honda Dream ဆိုင်ကယ်ရှေ့တွင် အမျိုးသားတစ်ဦးအား ဓားထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

သေဆုံးသူမှာ တောင်ကြီးနယ်မြေရဲစခန်း၌ လူပျောက်တိုင်ကြားထားသော တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် ဝန်ထမ်းအိမ်ရာနေ စိုးမင်းအောင်(၂၈)နှစ်ဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံစုံစမ်းဆောင်ရွက်ခဲ့ရာ အမှုမှ မသင်္ကာသူ တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်နေ ညီညီထွန်း(၂၆)နှစ်အား စစ်ဆေးချက်အရ ညီညီထွန်းက သေဆုံးသူ စိုးမင်းအောင်အား ငွေကျပ် ၁၄ သိန်း အကြွေးပေးဆပ်ရန်ရှိသောကြောင့် အခင်းဖြစ်နေရာသို့ချိန်းဆို၍ ဓားဖြင့်ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံဓားနှင့် သေဆုံးသူ၏ လက်ကိုင်ဖုန်းတို့ကို တောင်ကြီးမြို့ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန်အတွင်းသို့ ပစ်ချခဲ့ကြောင်း သိရသဖြင့် ညီညီထွန်းအား တောင်ကြီးမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာအနီး ဗန်းမော်-မံစီကားလမ်းတံတားအနီးတွင် အောင်သန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့နောက် ယင်းနေ့ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၅) ရပ်ကွက် အမှတ်(၄)နယ်မြေ မန်မိုင်-လားရှိုးကားလမ်းတွင် ရန်အားဟုန် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၁၀၁) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၂) ရပ်ကွက် ကျောင်းရှေ့လမ်းတွင် ရန်အောင်ခိုင် မောင်းနှင်ပြီး ဝေယံကျော် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ရန်အောင်ခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြားနှင့် ဝေယံကျော်ထံမှ ငွေကျပ်ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ရွှေဘိုမြို့ ဂေါက်ကွင်း အမှတ်(၅)လမ်းရှိ ၎င်းတို့ငှားရမ်းနေထိုင်သည့်နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅ ပြားကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲက ပန်းတနော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပန်းတနော်မြို့ မြို့ကွက်သစ်ရပ်ကွက် ရောင်နီ(ခ)ရောင်နီလင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၁၁ ရက် ည ၁၁ နာရီက ကျောက်တံတားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံတားမြို့နယ် အမှတ်(၅) ရပ်ကွက် Ruby Mart ရှေ့တွင် အောင်ကျော်အား ရှာဖွေရာ ၎င်း၏လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၄ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးမှုန့် ခုနစ်ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ကော်ဖီနှင့် အဝတ်အထည်ဟောင်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ကော်ဖီ၊ အဝတ်အထည်ဟောင်း ဘေထုပ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်**

အဆိုပါ စစ်ဆေးရေးစခန်းက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၃၇၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၅၂ သန်းခန့် စုစုပေါင်း တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၈၂၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ခြောက်ဘီးယာဉ်တစ်စီးအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ကော်ဖီနှစ်မျိုး၊ အဝတ်အထည်ဟောင်းဘေထုပ် (1 ×75 Kg) 32 Pkgs နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၅၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း)

Major Media International Advertising Ltd., (MMI) မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော SAMSUNG Project တွင် တာဝန်ထမ်းဆောင်ရန် သွက်လက်တက်ကြွသော ဝန်ထမ်းများ အလိုရှိပါသည်။
(ရန်ကုန်၊ မန္တလေး နှင့် အခြားမြို့ကြီးများရှိ Phone အရောင်းဆိုင်များတွင် တာဝန် ထမ်းဆောင်ရန်၊ နယ်မြို့များအတွက် နယ်ခံလူများသာ)

1.Sale Promoter (Samsung Phone) M/F (400) Posts

- အသက် (၁၈) နှစ် မှ (၂၈) နှစ်အတွင်း ဖြစ်ရမည်။
- ပညာအရည်အချင်း အထက်တန်းအောင် ၊ အဝေးသင်တက်ရောက်နေသူ၊ ဘွဲ့ရပြီး။
- အပြောအဆိုသွက်လက်ပြေပြစ်၍ ရုပ်ရည်သန့်ပြန့်သူ ဖြစ်ရမည်။
- နိုင်ငံသားစီစစ်ရေးကဒ် ရှိရမည်။
- အရောင်းမြှင့်တင်ရေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

(အတွေ့အကြုံ မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။)

ထိုက်သင့်သောလစာ + အပိုဆုကြေး + အရောင်းကော်မရှင် ခံစားခွင့်ရှိသည်။
(၃) လပြည့်ပါက ၂၀၀၀၀၀ နှင့် အထက် ရရှိမည်။

Form တင်ပြီး Interview တန်းဝင်ရမည်။ တပတ်အတွင်း အလုပ်ခန့်မည်။

လျှောက်ထားလိုသူများသည် မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ ဓါတ်ပုံ (၃)ပုံ ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ ၊ CV form တို့နှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

Major Media International Advertising Ltd., (MMI) အမှတ်-5B, ပြည်လမ်း၊ တံတားဖြူမှတ်တိုင်အနီး၊ ဓမ္မာရုံလမ်း နှင့် ခပေါင်းလမ်းကြား၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၁ ၅၀၀၃၃၀၊ ၅၀၀၃၃၁၊ ၅၃၄၇၀၀၊ ၀၉ ၇၆၉၃၆၁၇၃၃။

မန္တလေးရုံးခွဲ - အမှတ်-၇၀၃၊ ၃၀×၃၁ လမ်းကြား၊ ၈၆×၈၇ လမ်းကြား၊ ဓါတ်နန်းရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း- ၀၉ ၇၉၈၆၀၇၄၄၅၊ ၀၉ ၂၅၈၀၈၇၂၆၇။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6H/1304 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(ခွဲ)၊ ခြောက်အိမ်တန်းရွာ၊ အလယ်တန်းပြ(မူတာဝန်)ထမ်းဆောင်နေသော ဆရာမနော်ဖလောရာ(ခ)နော်မလောရာ ၁၂/အစန(နိုင်) ၀၄၃၄၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **နော်မလောရာ**

**အမည်မှန်**

ပခုက္ကူမြို့နယ် ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ဆဋ္ဌမတန်း(B)မှ မမေမြတ်နိုးခင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသက် ၈/ပခက (နိုင်) ၁၆၄၁၅၈ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းသက်**

**ကုမ္ပဏီစာရွက်စာတမ်း ဘာသာပြန်**

ဦးတင့်အောင်
(ဖုန်း-၀၉-၄၂၀၇၄၅၀၃၃)
ပျဉ်းမနားဘူတာအနီး

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၂-၁၀-၂၀၁၇ရက်ထုတ်ဤသတင်းစာ စာမျက်နှာ(၁၃)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်း(၁၀)အစား အခန်း(၁၀၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၀-၁၀-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)တွင် ပါရှိသော ရောင်းချရန် ကြော်ငြာစာတရား မကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆တွင် (ဖြူဖြူအေး) ဒုတိယညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစား(ဖြူပြာအေး)ဟုပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အကွက်အမှတ်(၂၈)၊ ပိန္နဲကုန်းအကွက်၊ ဦးပိုင်အမှတ် ၄၉/က၊ ဧရိယာ ၀ဒသမ ၁၅၈ ဧကရှိ မြေအား ဒေါ်ကြူကြူသင်း အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း၊ဦးပိုင်ခွဲ) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

**မွေးသက္ကရာဇ်အမှန်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကုန်းအင်း အနောက်ကျေးရွာနေ ဦးထွန်းအောင် ၇/ဖမန(နိုင်)၀၀၆၁၇၂ ၏သမီး မသီသီဝင်း ၇/ဖမန(နိုင်) ၁၃၉၈၁၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၂-၁၉၈၈ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် BB/9598 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**



# မြောက်ကိုရီးယားနိုင်ငံသားများအားဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းကြောင်း အာရပ်စော်ဘွားများပြည်ထောင်စုကြေညာ

**ပြုံယမ်း အောက်တိုဘာ ၁၃**

အာရပ်စော်ဘွားများပြည်ထောင်စု(UAE)သည် မြောက်ကိုရီးယားနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းလိုက်ကြောင်း ပြောကြားခဲ့သည်။ UAE နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသားများ ပြည်ပသို့သွားရောက်ကာ အလုပ်လုပ်ကိုင်မှုသည် ပြုံယမ်း၏ နိုင်ငံခြားငွေရှာဖွေရေးအတွက် အဓိကရင်းမြစ်တစ်ခုဖြစ်သည်။

ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနသည် ယူအေအီး၌ လုပ်ငန်းလည်ပတ်ဆောင်ရွက်လိုသည့် မြောက်ကိုရီးယားကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖန်တီးပေးမှုကို အဆုံးသတ်လိုက်ကြောင်း ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

မြောက်ကိုရီးယားက ဆောင်ရွက်နေသည့် နျူကလီးယားလက်နက်များနှင့် တိုက်ချင်းပစ် ဒုံးကျည်အစီအစဉ်များကို ရပ်တန့်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း တာဝန်ရှိသည့်အဖွဲ့ဝင်က ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနက ထိုသို့ဆောင်ရွက်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံရေးကျွမ်းကျင်သူများကမူ ယူအေအီးက မြောက်ကိုရီးယား နိုင်ငံသားများအား ဗီဇာရပ်ဆိုင်းလိုက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံအပေါ် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ဖြစ်လာစေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားအလုပ်သမားတစ်ထောင်ကျော်တို့သည် အာရပ်စော်ဘွားများပြည်ထောင်စုရှိရာနေရာအနှံ့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိနေကြသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ နိုင်ငံများကို ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုက ၎င်းတို့လက်ခံနေသည့် မြောက်ကိုရီးယားနိုင်ငံမှ အလုပ်သမားများအရေအတွက်ကို လျှော့ချရန် တိုက်တွန်းတောင်းဆိုမှုများ ပြုလုပ်ထားသည်။ ယင်းနှစ်နိုင်ငံက မြောက်ကိုရီးယား ရွှေ့ပြောင်းလုပ်သားများထံမှ ဝင်ငွေရရှိမှုသည် မြောက်ကိုရီးယားနိုင်ငံ၏နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အခွင့်အလမ်းဖန်တီးပေးနေကြောင်း ပြောကြားခဲ့သည်။

ကူဝိတ်သည် ပင်လယ်ကွေ့ဒေသအတွင်း၌ မြောက်ကိုရီးယားနိုင်ငံ၏တစ်ခုတည်းသောသံရုံးရှိသည့် နေရာဖြစ်သည်။ ကူဝိတ်၌ လာရောက်အလုပ်လုပ်ကိုင်လိုသည့် မြောက်ကိုရီးယားနိုင်ငံသားများကို ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ပြီး ကူဝိတ်ရှိမြောက်ကိုရီးယားသံတမန်ကိုလည်း ပြန်ပို့ဆောင်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အီရန်နျူကလီးယားသဘောတူညီချက်ကို ဆန့်ကျင်သည့်လှုပ်ရှားမှု အမေရိကန်လုပ်ဆောင်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အောက်တိုဘာ ၁၃ ရက်က ပြောခဲ့သည့် မိန့်ခွန်းတွင် အီရန်နျူကလီးယား သဘောတူညီချက်အပေါ် ဆန့်ကျင်သည့် ပိုမိုကြီးမားသည့် ခြေလှမ်းတစ်ခုချမှတ်လုပ်ဆောင်သော အရိပ်အယောင်တစ်ခုကို လှစ်ဟပြခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းရှိ အီရန်လုပ်ဆောင်ချက်အပေါ် ပိုမိုရန်လိုသည့် ချဉ်းကပ်မှုမျိုးတွေ့ရကြောင်း၊ အဆိုပါကိစ္စသည် ဥရောပမဟာမိတ်များနှင့် အမေရိကန်ဆက်ဆံရေးကို ရှုပ်ထွေးစေနိုင်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အခုလိုလုပ်ဆောင်မည့် အစီအစဉ်သည် ထရန့်နှင့် သူ၏အမျိုးသားလုံခြုံရေးအဖွဲ့တို့ အိမ်ဖြူတော်တွေ့ဆုံဆွေးနွေးမှုမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထရန့်သည် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်အပေါ် ရှင်းလင်းအောင် လုပ်ဆောင်လိမ့်မည် မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်အရာရှိများက ပြောသည်။ အဆိုပါ နျူကလီးယား သဘောတူညီချက်ကို အဆိုးဆုံး သဘောတူညီချက်တစ်ခုဟု သတ်မှတ်လိုက်ပြီး အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအကျိုးစီးပွားအတွက် ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်းပြောခဲ့သည်။

အီရန်နျူကလီးယားသဘောတူညီချက်ကို မထောက်ခံဟု ထရန့်ဆုံးဖြတ်လိုက်ချိန်တွင် ဖိအားများနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ထိုကဲ့သို့ နိုင်ငံအတွင်းအပြင် သတိပေးမှုများကို လျစ်လျူရှုသည့် လုပ်ဆောင်ချက်က အမေရိကန်၏ အများယုံကြည် လက်ခံမှုစံနှုန်းများကို ကျဆင်းစေနိုင်သည့် အချက်ဖြစ်ကြောင်း သိရသည်။

အီရန်နျူကလီးယား သဘောတူညီချက်ကို ယခင်က နှစ်ကြိမ်ထောက်ခံခဲ့သော်လည်း ယခုအကြိမ်တွင် ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း ၎င်း၏လက်ထောက်က ပြောခဲ့သည်။

ယခုဆက်သွားမည့် ခြေလှမ်းသည် အမေရိကန်ပြည်ထောင်စုကို အဆိုပါသဘောတူညီချက်မှ နောက်ဆုတ်သွားမည်မဟုတ်ဘဲ တီဟီရန်ကို အရေးယူပိတ်ဆို့မှု ထပ်မံလုပ်မည် မလုပ်မည်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရန် အမေရိကန်ပြည်ထောင်စုကို ရက်ပေါင်း ၆၀ အချိန်ပေးလိုက်ခြင်းဖြစ်သည်။

ထရန့်အနေဖြင့် အီရန်နျူကလီးယားသဘောတူညီချက်မှ အပြည့်အဝ နောက်ဆုတ်သွားမည်မဟုတ်ဘဲ ငြင်းဆိုမှုတော့ လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ် အမိမြေလုံခြုံရေးကော်မတီဥက္ကဋ္ဌ မိုက်ကယ်မက်ကောက ရိုက်တာသို့ပြောခဲ့သည်။



အီရန်အပေါ်အမေရိကန်၏ ချဉ်းကပ်မှုသည် တီဟီရန်၏ လှုပ်ရှားမှုများကို ထိန်းချုပ်ရန် အရှေ့အလယ်ပိုင်းရှိ မဟာမိတ်များနှင့်အတူတကွ လုပ်ဆောင်ရန်ဖြစ်ကြောင်း အိမ်ဖြူတော်အကြီးအကဲ ဂျွန်ကယ်လီက ပြောခဲ့သည်။ **(ရိုက်တာ)**

## အီရန်ရုပ်သံလိုင်း ဝန်ထမ်းများ လိုက်ပါလာသော ကားတစ်စီးအား စစ်သွေးကြွများ တိုက်ခိုက်

**တီဟီရန် အောက်တိုဘာ ၁၃**

ယမန်နေ့ညက ဆီးရီးယားနိုင်ငံ အယ်လ်မာယာဒင်းမြို့၌ အီရန်ပိုင်ရုပ်သံလိုင်းဝန်ထမ်းများလိုက်ပါလာသော ကားတစ်စီးအား အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံပိုင် အိုင်အာအိုင်ဘီ ရုပ်သံလိုင်းက မကြာသေးမီတွင် ထုတ်လွှင့်ခဲ့သည်။

အိုင်အက်စ် အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် ယာဉ်ထိခိုက်ပျက်စီးသွားခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် ဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

အယ်လ်မာယာဒင်းမြို့သည် ဆီးရီးယားနိုင်ငံအရှေ့တောင်ပိုင်း ဒယ်ယာအယ်လ်ဇာမြို့အတွင်း ကျန်ရှိနေသည့် အိုင်အက်စ်တို့၏ ခြေကုပ်ယူရာစခန်းများအနက်တစ်ခုဖြစ်သည်။

မကြာသေးမီက ဆီးရီးယားတပ်ဖွဲ့နှင့် မဟာမိတ်တပ်ဖွဲ့များသည် အဆိုပါနေရာကိုထိုးစစ်ဆင်ခဲ့ပြီး အယ်လ်မာယာဒင်းမြို့ကို ဝန်းရံခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## လျှို့ဝှက်ထောက်လှမ်းမှု လုပ်ဆောင်သည်ဟုဆိုကာ ဂျပန်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီး

**ပေကျင်း အောက်တိုဘာ ၁၃**

ပြီးခဲ့သည့်လအတွင်းက တရုတ်နိုင်ငံတွင် ဂျပန်နိုင်ငံသားနှစ်ဦးဖမ်းဆီးခံခဲ့ရကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ဂျပန်နိုင်ငံသားနှစ်ဦးသည် ပြီးခဲ့သည့် မတ်လအတွင်းက တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်ပြည်နယ်နှင့် တောင်ပိုင်းဟိုင်နန်ကျွန်းပေါ်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် ဂျပန်နိုင်ငံသားခြောက်ဦးပါဝင်သည့်အဖွဲ့မှ ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းတို့ခြောက်ဦးလုံးကို နွေရာသီဖွံ့ဖြိုးရေးကိစ္စများတွင် အလုပ်လုပ်ကိုင်ရန် တရုတ်ကုမ္ပဏီများ၏ တောင်းဆိုချက်အရ တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ခြောက်ဦးအနက်လေးဦးမှာ ပြီးခဲ့သည့် ဇူလိုင်လက ပြန်လွှတ်လာခဲ့သည်။

တရုတ်အာဏာပိုင်များသည် ဂျပန်နိုင်ငံသားနှစ်ဦးကို နိုင်ငံတော်ဆိုင်ရာလျှို့ဝှက် အချက်အလက်များ ခိုးယူသည်ဟု သံသယရှိသောကြောင့် စုံစမ်းစစ်ဆေးလျက် ရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ သတင်းမီဒီယာကဖော်ပြခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ဘူမိဗေဒဆိုင်ရာအကဲဖြတ်ဆောင်ရွက်မှုများကို ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ဟု အဆိုပါသတင်းမီဒီယာက စွပ်စွဲထားသည်။
**(အင်န်အိတ်ချ်ကေ)**

# အိုဘားမားလက်ထက် ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ကို ပြောင်းလဲမည့် အမိန့်ထုတ်ပြန်ချက်ကို ထရန့်လက်မှတ်ရေးထိုး

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အိုဘားမားကဲဟု လူသိများသည့် ကျန်းမာရေးစောင့်ရှောက်ရေးဥပဒေကို ပြောင်းလဲမည့် အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်ရေး စီမံချက်သည် ယခင်အမေရိကန်သမ္မတ ဟောင်းအိုဘားမားလက်ထက်က အစပြုခဲ့သည့် စီမံချက်ဖြစ်ပြီး ယင်းစီမံချက်ကို ပယ်ဖျက်ရန်နှင့်အစားထိုးပြောင်းလဲရန် ထရန့်က ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် မဲဆွယ်စည်းရုံးရာ၌အဓိက အသုံးပြုခဲ့သည့် ကတိပေးအပ်မှုဖြစ်သည်။

သို့သော်လည်း အိုဘားမားကဲ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ကို ပြောင်းလဲပစ်ရန် ကြိုးပမ်းမှုသည် ဒီမိုကရက်တစ်ပါတီဝင်များနှင့် ရီပတ်ဘလစ်ကန်ပါတီဝင်အချို့၏ ကန့်ကွက်ဆန့်ကျင်မှုများကို ရင်ဆိုင်ခဲ့ရသည်။



အမိန့်ထုတ်ပြန်ချက်တွင် ထရန့်က အိုဘားမားကဲ ကျန်းမာရေးစောင့်ရှောက်မှု၏ ကုန်ကျစရိတ်ကြီးမြင့်မှုနှင့်ပတ်သက်၍ ပြည်သူလူထု၏ မကျေနပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ဆောင်ရွက်ထားကြောင်းနှင့်ကုန်ကျစရိတ် နည်းပါးစေရန်အတွက် မူဝါဒပိုင်းဆိုင်ရာများကို အဆင့်မြှင့်တင်သွားရန် အစိုးရအဖွဲ့သို့ တိုက်ရိုက်ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ယခု အမိန့်ထုတ်ပြန်ချက်သည် အစပိုင်းသာရှိသေးပြီး လာမည့်လများတွင် အမေရိကန်နိုင်ငံသားများအတွက် ပိုမိုသက်သာချောင်ချိပြီး ပိုမိုလွတ်လပ်သည့် စီမံဆောင်ရွက်ချက်များပြုလုပ်ရန် စီစဉ်ထားကြောင်း ထရန့်က ပြောကြားခဲ့ကြောင်း သိရသည်။

အားလုံးအတွက် အိုဘားမားကဲ ကျန်းမာရေးစောင့်ရှောက်မှုကို ဖျက်သိမ်းရေးနှင့် အစားထိုးပြောင်းလဲရေးကို အပြီးဆောင်ရွက်ရန် ကွန်ဂရက်လွှတ်တော်ကို ပြင်းပြင်းထန်ထန်ဖိအားပေးသွားမည်ဖြစ်ကြောင်း ထရန့်ကပြောကြားခဲ့သည်။
**(ရိုက်တာ)**

# တူးဖော်တွေ့ရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှုသမိုင်းဝင် နန်ယွီဘုရင့်တိုင်းပြည်

တင်လင်းအောင်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးမြို့လယ်ကောင်၌တည်ရှိပြီး နန်ဟန်နှင့် နန်ယွီဘုရင့်တိုင်းပြည်မှ နန်းတော်များပေါင်းစပ်ထားသော ဒေသ။ အဆိုပါဒေသတွင် နန်ယွီနန်းတော်နှင့် ဥယျာဉ်များသာမက နန်ဟန်တိုင်းပြည်၏ နန်းတော်များကိုလည်း တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါဒေသကို အမျိုးသားယဉ်ကျေးမှုဒေသအဖြစ် ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၂ ခုနှစ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော ၁၀ ရာစုလောက်က နန်ဟန်တိုင်းပြည်ကို ကွမ်ကျိုးတွင် စတင်တည်ထောင်ခဲ့သည်။ ကွမ်ကျိုးသည် သမိုင်းဆိုင်ရာယဉ်ကျေးမှုများ တိုးတက်ထွန်းကားရာနေရာအဖြစ် ကျော်ကြားခဲ့သည်။ ကွမ်ကျိုးတွင် တည်ရှိသော ယခင်နန်ဟန်တိုင်းပြည်သည် တစ်ခေတ်တစ်ခါက ပင်လယ်ရပ်ခြားကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရာနေရာတစ်ခုဖြစ်ခဲ့သလို နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများကိုလည်း မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသော နေရာဖြစ်သည်။

တန်မင်းဆက် ပြိုလဲသွားရာမှ အစပြုကာ တရုတ်နိုင်ငံသမိုင်းတွင် မင်းဆက်ငါးဆက်နှင့် တိုင်းပြည် ၁၀ ပြည်ဟုခေါ်ဆိုသော ခေတ်သို့ရောက်ရှိ လာခဲ့သည်။ ခရစ်နှစ် ၉၁၇ တွင် လင်းနန်ဒေသကို ထိန်းချုပ်နိုင်ခဲ့သည့်အတွက် တန်မင်းဆက်၏ စစ်ဘက်ဆိုင်ရာမင်းကြီး လျိုယန်သည် အဆိုပါဒေသတွင် နန်ဟန်တိုင်းပြည်ကိုတည်ထောင်ခဲ့သည်။ ထို့အပြင်သူ့ကိုယ်သူ ဘုရင်အဖြစ်သတ်မှတ်အုပ်ချုပ်ခဲ့သည်။ ၎င်းတည်ထောင်ခဲ့သော တိုင်းပြည်ကို ဒယ်ယွီဟုခေါ်ဆိုခဲ့ပြီး ချင်ဟန်မင်းပြုသောခေတ်ဟု ခေါ်ဆိုခဲ့သည်။

နောက်တစ်နှစ်တွင် သူ၏တိုင်းပြည်ကို ဟန်တိုင်းပြည်အဖြစ် နာမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ အဆိုပါ ဟန်ဆိုသည့်နာမည်ကို သမိုင်းစာအုပ်များတွင် နန်ဟန်ဟု ခေါ်ဆိုကြသည်။ နန်ဟန်တိုင်းပြည်သည် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်လောက် တည်တံ့ကြာမြင့်ခဲ့သည့် တိုင်းပြည် ၁၀ ပြည် အနက်မှ တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့အပြင် လက်ရှိကွမ်ကျိုးကိုလည်း တိုင်းပြည်၏မြို့တော်အဖြစ်



တူးဖော်တွေ့ရှိသော ရှေးဟောင်းယဉ်ကျေးမှုနေရာတစ်ခုကို တွေ့ရစဉ်

သတ်မှတ်ခဲ့ကာ ဆင်ဝမ်ဖုအဖြစ် အမည်ပေးခဲ့သည်။ သူမင်းပြုစိုးစံသည့်ကာလတွင် လျိုယန်သည် လူမှုရေးတည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မည့် ဆောင်ရွက်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့သည်။ ထို့အတူ နန်ဟန်တိုင်းပြည်သည် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နိုင်ငံရပ်ခြားကုန်သွယ်မှုလည်း ဖွံ့ဖြိုးလာသည့် မြို့တစ်မြို့ဖြစ်လာခဲ့သည်။

လျိုယန်သည် သူ၏အုပ်ချုပ်မှုနှင့် ထုံးတမ်းဓလေ့များကို တန်မင်းဆက်စံနှုန်းများအတိုင်းတည်ထောင်ခဲ့ပြီး အိမ်နီးချင်းကောင်းတိုင်းပြည်များနှင့် သံတမန်မူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ သူ၏မင်းပြုစိုးစံမှုအောက်တွင် နိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ချမ်းသာကြွယ်ဝမှုများ အများအပြား စုဆောင်းရမိခဲ့ပြီး အမျိုးသားရေးစိတ်ဓာတ်များလည်း ကြီးထွားလာခဲ့သည်။ သူ၏နောက်ပိုင်းနှစ်များတွင် လျိုယန်သည် ရသမျှနည်းလမ်းများဖြင့် ရတနာများကို ရယူစုဆောင်းလာခဲ့ပြီး ခမ်းနားကြီးကျယ်လှသော နန်းတော်များနှင့် ဥယျာဉ်များကို တည်ဆောက်ခဲ့သည်။

နောက်ပိုင်း နန်းတွင်းတွင် သူတစ်လူငါတမင်းစိတ်များနှင့် ပဋိပက္ခများကြောင့် တိုင်းပြည်နိဂုံးချုပ်စေမည့် ဆူပူအုံကြွမှုများ ဖြစ်လာတော့သည်။ နောက်ဆုံးတွင် သူတည်ထောင်ခဲ့သော တိုင်းပြည်ကြီးမှာ ကျဆုံးခန်းသို့ ရောက်လာတော့သည်။ ယခုအခါတွင် နန်ဟန်တိုင်းပြည်သည် ကွမ်ကျိုး၏ ကျေးလက်ဖွံ့ဖြိုးမှုများအောက်တွင် ဆက်လက်ရပ်တည်လျက်ရှိသည်။ အဆိုပါဒေသတွင် နန်းတော်များနှင့် ဥယျာဉ်များကို ယခင်က အမြောက်အမြားတည်ဆောက်ခဲ့ကြောင်း သိရသည်။ တိုင်းပြည်ပျက်စီးနိဂုံးချုပ်သည်နှင့် တစ်ပြိုင်နက်တည်း အဆိုပါ ခမ်းနားကြီးကျယ်လှသည့် အဆောက်အအုံများသည်လည်း တဖြည်းဖြည်းချင်းပျက်စီးလာပြီး သမိုင်းအောက်တွင် ဖုန်မှုန့်၊ သဲမှုန့်များနှင့် အတူ တိမ်မြုပ်ပျောက်ကွယ်သွားတော့သည်။

၁၉၅၀ ပြည့်လွန်နှစ်များက တော်ဝင်နန်းတော်ရာများနှင့် နန်ဟန်တိုင်းပြည်၊ ထို့အပြင် ဘုရင်များ၏ အုတ်ဂူများကို တစ်ခုပြီးတစ်ခု တူးဖော်တွေ့ရှိခဲ့သည်။ တူးဖော်တွေ့ရှိခဲ့သော သမိုင်းအထောက်အထားများကို တွက်ချက်ကြည့်မည်ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်လောက်ကတည်းက နန်းတော်များနှင့် ဥယျာဉ်များတည်ရှိခဲ့မည်ဟု ခန့်မှန်းရသည်။

ဘုရင့်နန်းတော်သည် မြို့တော်၏ မြောက်ပိုင်းတွင် တည်ရှိခဲ့ပြီး အဆိုပါနေရာတွင် တော်ဝင်မိသားစုမင်းဆွေမင်းမျိုးများနေထိုင်ခဲ့ကြောင်းသိရပြီး နိုင်ငံ့အရေးများဖြေရှင်းခဲ့ကြောင်း သိရသည်။

နန်းတော်ကြီး၏ တောင်ပိုင်းတွင် တော်ဝင်ပရိဝုဏ်တည်ရှိပြီး ယင်းနေရာတွင် ဗဟိုအစိုးရရုံးများကို စုစည်းတည်ဆောက်ထားကြောင်း သိရသည်။ တော်ဝင်ပရိဝုဏ်တောင်ပိုင်းမှ မြောက်ပိုင်းပုလဲမြစ်အထိတွင် စီးပွားရေးစင်တာရှိပြီး ယင်းကိုတောင်ပိုင်းပြည်နယ်သစ်ဟု ခေါ်ကြသည်။

နန်ဟန်တိုင်းပြည်သည် မြို့တော်၏ မြောက်ပိုင်းတွင်တည်ရှိပြီး ယနေ့ခေတ် ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသော ပေကျင်းလူလမ်းအနီးတွင်ရှိကြောင်း သိရသည်။ သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများအရ နန်းတော်တွင် စုဝေးခန်းမကြီးများအမြောက်အမြားပါရှိကြောင်း သိရသည်။ ယခုအချိန်တွင် အဆိုပါစုဝေးခန်းမကြီးများအနက် ခန်းမကြီးသုံးခုကို ပြန်လည်တူးဖော်တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အမှတ် ၂ စုဝေးခန်းမသည် မြို့တော်ထွက်ပေါက်တည်ရှိရာ မြောက်စွန်းစွန်း၌ တည်ရှိခဲ့ပြီး ကွပ်ကဲအုပ်ချုပ်မှုပြုလုပ်ရာ အဓိကနေရာဖြစ်ကြောင်း သိရသည်။ နန်းတော်ကြီး၏ အရှေ့ဘက်တွင် မျှော်စင်များ၊ မဏ္ဍပ်များနှင့် ရေကန်များပါဝင်သော ဥယျာဉ်ကြီးတစ်ခုလည်း တည်ရှိကြောင်း သိရှိခဲ့ရသည်။ အဆိုပါ နေရာတွင် ဘုရင်အနားယူအပန်းဖြေလေ့ရှိကြောင်း သိရသည်။

နန်ဟန်ခေတ်တွင် ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံရပ်ခြားကုန်သွယ်ရေးမှာ အံ့မခန်းတိုးတက်လာခဲ့သည်ဟု မှတ်ယူရမည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်အခါက နိုင်ငံခြားတိုင်းပြည်များမှ ပစ္စည်းများနှင့် ဒေသတွင်းနိုင်ငံများမှ ပစ္စည်းများကို အဆိုပါ နန်းတော်ဟောင်းနေရာတွင် တူးဖော်တွေ့ရှိခဲ့သောကြောင့် ထိုသို့ကောက်ချက်ချပြောဆိုနိုင်ခြင်းဖြစ်မည်ဟု မှတ်ယူရသည်။

မကြာသေးမီကလည်း နန်ဟန်တိုင်းပြည်၏ ရွှေ၊ ငွေချောင်းများနှင့် ပိုက်ဆံများကိုလည်း အင်ဒိုနီးရှားကမ်းလွန်တစ်နေရာတွင် ဆယ်ယူရရှိခဲ့သော သင်္ဘောပျက်တစ်စင်းမှ ရှာဖွေတွေ့ရှိခဲ့သေးသည်။ ရှေးဟောင်းသုတေသနနှင့် သမိုင်းဆိုင်ရာ အထောက်အထားများ တွေ့ရှိမှုကလည်း နန်ဟန်ခေတ်က ပင်လယ်ရေလမ်းကြောင်းများတွင်လည်း တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့မှတစ်ဆင့် ရေမြေခြားတိုင်းပြည်များနှင့် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ကြောင်း သက်သေပြခဲ့သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ထို့အပြင် နန်ဟန်ခေတ် (၉၁၇-၉၇၁)တွင် ရေတွင်းရေကန်များတူးသည့် အလေ့အထများလည်း ရှိခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။ ထိုခေတ်ထိုအခါက ပုံဖော်ခဲ့သော ရေတွင်းရေကန်များမှာလည်း တည်ဆောက်ပုံကောင်းမွန်လှကြောင်း သိရသည်။

ထိုခေတ်ထိုအခါက ရေတွင်းရေကန်များနှင့်ပတ်သက်ပြီး ဆိုရိုးတစ်ခုရှိခဲ့သည်။ အဆိုပါ ဆိုရိုးစကားမှာ နေထွက်လာလျှင် အလုပ်လုပ်၊ နေဝင်သွားလျှင် အနားယူ။ ရေအတွက် ရေတွင်းကောင်းကောင်းတူးကြ။ အစာအတွက် နေရာမြေကောင်းကောင်းရှာကြဟု ဖြစ်ပေရာ ထိုခေတ်က တရုတ်လူမျိုးတို့၏ နေ့စဉ်ဘဝကို ခန့်မှန်းကြည့်နိုင်လေသည်။

ရှေးဟောင်းသုတေသနဆိုင်ရာ တွေ့ရှိချက်များက ချင်း-ဟန်ခေတ်ကတည်းက ရှေးခေတ်တရုတ်လူမျိုးများသည် ကွမ်ကျိုးအရပ်တွင် ရေတွင်းရေကန်များ မြောက်မြားစွာတူးဖော်ခဲ့ကြကြောင်း သိရှိရသည်။

ဟန်မင်းဆက် နောက်ပိုင်းတွင် ရေတွင်းရေကန်တူးသည့် နည်းပညာများမှာ တိုးတက်မှုများရှိလာခဲ့ကြောင်း ခန့်မှန်းတွက်ချက်နိုင်လေသည်။

ရေတွင်းရေကန်တူးဖော်သည့် နည်းပညာများသည် ရှေးခေတ်တရုတ်လူမျိုးတို့၏ နေ့စဉ်ဘဝတွင် အလွန်အရေးကြီးလျက်ရှိသည်။ ယင်းတို့သည် ပင်လယ်နှင့်နီးသော ဒေသများကို စွန့်ခွာကာ ကုန်းတွင်းပိုင်းတွင် နေထိုင်မှုကို ပိုမိုပြုလုပ်လာသောကြောင့် ထိုသို့ ရေတွင်းရေကန်တူးသည့်ဓလေ့သည် သူတို့၏ လူနေမှုဘဝတွင် အရေးပါခဲ့လေသည်။

တူးဖော်တွေ့ရှိခဲ့သော နန်ယွီဘုရင့်တိုင်းပြည်သည် ကန်တုံဒေသခံများအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်နေရာတစ်ခုအဖြစ်သာမက တရုတ်နိုင်ငံ၏ ဂုဏ်ယူဝင့်ကြွားဖွယ်နေရာတစ်ခုအဖြစ် နှောင်နှစ်ပေါင်းများစွာ ရှင်သန်ရပ်တည်နေမည်ဖြစ်ကြောင်း။ ။



ရှေးဘုရင်များလက်ထက်က ရေခင်ရာတွင် အသုံးပြုသည့် ချိတ်များကို တွေ့ရစဉ်

## နိုင်ငံတကာ သတင်းတိုထွာ

### ရေတပ်အုပ်ချုပ်ရေးအရာရှိ နှစ်ဦးအား တာဝန်မှအနားပေး

**ဝါရှင်တန် အောက်တိုဘာ ၁၃**

လွန်ခဲ့သော နှစ်လခန့်က စင်ကာပူကမ်းလွန်တစ်နေရာတွင် အမေရိကန်ဖျက်သင်္ဘော USS John S.Mc Cain သည် ရေနံတင်သင်္ဘောတစ်စင်းနှင့်တိုက်မိခဲ့ပြီး သင်္ဘောသား ၁၀ ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး အမေရိကန်ရေတပ်က ရေတပ်အုပ်ချုပ်ရေးအရာရှိနှစ်ဦးအား တာဝန်မှအနားပေးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ရေတပ်အုပ်ချုပ်ရေးအရာရှိဖြစ်သူ အယ်လ်ဖရီဒိုဂျေဆန်ချက်နှင့် အမှုဆောင်အရာရှိ ဂျက်ဆီအယ်လ်ဆန်ချက်တို့ကို ဒုတိယရေတပ်ဗိုလ်ချုပ် ဖီလ်စောယာက တာဝန်မှအနားပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အရာရှိနှစ်ဦးလုံးမှာ တာဝန်ပေးအပ်ရန် စိတ်မချရသောကြောင့် တာဝန်မှ အနားပေးလိုက်ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့ကို ဂျပန်နိုင်ငံတွင် အခြား တာဝန်များပေးအပ်လိုက်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

(ဆင်ဟွာ)

### ကင်းစခန်းအား စီးနင်းသည့် အကြမ်းဖက်သမားများကို နိုင်ဂျီးရီးယားတပ်ဖွဲ့ ပြန်လည်မောင်းထုတ်နိုင်ခဲ့

**လာဂို့စ် အောက်တိုဘာ ၁၃**

နိုင်ဂျီးရီးယားတပ်ဖွဲ့များသည် ဘော်နိုအရှေ့မြောက်ဘက် ဂိုဇာဒေသ၌ အကြမ်းဖက်သမားများက ကင်းစခန်းအား ဝင်ရောက်ရန်ကြိုးစားမှုကို ဟန့်တားအောင်မြင်ခဲ့သလို ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူ ၁၅ဦးခန့်ကိုလည်း သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ဗိုလ်မှူးချုပ် ဆာနီကူကာရှိကာက အဆိုပါ စစ်ဆင်ရေးတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်တစ်ဦးလည်း ကျဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် သောင်းကျန်းသူများက ကင်းစခန်းအားဝင်ရောက်စီးနင်းရန်ကြိုးစားစဉ် နိုင်ဂျီးရီးယားတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကားများ၊ အားကောင်းသည့် လက်နက်များဖြင့် ကျူးကျော်လာသည့် သောင်းကျန်းသူများကို နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များကလည်း လက်နက်ကြီးများကို အသုံးပြု၍ ပြန်လည်တိုက်ခိုက်ခဲ့ရကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ သောင်းကျန်းသူ အများစုမှာ လက်နက်ဒဏ်ရာများဖြင့် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

(ဆင်ဟွာ)

# ပျားမွေးမြူရေးအခြေခံသင်တန်း လွိုင်ကော်မြို့၌ ဖွင့်လှစ်

**လွိုင်ကော် အောက်တိုဘာ ၁၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကယားပြည်နယ် ပျားလုပ်ငန်းဌာနနှင့် TAG International Development တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၇-၂၀၁၈ ခုနှစ် ပျားမွေးမြူရေးအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က လွိုင်ကော်မြို့ ပျားလုပ်ငန်းဌာနရုံး၌ ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ပျားမွေးမြူရေးလုပ်ငန်းသည် ပျားတို့၏ ဝတ်မှုန်ကူးခြင်းဖြင့် စိုက်ပျိုးသီးနှံများကို ပိုမိုဖြစ်ထွန်းအောင်မြင်စေနိုင်သည့်အတွက် စိုက်ပျိုးရေးကို ကြီးမားစွာ အထောက်အကူပြုသော လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးသီးနှံများအထွက်တိုးသည့်ဝင်ငွေအပြင် ပျားရည်နှင့် ပျားထွက်ပစ္စည်းများမှရသည့် အပိုဝင်ငွေကိုပါ ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စိုက်ပျိုးသီးနှံများ ဝတ်မှုန်ကူးဝန်ဆောင်မှု ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ပျားမွေးမြူရေးသင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယခုသင်တန်းသည် နည်းပညာပေးရုံသက်သက်မဟုတ်ဘဲ ပျားမွေးမြူရေးလုပ်ငန်းကို သင်တန်းသားများ လိုက်ပါဆောင်ရွက်နိုင်ရန် စာတွေ့လက်တွေ့သင်ကြားပို့ချခြင်း၊ ပျားအုပ်များနှင့် လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အရည်အသွေးမီထုတ်ကုန်များ ဈေးကွက်တွင် ဈေးကောင်းရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ ထို့နောက် TAG International Development, Plan Bee Project Manager ဒေါ်သီတာဝင်းက ပျားမွေးမြူရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါပျားမွေးမြူရေးသင်တန်းသို့ သင်တန်းသား ၃၂ ဦး တက်ရောက်၍ သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားတစ်ဦးလျှင် ပျားအုံပါ ပျားမွေးမြူရေးသေတ္တာ အလုံး ၂၀ စီကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၂ ရွာသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်

**ကျောင်းကုန်း အောက်တိုဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၂ ရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင် ဆောင်ရွက်မည်ဖြစ်ကာ အဆိုပါ စီမံကိန်း ၁၂ ယူနစ်အတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထိုရန်ပုံငွေများကို မိမိတို့ကျေးရွာအတွက် အကျိုးရှိစွာ သုံးစွဲကြစေလိုကြောင်း ကျေးရွာ စီမံကိန်းကော်မတီဝင်များအား မှာကြားသည်။

ထို့နောက် စီမံကိန်းကျေးရွာတစ်ရွာစီသို့ ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို တာဝန်ရှိသူများက ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ကျောင်းကုန်းမြို့နယ်တွင် ယခု မြစိမ်းရောင်စီမံကိန်း ထပ်မံအကောင်အထည်ဖော်မည့် ကျေးရွာ ၁၂ ရွာ အပါအဝင် စီမံကိန်းကို အကောင်အထည်ဖော်ထားသည့် ကျေးရွာ ၅၈ ရွာရှိပြီဖြစ်ကြောင်း သိရသည်။
**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျေးလက်ရေပေးဝေရေးလုပ်ငန်းများကို ဝန်ထမ်းသင်တန်းသားများ လက်တွေ့ကွင်းဆင်းလေ့လာ



**ညောင်ဦး အောက်တိုဘာ ၁၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် အင်ဂျင်နီယာနှင့် ဘူမိဗေဒဘာသာရပ်(မွမ်းမံ)သင်တန်း အမှတ်စဉ်(၄/၂၀၁၇)မှ သင်တန်းသား ၁၀၅ ဦး အဖွဲ့သည် သင်တန်းနည်းပြဆရာများနှင့် သင်တန်းကြီးကြပ်အဖွဲ့များ လိုက်ပါ၍ ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေပုံကို စာတွေ့ လက်တွေ့ မြေပြင်ကွင်းဆင်း လေ့လာသင်ကြားနိုင်ရန် အောက်တိုဘာ ၁၁ ရက်က ညောင်ဦးမြို့သို့ ရောက်ရှိနေကြကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ အင်ဂျင်နီယာဝန်ထမ်း သင်တန်းသား၊ သင်တန်းသူများအဖွဲ့သည် ညောင်ဦးမြို့ အောင်မြေသာရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသည့် သင်တန်းခန်းမတွင် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ အင်ဂျင်နီယာဘာသာရပ်နှင့် ဘူမိဗေဒဘာသာရပ် သင်ခန်းစာများကို လေ့လာသင်ယူခြင်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့်ပတ်သက်သည့် နည်းပညာများကို မြေပြင်ကွင်းဆင်း လေ့လာခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**ရဲဝင်းနိုင် (ညောင်ဦး)**

# နတ်တလင်းမြို့နယ်တွင် ခွေးလှေးယားအနက်ပင်မျိုးများ စီးပွားဖြစ်စိုက်ပျိုးလာ

**နတ်တလင်း အောက်တိုဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်းရှိ ကုန်းလယ်မြေအချို့တွင် တောင်သူများအနေဖြင့် အိန္ဒိယမျိုးခွေးလှေးယားအနက်ပင်များကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

နတ်တလင်းမြို့နယ် လုပခြင်းကျေးရွာနှင့် ရွှေကြာပင်ရွာကြား လမ်းဘေးကုန်းလယ်မြေများတွင် အဆိုပါ အိန္ဒိယမျိုးခွေးလှေးယားအနက်ပင်များကို စိုက်ပျိုးထားသော တောင်သူကိုကျော်လွင်ဦးက "ကျွန်တော် အခုစိုက်ပျိုးထားတဲ့လယ်မြေက ယခင် မတ်ပဲစိုက်ပျိုးတဲ့လယ်တွေပါ။ အစားထိုးသီးနှံစိုက်ပျိုးရာမှာ စိုက်ပျိုးရေးပညာ နားလည်တတ်ကျွမ်းပြီး လက်တွေ့စိုက်ပျိုးနေတဲ့သူတွေဆီမှာ လေ့လာပြီး စိုက်ပျိုးတာပါ။ အပင်မျိုးစေ့ကို မကွေးမြို့က မှာယူတာပါ။ တချို့လည်း စစ်ကိုင်းတိုင်းဘက်ကို မှာယူကြတာရှိတယ်။ ကိုယ့်အဆက်အသွယ်နဲ့ကိုယ် မှာယူကြတယ်။ ဇူလိုင်လဆန်းပိုင်းမှာ အပင်မစိုက်ပျိုးမီ လယ်မြေကိုထွန်ယက်ပြီး တစ်တောင်သာသာခွာပြီး ပေါင်ဆွဲရတယ်။ ပေါင်ပေါ်မှာ ခြောက်ပေ အကွာထားပြီး မျိုးစေ့ချစိုက်ပျိုးရတယ်။ စိုက်ပျိုးပြီး ၆၅ ရက်အကြာမှာ အဖူးအပွင့်လိုက်လာပါပြီ။ စိုက်ပျိုးခါစမှာ အပင်ပေါက်နှုန်းကိုကြည့်ရတယ်။ အပင်မပေါက်တာတို့ အပင်သေတာတို့ရှိခဲ့ရင် အဲဒီနေရာကို ထပ်စိုက်ပေးရတယ်။ အပင်က သဲမြေနဲ့ရေစိမ့်ဝင်တာကို မကြိုက်ဘူး။ ဓာတုဆေးမဖျန်းရဘူး"ဟု စိုက်ပျိုးပုံအဆင့်ဆင့်ကို ရှင်းပြသည်။



စိုက်ပျိုးထားသောအပင်များမှ အကျိုးအမြတ်ရရှိမှုအခြေအနေကိုလည်း "ခွေးလှေးယားအနက်စေ့ တစ်တင်း ၂၀ ပိဿာကို ၅၀၀၀၀ ကျပ်ဈေးနဲ့ စာချုပ်ပြီးသားပါ။ ကျွန်တော်စိုက်ပျိုးထားတာ နှစ်ဧကရှိတယ်။ ရင်းနှီးထားရတာ ထွန်ယက်စိုက်ပျိုးစရိတ်၊ မျိုးစေ့ဖိုး၊ ဆေးဖိုး စုစုပေါင်း ကျပ် ၂၅ သိန်းခန့် ခန့်ကုန်ကျတယ်။ အထွက်နှုန်းခန့်မှန်းချက်ကတော့ အသီးလိုက်နေပြီဖြစ်တဲ့အတွက် တစ်ဧကကို ၇၅ တင်းနဲ့ တင်း ၁၀၀ကြားမှာ ရှိမယ်။ နောက်နှစ်အတွက် စိုက်ပျိုးဖို့မလိုဘဲ အပင်က အသီးခြောက်အရွက်ခြောက်တဲ့အချိန်မှာ အပင်ခြေရင်းမှ တစ်တောင့်ထွာလောက်ဖြတ်ထားပြီး မနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေဖျန်းပေးလိုက်ရင် အပင်ငုတ်ကနေ အခက်တွေဝေဆာပြီး ပြန်လည်အဖူးအပွင့်ထွက်လာမှာဖြစ်တယ်။ စပြီးစိုက်ပျိုးရတာလောက် အရင်းအနှီးမကုန်တော့ပါဘူး။ ကျွန်တော့်ဆီကို ပတ်ဝန်းကျင်ကျေးရွာက တောင်သူတွေ လာရောက်လေ့လာကြတာများတယ်။ တောင်သူများအနေနဲ့လည်း ကုန်းလယ်မြေရှိပါက စိုက်ပျိုးသင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။
**တင်မြင့်(နတ်တလင်း)**

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၃**
အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့ ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးအထိမ်းအမှတ် အခမ်းအနားကို မြစ်ကြီးနားမြို့ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ကြောင်းကို သိရှိနားလည်ပြီး ကျန်းမာရေးဌာနအပါအဝင် အခြားဦးစီးဌာနများအားလုံးက ပြည်သူလူထုနှင့်အတူပူးပေါင်းကာ မျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က ကမ္ဘာ့မျက်မမြင်ပပျောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ NGO , INGO အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။
**(ပြည်နယ်ပြန်/ဆက်)**



# ကြက်ခြေနီအသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်း ဆွေးနွေး

**တပ်ကုန်း အောက်တိုဘာ ၁၃**
နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆေးရုံဟောင်းအစည်းအဝေးခန်းမ၌ ကြက်ခြေနီအသင်းခွဲဆိုင်ရာ စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ စေတနာလုပ်အားရှင် ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းရေးမှူး ဦးသက်ညီညီမင်း၊ အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေးအရာရှိ ဒေါ်ဟန်သီအေး၊ တပ်ကုန်းမြို့နယ် ကြက်ခြေနီအသင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများတက်ရောက်၍ ရပ်ကွက်၊ကျေးရွာများအတွင်းရှိ ပရဟိတ လူငယ်အဖွဲ့အစည်းများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံသူနာပြုအတတ်ပညာများအပေါ် စိတ်ပါဝင်စားရေး၊ ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ပြည်သူလူထုအကျိုးစီးပွားများ ကူညီဆောင်ရွက်စေရေးနှင့် မြို့နယ်ကြက်ခြေနီအသင်း၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို နှစ်ရက်ကြာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**တင်စိုးလွင်**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကြား မျှမျှတတဆောင်ရွက်ရမည့် အွန်လိုင်းရှော့ပင်များ

**သူရဖြိုး**




အောက်တိုဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် အွန်လိုင်းရှော့ပင်များ၌ တရားမဝင် ဆေးဝါးနှင့် အလှကုန်များ အပါအဝင် တရားမဝင်တင်သွင်းသော ကုန်ပစ္စည်းများ ရောင်းချနေမှုများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းခဲ့ပြီး တိုင်းဒေသကြီးအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအရလည်းကောင်း၊ လုပ်ငန်းလိုင်စင်မရှိဘဲ အခွန်လွတ်နေသည့်အပိုင်းအရလည်းကောင်း အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ အရေးယူမှုများပြုလုပ်ပါက ဥပဒေအရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ကြောင်းလည်း ဝန်ကြီးက ဖြေကြားခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အွန်လိုင်းရှော့ပင်များကြောင့် ထိခိုက်နစ်နာမှုများ ကြုံတွေ့ရဖူးသူများထံမှ ထောက်ခံပြောဆိုသံများ ထွက်လာခဲ့သလို အွန်လိုင်းရှော့ပင် လုပ်ကိုင်နေသူများထံမှ ဝေဖန်မှုများလည်း ရှိလာခဲ့သည်။

လက်ရှိအချိန်သည် မြန်မာနိုင်ငံ၌ အွန်လိုင်းမှဈေးရောင်းချမှု အထွန်းကားဆုံးအချိန် ဖြစ်နေပြီး ကိုယ်ပိုင်အွန်လိုင်းရှော့ပင် ဝက်ဘ်ဆိုက်များ အတော်များများ ရှိလာသလို လူမှုကွန်ရက် ဖေ့စ်ဘုတ်ပေါ်မှတစ်ဆင့် ကြော်ငြာရောင်းချနေကြခြင်းများမှာလည်း အများအပြားရှိသည်။ ထိုသို့ အရေအတွက် အများအပြားရှိနေသော အွန်လိုင်းရှော့ပင်များတွင် အဓိကအားဖြင့် ရောင်းချနေသော ကုန်ပစ္စည်းများကို အမျိုးအစားခွဲပါက အကြမ်းအားဖြင့် ပြင်ပတွင် တရားဝင်ရောင်းခွင့်မပြုထားသလို ရောင်းဝယ်ရန်လည်း ခက်ခဲသောပစ္စည်းများ၊ တရားမဝင် ကုန်ပစ္စည်းများ၊ တရားဝင်ကုန်ပစ္စည်းများဟု သုံးမျိုး ခွဲခြားနိုင်မည်ဖြစ်သည်။

ပြင်ပတွင် တရားဝင်ရောင်းခွင့်မပြုထားသလို ရောင်းရန်ခက်သော ပစ္စည်းများတွင် ကျင်စက်စသည့် လက်နက်သဖွယ်သုံးနိုင်သော ပစ္စည်းများ၊ အမျိုးသမီးလိင်စိတ်ကြွဆေး စသည်တို့ ပါဝင်သည်။ တရားမဝင်ကုန်ပစ္စည်းများတွင် ပြည်တွင်းရှိ FDA အပါအဝင် အဖွဲ့အစည်းများ၏ တရားဝင်ထောက်ခံချက် မရထားသော်လည်း အသုံးပြုသူအချို့အတွက် အဆင်ပြေစွာ သုံးနိုင်နေသော အလှကုန်နှင့် ဆေးဝါးအပါအဝင် ပစ္စည်းအမျိုးမျိုး၊ တရားဝင်တင်သွင်းလာခြင်းမဟုတ်သော်လည်း အသုံးပြုသူများအတွက် အဆင်ပြေစွာသုံးနိုင်သော ပစ္စည်းအမျိုးမျိုး ပါဝင်သည်။ တရားဝင်ကုန်ပစ္စည်းများမှာမူ ပြင်ပတွင်လည်း ပုံမှန်ရောင်းဝယ်နေသော ကုန်ပစ္စည်းများကို လူပိုသိစေရန် အွန်လိုင်းမှလည်းကြော်ငြာ၍ Delivery ပို့ဆောင် ရောင်းချခြင်းဖြစ်သည်။

ထိုအမျိုးအစားသုံးမျိုးတွင် ပထမအမျိုးအစားဖြစ်သည့် ပြင်ပတွင် တရားဝင်ရောင်းခွင့် လုံးဝပြုမထားသော ပစ္စည်းများကို ရောင်းချနေကြသည့် အွန်လိုင်းရှော့ပင်များမှာ လက်ရှိအချိန်တွင် အရေအတွက်အနည်းငယ်သာ တွေ့ရပြီး ထိထိရောက်ရောက် အရေးယူသင့်သည့် လုပ်ငန်းများဖြစ်သည်။

အွန်လိုင်းရှော့ပင်အများစုတွင် အရေအတွက်အများအပြားရှိနေသော လုပ်ငန်းများမှာ ဒုတိယနှင့် တတိယအမျိုးအစားဖြစ်သည့် တရားမဝင်ကုန်ပစ္စည်းများနှင့် တရားဝင်ကုန်ပစ္စည်းများ ဖြစ်သည်။ ပြင်ပတွင် တရားဝင်ရောင်းနိုင်သော ကုန်ပစ္စည်းများကို အွန်လိုင်းမှကြော်ငြာရောင်းချခြင်းမှာ ဈေးရောင်းသည့်နည်းလမ်းအမျိုးမျိုးအနက် နည်းလမ်းသစ်တစ်ခုအနေဖြင့် ရောင်းချခြင်းသာဖြစ်၍ ထိုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် အားပေးရမည်ဖြစ်သည်။ တရားဝင်ထောက်ခံချက်များ မရှိထားသော်လည်း အချို့ကုန်ပစ္စည်းနှင့် ဆေးဝါးများမှာ ဈေးကွက်တွင် လူကြိုက်များမှုကြောင့် ရောင်းချနေကြခြင်းဖြစ်ရာ ထိုသို့ ရောင်းချမှုများကိုမူ တရားဝင်ဖြစ်အောင် လုပ်ဆောင်နိုင်မည့် လွယ်ကူသောနည်းလမ်းမျိုး သတ်မှတ်ပေးခြင်းဖြင့် ပို၍ အဆင်ပြေစေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အွန်လိုင်းရှော့ပင်များကို ဖွင့်လှစ်ရောင်းချမှု များလာခြင်း၏ အဓိကအချက်မှာ အရင်းအနှီးအနည်းငယ်ဖြင့် လုပ်နိုင်သော စီးပွားရေးအခွင့်အလမ်းတစ်ခု ဖြစ်နေသောကြောင့်ဖြစ်သည်။ ပြင်ပတွင် ဆိုင်ခန်းတစ်ခန်းဖွင့်မည်ဆိုပါက နေရာအတွက် ကုန်ကျစရိတ်တစ်ခုတည်းပင် အလွန်များနေ၍ နေရာအတွက်ကုန်ကျစရိတ် လုံးဝမရှိသော အွန်လိုင်းရှော့ပင်ကို လူအများ စိတ်ဝင်စားလာကြခြင်းဖြစ်ကာ အွန်လိုင်းရှော့ပင်ကို လုပ်ကိုင်နေကြသူများထဲတွင် လူငယ်များ၊ ကျောင်းသားများလည်း အများစု ပါဝင်နေကြသည်။

အွန်လိုင်းရှော့ပင်လုပ်ရန်အတွက် ဆိုင်အတွက်ကုန်ကျစရိတ်မရှိသလို အခြားကုန်ကျစရိတ်လည်း များများစားစား မရှိဘဲ လုပ်ကိုင်နိုင်သည်။ ကုန်ပစ္စည်းထုတ်လုပ်သူများ၊ Whole Sale များနှင့် ချိတ်ဆက်ထားပြီး ထို Whole sale များမှ ကုန်ပစ္စည်းများကို အွန်လိုင်းတွင် ကြော်ငြာပေးကာ ဝယ်ယူသူဘက်မှ အမှာရှိချိန်တွင်မှ Whole sale မှယူ၍ ဝယ်သူထံ Delivery ပို့ပေးခြင်းဖြင့် လုပ်ကိုင်နိုင်သဖြင့် အရင်းအနှီးမှာ မရှိသလောက်နည်းသလို ငွေရင်းရချိန်မှာလည်း အလွန်တိုတောင်းသည်။ ဝယ်ရင်းထားပြီး ရောင်းရခြင်းထက် ဝယ်လိုသူရှိချိန်တွင်မှ Whole Sale ထံမှဝယ်ပြီး တစ်ဆင့်ပြန်ရောင်းခြင်းဖြစ်သည်။ ထို့ကြောင့် အွန်လိုင်းရှော့ပင်များကို လုပ်ကိုင်သူ များလာခြင်းဖြစ်သည်။

ပြည်တွင်း၌ အွန်လိုင်းရှော့ပင်များနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် ဝေဖန်မှုများရှိနေခြင်းမှာ မှန်မှန်ကန်ကန် လုပ်ကိုင်ရောင်းချနေသော အွန်လိုင်းရှော့ပင်များ အများအပြားရှိသလို မမှန်မကန် လုပ်ကိုင်နေသူအချို့လည်း ရှိနေခြင်းကြောင့်ဖြစ်သည်။ ကုန်ပစ္စည်းကို ကြော်ငြာချိန်တွင် တစ်မျိုး၊ Delivery ပို့ချိန်တွင် တစ်မျိုးရောင်းချသည့် အွန်လိုင်းရှော့ပင်တချို့ကြောင့် အွန်လိုင်းမှ ဈေးရောင်းသူအားလုံး နာမည်ပျက်ကြရသည်များ ရှိသည်။ ကြော်ငြာချိန်တွင် အလွန်အကြူးကြော်ငြာပြီး အရည်အသွေးမမီသည့် ပစ္စည်းများကို ရောင်းချသူအချို့ကြောင့်လည်း အွန်လိုင်းမှ ဈေးရောင်းသည့်လုပ်ငန်းအားလုံး နာမည်ပျက်ကြရသည်။ ရောင်းသူအချို့မှာ Delivery အချိန်မမှန်သည့် ပြဿနာများလည်း ရှိနေသည်။

အလှကုန်နှင့် ဆေးဝါးများကို အွန်လိုင်းရှော့ပင်များမှ ရောင်းချနေကြရာတွင် FDA ထောက်ခံချက်မရှိသော ဆေးဝါးများ ရောင်းချနေခြင်းမှာမူ စားသုံးသူများအတွက် အထူးအန္တရာယ်ကြီးသည်။ ရောင်းသူကိုယ်တိုင်က ရိုးရိုးသားသားဖြင့် ကိုယ်တွေ့သုံးဖူး၍ ကောင်းသဖြင့် ရောင်းချသော အလှကုန်တစ်ခု၊ ဆေးဝါးတစ်ခုပင်လျှင် အခြားသုံးသူတစ်ဦးနှင့် တည့်မည်/မတည့်မည်ကို အာမခံ၍မရသောကိစ္စဖြစ်သည်။ ရောင်းလိုက်သော အလှကုန် သို့မဟုတ် ဆေးဝါးတစ်ခုက ဝယ်သူနှင့်ဓာတ်မတည့်၍ ပြဿနာများဖြစ်လာပါက ရောင်းသူဘက်က မည်သို့တာဝန်ခံမည်ကို မေးခွန်းထုတ်စရာဖြစ်သည်။

အချို့မှာမူ ဖေ့စ်ဘုတ်တွင် Page ထောင်၍ ကုန်ပစ္စည်းများကြော်ငြာကာ အွန်လိုင်းရှော့ပင်ဟု အမည်ခံသော်လည်း အွန်လိုင်းရှော့ပင်ဟုပင် ဆို၍မရဘဲ ငွေကြိုလွှဲခိုင်းပြီး ငွေရသည်နှင့် ဖေ့စ်ဘုတ်အကောင့်နှင့် Page ကိုဖျက်ကာ လိမ်သွားသူများပင်ရှိသည်။ ရဲစခန်းတွင်တိုင်၍ ငွေလွှဲလိုက်သည့် ဘဏ်အကောင့်မှတစ်ဆင့် လိုက်လံရှာဖွေလျှင် ဖမ်းမိနိုင်သော်လည်း ငွေလွှဲမိသူများမှာ မများလှသော ငွေပမာဏကြောင့် အလုပ်ရှုပ်မခံတော့ဘဲ အလိမ်ခံလိုက်ရသည်များလည်း ရှိသည်။

သို့ဖြစ်၍ လက်ရှိအချိန်တွင် အွန်လိုင်းမှတစ်ဆင့် အဓိကအားဖြင့် ဖေ့စ်ဘုတ်ပေါ်မှတစ်ဆင့် ဈေးရောင်းချနေကြသော လုပ်ငန်းများကြောင့် စားသုံးသူများဘက်မှ နစ်နာမှုများကို ကာကွယ်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးကို လုပ်ရတော့မည်ဖြစ်သည်။ ထောက်ခံချက်မရှိသော ဆေးဝါးနှင့် အလှကုန်များ ရောင်းချခြင်း မရှိအောင်၊ အခြားကုန်ပစ္စည်းများ ရောင်းချရာတွင်လည်း လိမ်လည် ကြော်ငြာမှုများ မရှိအောင်၊ အွန်လိုင်းရှော့ပင်အမည်ခံ၍ လိမ်လည်မှုများ လုံးဝမရှိအောင် အဓိကထား၍ ဦးစားပေးရမည် ဖြစ်သည်။

လတ်တလောတွင် ပြေလည်စေမည့်နည်းလမ်းမှာ အွန်လိုင်းမှ ရောင်းချသူများအား တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်အတွက် အထောက်အထားတစ်ခုခု စိစစ်ထုတ်ပေးထားရန်ဖြစ်သည်။ ထိုသို့ အထောက်အထား ထုတ်ပေးထားခြင်းဖြင့် ဝယ်ယူမည့်သူများအနေဖြင့် တရားဝင်အထောက်အထားရထားသော ရောင်းချသူများကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သလို ရောင်းချသူများအနေဖြင့်လည်း တာဝန်ခံမှုရှိရမည်ဖြစ်၍ အရည်အသွေးထက်ပို၍ ကြော်ငြာနေခြင်းများကို ရှောင်ရှားလာကြမည်ဖြစ်သည်။

ထိုသို့ အွန်လိုင်းရှော့ပင်များအတွက် အထောက်အထားတစ်ခုခု ထုတ်ပေးရန် လုပ်ဆောင်ရာတွင် တင်းကြပ်လွန်းသော စည်းမျဉ်းများ၊ ခက်ခဲရှုပ်ထွေးပြီး အပိုအဆင့်များပါဝင်နေသော ရုံးလုပ်ငန်းစဉ်များ စသည်ဖြင့် အွန်လိုင်းမှ ဈေးရောင်းသူများအတွက် မလိုအပ်ဘဲ အခက်အခဲဖြစ်စေမည့် လုပ်နည်းလုပ်ဟန်များကို ရှောင်ရှားရန်လည်း လိုအပ်မည်ဖြစ်သည်။ လတ်တလောတွင် အွန်လိုင်းမှရောင်းချသူများအတွက် အထောက်အထား ထုတ်ပေးရာတွင် အလွယ်တကူထုတ်နိုင်ရန် ဆောင်ရွက်ပေးသင့်ပြီး လိုအပ်သောအချက်များကို နောက်ပိုင်းတွင်မှ အခြေအနေအရ ထပ်မံထည့်သွင်းနိုင်မည်ဖြစ်သည်။ နောက်ပိုင်းတွင် ကောင်းမွန်သော အွန်လိုင်းငွေချေစနစ် ရှိလာသည့်အခါ အချို့အခက်အခဲ၊ ပြဿနာများမှာလည်း အလိုအလျောက် အဆင်ပြေသွားမည်ဖြစ်သည်။

အွန်လိုင်းရှော့ပင်များမှ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲကြသည့် စားသုံးသူပြည်သူများအား အကာအကွယ်ပေးရေးနှင့် အွန်လိုင်းရှော့ပင်လုပ်ငန်းကို မှန်မှန်ကန်ကန် လုပ်ကိုင်ကာ ဝင်ငွေရှာဖွေနေကြသည့် ကျောင်းသား ကျောင်းသူအချို့အပါအဝင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းထိခိုက်နစ်နာမှုကိုလည်း ရှောင်ရှားနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အွန်လိုင်းရှော့ပင်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် နှစ်ဖက်အသံများကို နားထောင်ကာ မျှမျှတတဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းရှိ အွန်လိုင်းရှော့ပင် လုပ်ငန်းများကို ပို၍ အောင်မြင်တိုးတက်လာစေမည်ဖြစ်သည်။ ။

## ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု အသိပညာပေးခြင်းအစီအစဉ် တယ်လီနောပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၃**

လူငယ်များနှင့် ကျောင်းသူ ကျောင်းသားများ အင်တာနက်အသုံးပြုရာတွင် ဘေးကင်းလုံခြုံစွာ အသုံးပြုတတ်စေရန်အတွက် အသိပညာပေးအစီအစဉ်များကို တယ်လီနောမြန်မာက ပြုလုပ်လျက်ရှိရာ ယခုနှစ်အတွင်း လူငယ်၊ ကျောင်းသားကျောင်းသူနှင့် မိဘ ၇၀၀၀၀ ကျော်အား ပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် ပညာပေးမှုကို ရန်ကုန်မြို့တွင် အောက်တိုဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။ အလားတူ အစီအစဉ်များကို ရန်ကုန်မြို့ရှိ အစိုးရနှင့် ပုဂ္ဂလိက စာသင်ကျောင်းများ၌ ယခုနှစ် လက်ကျန်ကာလများအတွင်း ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

“ပိုမိုကောင်းမွန်တဲ့ အင်တာနက်အသုံးပြုရမှုဝန်းကျင် ဖြစ်ပေါ်လာနိုင်ဖို့အတွက် အသုံးပြုသူတိုင်းအနေနဲ့ တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်ကူညီကြဖို့ အရေးကြီးပါတယ်။ ဒီရည်ရွယ်ချက်ကို ကျွန်တော်တို့ရဲ့ ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု အသိပညာပေးအစီအစဉ်တွေကနေတစ်ဆင့် ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပြီး ဒီနှစ်အကုန်မှာ ကျွန်တော်တို့အနေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေနဲ့ မိဘတွေ အနည်းဆုံး ၇၀၀၀၀ ခန့်ကို အသိပညာပေးနိုင်မယ်လို့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်”ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

တယ်လီနောသည် အလားတူ အသိပညာပေးမှု အစီအစဉ်များကို မန္တလေးမြို့ရှိ အစိုးရစာသင်ကျောင်းများ၌ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။ “ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု အသိပညာပေး အစီအစဉ်များတွင် တယ်လီနောမှ အတွေ့အကြုံရှိသင်တန်းပို့ချသူများနှင့်အတူ လေ့ကျင့်ပေးထားသည့် တယ်လီနောမှဝန်ထမ်းများကလည်း စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီပို့ချပေးသွားမည်ဖြစ်သည်။

တယ်လီနော၏ ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု အသိပညာပေး အစီအစဉ်များတွင် ပညာရေးနှင့်ပတ်သက်သည့် အင်တာနက်၏ အကျိုးကျေးဇူးများ၊ အချက်အလက်များ ခိုးယူခံရခြင်း၊ ဒစ်ဂျစ်တယ်အနိုင်ကျင့်မှုများ၊ အင်တာနက်အခြေပြု လိင်ခေါင်းပုံဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းစာတိုများ ပေးပို့မှုများ၊ အမုန်းစကားများဖြန့်ဖြူးခြင်း စသည့် အွန်လိုင်းပေါ်တွင် ကြုံတွေ့နိုင်ရသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ဟောပြောခြင်းများ အပါအဝင် အွန်လိုင်းတွင် လုံခြုံစိတ်ချစွာ မည်သို့နေထိုင်နိုင်မည်ဆိုသော အချက်အလက်များ ပါဝင်သည်။

**သူရဖြိုး**

## e-Government Conference နှင့် အိုင်စီတီပြပွဲ ၂၀၁၇ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်က ကြီးမှူး၍ e-Government Conference and ICT Exhibition 2017 (Nay Pyi Taw)ကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် နေပြည်တော် MICC-2 ခန်းမ၌ ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် e-Government Conference & ICT Exhibition 2016 ကို ၂၀၁၆ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်များတွင် နေပြည်တော် MICC-2 ၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဒုသမ္မတ(၂) ကိုယ်တိုင် တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ချီးမြှင့်ခဲ့သည်။ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၃၅ ခုကလည်း ပြခန်းပေါင်း ၈၈ ခု ခင်းကျင်း၍ ပါဝင်ပြသခဲ့ပြီး ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူ ၁၀၀ နှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ၂၀၀ ခန့် ပြပွဲကာလအတွင်း တက်ရောက်ကာ e-Government ဆိုင်ရာ နည်းပညာများကိုလေ့လာ၊ နှီးနှောဖလှယ်ခဲ့ကြသည်။ Forum များ၊ Technical Papers Presentation များ၊ Workshop များကိုလည်း ကျင်းပနိုင်ခဲ့ပြီး အကျိုးသက်ရောက်မှုများစွာ ရရှိခဲ့သည်။

ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် e-Government Conference and ICT Exhibition 2017 တွင်လည်း ပြခန်းများပြသရန် စီစဉ်ထားပြီး အလုပ်ရုံဆွေးနွေးပွဲ(e-Government Workshop)၊ နည်းပညာစာတမ်းဖတ်ပွဲများနှင့် နည်းပညာပြပွဲစသည့် အစီအစဉ်များ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယခင်နှစ်ကကဲ့သို့ပင် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်အဖွဲ့အစည်းများမှ တာဝန်ရှိကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် စိတ်ဝင်စားသူများ စုစုပေါင်း ၃၀၀ ကျော် လာရောက်ကြည့်ရှုမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

e-Government Conference and ICT Exhibition 2017 တွင် Media Partner အဖြစ် ကူညီပံ့ပိုးပေးနိုင်မည့် မီဒီယာများကိုလည်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်က ဖိတ်ခေါ်ထားကာ ပံ့ပိုးကူညီလိုသော မီဒီယာများအနေဖြင့် အောက်တိုဘာ ၁၆ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁ ၂၃၀၅၂၃၃ နှင့် ၀၁-၆၅၂၃၀၇ တို့သို့ ဆက်သွယ်ပေးကြရန် အသိပေးထုတ်ပြန်ထားသည်။

**သူရဖြိုး**

# ဒရမ်မာဇာတ်ရုပ်မပိုင်နိုင်ခဲ့သဖြင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရဖူးသူ

## သရုပ်ဆောင်သစ် ရွှေရည်သုန်သုန်

**ရန်ကုန်  အောက်တိုဘာ ၁၃**

အဆိုတော်လွှမ်းပိုင်နှင့်အတူ အာရှအားဖြည့်အချိုရည်၊ အာဆာဟိ ထီး၊ ယူတူး ကော်ဖီမစ် ၊ အောင်လနှင့် ကမ်ဘို စသည့်ကြော်ငြာများနှင့် ပရိသတ်ရှေ့မှောက် အတွေ့များခဲ့ရသည့် အနုပညာလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သူ သရုပ်ဆောင် ရွှေရည်သုန်သုန်တစ်ယောက် အနုပညာအလုပ်ထက် မိဘဆန္ဒဖြစ်သည့် ပညာရေးဘက်သို့ ဦးစားပေးလုပ်ဆောင်ခဲ့မှုကြောင့် အနုပညာလမ်းခရီးနှင့်လည်း အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး ယခုတစ်ဖန် အနုပညာအလုပ်များကို ပြန်လည်အသက်သွင်းပုံဖော်ရန် ကြိုးပမ်းနေပြီဖြစ်သည်။

အနုပညာလမ်းကြောင်းကို ပြန်လည်ဝင်ရောက်ဖို့ အဆင်သင့်ဖြစ်ပြီလို့ ပြောလို့ရပါတယ်။ အရင်ကလည်း သရုပ်ဆောင်အလုပ်ကိုပဲ ဇောက်ချလုပ်မယ်ဆိုတဲ့စိတ်နဲ့ ဝင်ခဲ့တာဖြစ်ပါတယ်။ အခုလည်း ဒီစိတ်နဲ့ပဲ ပြန်လုပ်တာပါ။ ပညာရေးကြောင့် ရပ်ဆိုင်းထားရတာဖြစ်တဲ့အပြင် ကိုယ်ချစ်တဲ့၊ ကိုယ်ဝါသနာပါတဲ့အလုပ်ကိုတော့ ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူးဆိုတဲ့စိတ်က အမြဲရှိတယ်။ ကမ်းလှမ်းကြတာတွေရှိပါတယ်။ စွန့်လွှတ်လိုက်ရတာများတယ်။ ကျွန်မအနေနဲ့ သရုပ်ဆောင် တစ်ယောက်ဖြစ်ဖို့အတွက် ကိုယ့်ဘက်ကနေပြီး သရုပ်ဆောင်ပညာကို လေ့လာသင်ယူထားဖြစ်ပါတယ်။ ကျွန်မက “စကားဝါ” သရုပ်ဆောင်သင်တန်းဆင်းတစ်ယောက်လည်း ဖြစ်ပါတယ်၊ မော်ဒယ်တစ်ယောက်အဖြစ်နဲ့ ဆရာဂျွန်လွင်နဲ့ ဆရာမ တင်မိုးလွင်တို့ဆီမှာ တက်ရောက်ခဲ့ဖူးပါတယ်၊ အနုပညာနဲ့ပတ်သက်ပြီး အဆင်သင့်ဖြစ်ပြီးလားဆိုတော့ ဖြစ်ပါပြီလို့ ပြောရမှာပါပဲ။ ကျွမ်းကျင်တယ်ဆိုတာထက် စိတ်အားထက်သန်မှုအပြည့်ရှိတယ်ဆိုတာတော့ အသေအချာပါပဲ။ ကြိုးစားပြီးလည်းသင်ယူဖို့ စိတ်ဆုံးဖြတ်ထားပါတယ်။ အရင်တုန်းက ကြော်ငြာလောက်ပဲရိုက်ခဲ့ဖူးတာပါ။ သရုပ်ဆောင်လုပ်ဖို့လာ ပြောတော့ ဒရမ်မာဇာတ်ရုပ်တွေကို သရုပ်ဆောင်ဖို့အတွက် လုံးဝမကျွမ်းကျင်တော့ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ အထူးသဖြင့် အငိုပိုင်းလိုဟာမျိုးကို လုံးဝမကျွမ်းကျင်ခဲ့ဘူး။ ဒါကြောင့် အခွင့်အရေးရခဲ့တာတောင် လုပ်ခွင့်မရခဲ့ဘူး။ ဒါကြောင့် အချိန်ယူပြီး သင်ယူသင့်တာတွေကို သင်ယူတယ်။ သရုပ်ဆောင်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့ ပြောလို့ရတာပါ”ဟု ပြောကြားသည်။

အနုပညာအလုပ်သာမက မည်သည့်အလုပ်မဆို အချိန်ပေးသင့်ကြောင်း၊ သူ့အနေဖြင့် တက်ရမည့် ပညာရေးအတွက် အချိန်များကိုလည်းပေးနေရပြီး အနုပညာအလုပ်များကိုလည်း မျှတစွာ လုပ်ကိုင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင်မင်းသမီးကောင်းတစ်ယောက်ဖြစ်ချင်တယ်။ ဒါကြောင့်မို့လည်း ကြိုးစားနေပါတယ်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း ဆိုတာကတော့ ကံနဲ့လည်းဆိုင်တယ်လို့ ထင်ပါတယ်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ခရီးရောက်မှာပါ။ အဓိကကတော့ ကိုယ့်ပရိသတ်ကို ဘယ်လိုအရာလေးတွေချပြနိုင်မလဲ၊ ဖန်တီးပေးစွမ်းနိုင်မလဲဆိုတဲ့စိတ်ပဲ အဓိကကျတယ်လို့ ထင်ပါတယ်”ဟု ရွှေရည်သုန်သုန်က ပြောသည်။



အပြိုင်အဆိုင်များပြီး ကြိုးစားရမည့် အနုပညာလောကတွင် ဝင်ရောက်နိုင်ရန်အတွက် ကျွန်မကတော့ အရှုံးမပေးတတ်တဲ့ အကျင့်လေးရှိတယ်။ အတိုက်အခိုက်ဆိုတာ ဒီအလုပ်မှ မဟုတ်ပါဘူး နေရာတိုင်းရှိပါတယ်။ သင်ခန်းစာရမယ့်အရာတွေရှိရင် ကိုယ့်အလှည့်ကို ဒီလိုမဖြစ်အောင်ထိန်းရမယ်။ ကိုယ့်အတွက်ရန်သူဆိုတာ မရှိချင်ဘူး။ အားလုံးကို မိတ်ဆွေအဖြစ်နဲ့ပဲနေချင်ပါတယ်။ တိုက်ခိုက်တာမျိုးကြုံလာရင် ရှောင်လွှဲနေရုံပါပဲ။ အပြိုင်အဆိုင်ရှိမှ တိုးတက်တာပါ”ဟု ရွှေရည်သုန်သုန်ကပြောကြားသည်။

**ကိုလင်း**

# ခြောက်နှစ်တာအနုပညာခရီးကို ဖြည်းဖြည်းနဲ့မှန်မှန်သာ လျှောက်လှမ်းနေသည့် ယုသန္တာတင်

**ရန်ကုန် အောက်တိုဘာ ၁၃**



အနုပညာလောကတွင် ရှင်သန်ရပ်တည်လာခဲ့သည်မှာ ၂၀၁၇ ခုနှစ်တွင် ခြောက်နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး ရှေ့ဆက်မည့် ဘဝအတွက်လည်း အနုပညာလုပ်ငန်းများနှင့်သာ အချိန်ကုန်ရန်မျှော်လင့်ရင်းကြိုး စားနေသည့် သရုပ်ဆောင် ယုသန္တာတင်တစ်ယောက် ယခုလ ၁၂ ရက်က ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ဇဝနလမ်းမကြီး ဇဝနလမ်းသွယ်(၁)တွင် Lucky Sime ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ ဇေပါ ဖန်တီးရိုက်ကူးသည့် “အိပ်မက်လွမ်းဝေ” ဗီဒီယိုဇာတ်ကားတွင် ရဲအောင်၊ ရဲသီဟ၊ မေသန်းနု၊ ဝါဝါအောင်တို့နှင့်တွဲဖက်ကာ သရုပ်ဆောင်လုပ်ငန်းများ လုပ်ကိုင်နေသည်။

**မေး ။ ယုသန္တာတင်က ပရိသတ်ကြီးနဲ့ အဆက်အသွယ်ပြတ်နေတဲ့အကြောင်းလေးကို ရှင်းပြပေးပါဦး။**

ဖြေ ။ ပရိသတ်နဲ့ကျွန်မ အဆက်အသွယ်ပြတ်နေတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လုံးလုံးအဆက်အသွယ်ပြတ်တာတော့ မဟုတ်ပါဘူး။ အထူးသဖြင့်ကတော့ အနုပညာလုပ်ငန်းတွေနဲ့ပတ်သက်ပြီး လုပ်နေတာတွေရှိတော့ အဆက်အသွယ်မပြတ်ဘူးလို့လည်း ပြောနိုင်ပါတယ်။ ကြော်ငြာလေးတွေ၊ ဓာတ်ပုံရိုက်တာတွေ၊ ဇာတ်ကားရိုက်တာတွေတော့ရှိပါတယ်။ မီဒီယာမှာဖော်ပြမှုလေးတွေတော့ မရှိသလောက်နည်းပါးသွားလို့ပါ။ ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့တဲ့ မီဒီယာနဲ့ အဆက်အသွယ်ပြတ်တာတော့အမှန်ပဲ။ အနုပညာနဲ့တော့ အဆက်မပြတ်ခဲ့ပါဘူး။

**မေး ။ အနုပညာသက်တမ်း ခြောက်နှစ်အတွင်းမှာ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ အနုပညာခရီးအတွက် ပြန်ပြီးသုံးသပ်ခဲ့တာမျိုးတွေရှိလား။**

ဖြေ ။ အခက်အခဲတွေဆိုတာက အများကြီးပါပဲ။ ကြိုးလည်းကြိုးစားခဲ့ရပါတယ်။ ဒါပေမယ့် ညီမကံကောင်းတာတစ်ခုရှိတယ်။ အနုပညာအလုပ်ကို စလုပ်ကတည်းက အခုအထိ ဆရာကောင်းသမားကောင်း ပညာရှင်တွေနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ ဆရာသမားတွေက လက်တွဲခေါ်ပေးခဲ့ကြတယ်။ ကိုယ့်လျှောက်မယ့်လမ်းကို ရောက်သင့်သလောက်ရောက်အောင် တွန်းပို့ပေးကြသူတွေရဲ့ ကျေးဇူးတွေအများကြီးနဲ့ ဒီလောက်ရပ်တည်ခွင့်တွေ ရထားခဲ့တာပါ။ ဒီအလုပ်စလုပ်ပြီဆိုကတည်းက အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာကတော့ အများရဲ့ သတ်မှတ်ချက်ပါပဲ။ ကျွန်မခံယူချက်ကတော့ လုပ်တဲ့အလုပ်ပေါ်မှာ အသားကျအောင် ကြိုးစားချင်တယ်။

**မေး ။ အနုပညာသမားတစ်ယောက်အတွက် ကိုယ့်ရတဲ့ နေရာလေးတစ်ခုကို မပျောက်အောင် ပြင်ဆင်မှုတွေဆိုတာ အဆင်သင့်ရှိနေရမယ်ဆိုရင် လက်ခံနိုင်မလား။**

ဖြေ ။ အဓိကကတော့ အနုပညာဆိုတာ အမြဲတမ်းလေ့လာဆည်းပူးနေမှုရမယ်လို့ထင်ပါတယ်။ ကိုယ်ဘာတွေလိုအပ်လဲ၊ သူများတွေ ဘယ်လိုတွေကြိုးစားနေကြပြီးလဲဆိုတာမျိုး အမြဲကြည့်ပြီး လေ့လာတွေးတောနေရမယ်။ ငါတော့ ဒီလိုလေးကို ဒီနေရာမှာလုပ်ရမယ်၊ ဖန်တီးရမယ်ဆိုတာမျိုးပေါ့နော်။ ပြည်ပက အနုပညာသမားတွေဆို ကိုယ်တွေထက်ပံ့ပိုးမှုအားကောင်းတယ် ပြီးတော့ သူတို့လုပ်ဆောင်မှုတွေက ပရော်ဖက်ရှင်နယ်သိပ်ဆန်တယ်။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ကြတယ်။ စည်းကမ်းလည်းရှိတယ်။ ညီမတို့ဆီမှာက အားနာတာနဲ့၊ မပြောရဲတာနဲ့ ကိုယ်ချင်းစာနာစိတ်က များတယ်။ အဲဒီလိုအခြေအနေတွေမှာ နောက်ပိုင်းပြဿနာတစ်စုံတစ်ခု ဖြစ်လာပြီဆို ရှင်းရတာမလွယ်ဘူး။

**မေး ။ ယုသန္တာတင်ရဲ့အချစ်ရေးကရော ပြောပြပေးလို့ရမလား။**

ဖြေ ။ အချစ်ရေးက အေးအေးဆေးဆေးပါပဲ။ ဖုံးကွယ်ထားစရာလည်း မရှိပါဘူး။ အခုအချိန်မှာ အနုပညာအလုပ်ကိုပဲ စိတ်ထဲမှာနှစ်ထားတယ်။ ကိုယ့်ထက်တော်တဲ့ ကလေးတွေ အများကြီးပေါ်လာတယ်။ သူတို့နဲ့အတူကိုယ်လည်း လိုက်မီနိုင်အောင်ကြိုးစားနေရတယ်။ ညီမကတော့ ကိုယ်လက်ရှိဘဝလေးမှာ ကိုယ့်အလုပ်ကိုလုပ်ပြီးတော့ ကြိုးစားနေတယ်။ အဲဒီ့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာတွေ မလိုချင်ပါဘူး။ အိမ်ထောင်ပြုဖို့ စိတ်ကူးကတော့ရှိပါတယ်။ သူငယ်ချင်းတွေ ကိုယ့်ရှေ့မှာ အိမ်ထောင်ပြုပြီး သားသမီးတွေနဲ့သာယာနေကြတာတွေ့တော့ အားကျတယ်။ အားကျတဲ့အချိန်ပါပဲ။ ကိုယ့်အလှည့်ကတော့ရောက်လာဖို့က အဝေးကြီးပါ။ ပြီးတော့ ညီမက စိတ်ကူးယဉ်ပြီးသတ်မှတ်ချက်တွေထားထားတာမျိုးတော့မရှိပါဘူး။ ကိုယ်နဲ့လက်တွဲရမယ့်သူအတွက် သီးသန့်စံသတ်မှတ်ထားတာလည်းမရှိပါဘူး။ အရင်ကတော့ ခံစားချက်က ပြင်းထန်တယ်။ တစ်ဇွတ်ထိုးလည်း စိတ်ရှိတယ်။ အခုအချိန်မှာတော့ တချို့ကိစ္စတွေတောင် သူများထောက်ပြမှ သိရမယ့်အရာတွေကို ကိုယ့်ကိုယ်ကိုယ် သိလာတဲ့အရာတွေ ရှိလာတယ်၊ အချစ်နဲ့ပတ်သက်တဲ့ အရာတွေလည်းပါပါတယ်။ ကိုယ်အိမ်ထောင်ပြုမယ်ဆိုလည်း အနုပညာအသိုင်းအဝိုင်းကမဟုတ်ပါဘူး၊ အပြင်က ချစ်သူပဲဖြစ်မှာပါ။ ကိုယ့်အပေါ်နားလည်သူ၊ ငွေရေးကြေးရေးထက် ကိုယ့်အပေါ် စိတ်ချမ်းသာမှုပေးနိုင်သူကိုပဲ ရွေးချယ်မှာပါ။

**ဝေလင်း**

# အဆိုတော်မာရဇ္ဇ၏ (၄)ကြိမ်မြောက် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ယခုလတွင် ကျင်းပမည်

**ရန်ကုန်  အောက်တိုဘာ ၁၃**

၁၉၈၄-၈၅ ခုနှစ်မှ စတင်၍ ဂီတလောကကိုဝင်ရောက်လာခဲ့ရာ “ပုံရိပ်မဲ့ ဂရပ်ဖစ်”၊ “ကိုရုပ်ဆိုး” စသည့် တေးစီးရီးနှင့် အောင်မြင်မှုများရရှိခဲ့ပြီး၊ ကဥ္စနာ ၊ ဆွဲအား၊ မုန်းခိုင်းတိုင်းမမုန်းနိုင်ဘူး၊ အိပ်ရေးပျက်၊ ဝေးဝေးကလွမ်း၊ မျှော်လင့်ခြင်းလမင်းများဟာဆိုရင်ဖြင့် ယနေ့တိုင် ဝါသနာရှင်တွေရဲ့နှုတ်ခမ်းဖျားမှာ ရေပန်းစားနေဆဲ တေးသီချင်းများဖြစ်သည်။ အဆိုတော်မာရဇ္ဇသည် ဂီတသက်တမ်း (၂၅)နှစ်ပြည့်ခဲ့ပြီဖြစ်သကဲ့သို့ သူ့အနေဖြင့် ယခုလ ၂၀ ရက်တွင် အသက်(၅၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ မွေးနေ့ အမှတ်တရအဖြစ် ယင်းနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ မျှော်စင်ကျွန်း၌ မွေးနေ့အမှတ်တရအဖြစ် ဂီတဖျော်ဖြေပွဲ ကျင်းပသွားမည်ဟု သိရသည်။

“ကျွန်တော် သီချင်းအားလုံး ၃၀ လောက်သီဆိုမှာပါ၊ ဒီပွဲက ကျွန်တော် ရန်ကုန်မှာအမြဲလို တစ်နှစ်တစ်ကြိမ် ကျင်းပနေကျပါ။ ဒီနှစ်ကတော့ ထူးထူးခြားခြားနဲ့ မွေးနေ့၊ မွေးလ၊ လာပြီတိုက်ဆိုင်နေတာဖြစ်တယ် တိုက်ဆိုင်မှုတွေများတဲ့လမို့ အခုလိုကျင်းပရတာဖြစ်ပါတယ်၊ ကျွန်တော်နဲ့အတူ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးမယ့်သူကတော့ ကျွန်တော်နဲ့ဂီတလောကကို အတူလက်တွဲခဲ့တဲ့ ကိုမောင်မောင်ထွေး (MEBC)ကနေ ပူးပေါင်းတင်ဆက်တဲ့ပွဲလေးပါ၊ သီချင်းတွေအားလုံးကတော့ ပရိသတ်တွေခံစားလို့ရမယ့် သီချင်းတွေကိုသီဆိုမှာပါ၊ ပရိသတ်အကြိုက် သီချင်းတွေနဲ့ ကျွန်တော့်အကြိုက်သီချင်းတွေကို သီဆိုမှာပါ၊ ကျွန်တော့်အနေနဲ့ သီချင်းတွေကို ဆိုနိုင်တဲ့အရှယ်အထိဆိုသွားမှာပါ၊ ပြီးတော့ မန္တလေးမှာလည်း ကျွန်တော်တစ်ပွဲထပ်လုပ်ပါ့မယ်၊ မနှစ်က အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားခဲ့တဲ့ပွဲအတွက် ပြန်ဆို မှာပါ၊ ပြီးရင် မြန်မာပြည်အနှံ့သီချင်းတွေ လိုက်ဆိုမယ်၊ ပရိသတ်တွေနဲ့ တွေ့ဆုံမှာပါ၊ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်၊ (၂၅) နှစ်လုံး အားပေးတဲ့သူတွေကို အထူးကျေးဇူးတင်တာပါ၊ ကျွန်တော့်ပွဲမှာလည်း ကျွန်တော်တစ်ယောက်တည်း သီချင်းတွေဆိုမှာပါ၊ အရိုးရှင်းဆုံးနဲ့ အကောင်းဆုံးသီဆိုမှာပါ”ဟု ပြောသည်။ သူ့အနေဖြင့် “အချိန်အခါ” တေးစီးရီးကို နောက်ဆုံးထွက်ရှိထားပြီး ဖျော်ဖြေပွဲတွင် ယင်းအခွေထဲမှ တေးသီချင်းများလည်းပါဝင်ကြောင်း၊ အဆိုပါဖျော်ဖြေပွဲ လက်မှတ်များကို ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **ကိုလင်း**

# မလေးရှားနိုင်ငံတွင် ကျင်းပမည့် Miss Tourism International 2017 အတွက် လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၃**

မလေးရှားနိုင်ငံတွင် အကြိမ် (၂၀)မြောက်အဖြစ် ကျင်းပမည့် Miss Tourism International 2017 ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၆၀ မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံ ဂုဏ်ဆောင်အလှမယ်အဖြစ် ရွေးချယ်နိုင်ရန် လျှောက်ထားနိုင်ကြောင်း Style plus H မှ တာဝန်ရှိသူများက



ပြောကြားသည်။

အသက် ၁၈ နှစ်မှ ၂၇ နှစ်အကြား အရပ် ငါးပေငါးလက်မအထက် မြန်မာလုပျိုဖြူများ လျှောက်ထားနိုင်ပြီး ယှဉ်ပြိုင်ရန်အတွက် ဒေါက်ဖိနပ်နှင့် ဂျင်းဘောင်းဘီသာလိုအပ်ကြောင်း ပွဲစီစဉ်သူ အလှမယ် လှနုထွန်းကပြောကြားသည်။ ဇွဲရှိရန်နှင့် အပင်ပန်းခံနိုင်ရန်အတွက် လိုအပ်ပြီး အပြန်အလှန်လေးစားတတ်မှု၊ ကူညီတတ်မှု၊ ကတိသစ္စာရှိမှုနှင့်ကျေးဇူးတရားကို နားလည်မှုများသာရှိပါက ဝင်ရောက်ရွေးချယ်ခံနိုင်ကြောင်း သိရသည်။

အလှမယ်ပြိုင်ပွဲသွားရောက်ရွေးချယ်ရန် ရွေးချယ်ခံရပါက မလေးရှားနိုင်ငံတွင် ကျင်းပမည့် ယင်းပြိုင်ပွဲအတွက် လိုအပ်ချက်များဖြစ်သည့် အဝတ်အစား၊ မိတ်ကပ်၊ ဓာတ်ပုံ၊ လေ့ကျင့်မှုများနှင့် လေယာဉ်လက်မှတ်၊ ဟိုတယ်ဝန်ဆောင်မှု၊ အစားအသောက် စသည့်ကိစ္စအားလုံးအတွက် Organization မှ တာဝန်ယူပေးမည်ဖြစ်သည်။ အောက်တိုဘာ ၁၄ ရက်တွင် လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များကို လှနုထွန်း၏ ဖေ့စ်ဘုတ်ခ်စာမျက်နှာ Hlanutun တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

# ထုတ်လုပ်သူတစ်ဦးဖြစ်သူ Harvey Weinstein ဗြိတိန်ရုပ်ရှင်အကယ်ဒမီမှ ရပ်ဆိုင်းခံရ



ဟောလီဝုဒ် ရုပ်ရှင်ထုတ်လုပ်သူ Harvey Weinstein ဟာ အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုတွေ ပြုလုပ်တယ်ဆိုပြီး ဗြိတိန်ရုပ်ရှင်အကယ်ဒမီကနေ အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ ဗြိတိန်ရုပ်ရှင် အကယ်ဒမီမှာ ဒီလိုမျိုးလုပ်ရပ်ကို လုံးဝလက်မခံဘူးဆိုတာ ပြသလိုက်တာပဲလို့ အဖွဲ့အစည်းက ပြောပါတယ်။

ဒ့ါအပြင် အော်စကာရွေးချယ်ရေး အဖွဲ့အစည်းဖြစ်တဲ့ ရုပ်ရှင်အကယ်ဒမီကလည်း စနေနေ့မှာ ရုပ်ရှင်ထုတ်လုပ်သူ Harvey Weinstein စွပ်စွဲခံရမှုနဲ့ပတ်သတ်ပြီး အထူးဆွေးနွေးပွဲပြုလုပ်သွားမယ်လို့လည်း သိရပါတယ်။

လွန်ခဲ့တဲ့ဆယ်စုနှစ် သုံးခုအတွင်းမှာ Harvey Weinstein ဟာ အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုတွေပြုလုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေ ထွက်ပေါ်နေတာပဲဖြစ်ပါတယ်။ Weinstein အပေါ် စွပ်စွဲထားမှုတွေဟာ အလွန်အမင်း မနှစ်သက်ဖွယ်၊ စက်ဆုပ်ဖွယ်ပင်ဖြစ်ကြောင်း အကယ်ဒမီရဲ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်ကြောင်း အကယ်ဒမီကပြောပါတယ်။ Weinstein ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ အကယ်ဒမီရဲ့ ထုတ်ပြန်ချက်နဲ့ပတ်သတ်ပြီး ချက်ခြင်းတုံ့ပြန်တာမျိုးတွေ မပြုလုပ်ခဲ့ပါဘူး။

Weinstein ကတော့ သူ့အနေနဲ့ ဒီလိုကျူးလွန်မှုတွေမရှိဘူးလို့ ငြင်းဆိုထားပါတယ်။ Harvey Weinstein ဟာ ၁၉၉၉ ခုနှစ်မှာ Shakespears in Love ဆိုတဲ့ဇာတ်ကားနဲ့ အကောင်းဆုံးရုပ်ရှင် ထုတ်လုပ်သူဆုကို ရရှိခဲ့တာပဲဖြစ်ပါတယ်။

**ရိုက်တာ**
**ခြူး**

# ကောလာဟလတွေကို တုံ့ပြန်လိုက်တဲ့ ပီကေးနဲ့ ရှက်ကီရာ



ပီကေးနဲ့ ကိုလံဘီယာအဆိုတော် ရှက်ကီရာတို့စုံတွဲဟာ လက်ရှိမှာ မီလန်နဲ့ ဆာရှာဆိုတဲ့ ကလေးနှစ်ဦး ထွန်းကားထားပါတယ်။ ဘာစီလိုနာဘောလုံးစတားဖြစ်သူ ပီကေးဟာ သူနဲ့ရှက်ကီရာရဲ့ ဆက်ဆံရေးကို ရေငုံနှုတ်ပိတ်နေသူလည်းဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၀ ကတည်းက လက်တွဲခဲ့တာဖြစ်ပြီး ပီကေးဟာ သူနဲ့နှစ်ရှည်လများလက်တွဲလာတဲ့ ရှက်ကီရာကို ဘယ်လိုအားပေးမှုတွေ ပြုလုပ်ခဲ့လည်းဆိုတာကို ဖော်ပြခဲ့ပါတယ်။ ရှက်ကီရာရဲ့ နယ်လှည့်ဖျော်ဖြေပွဲမပြုလုပ်မီ အစမ်းလေ့ကျင့်မှုကို ပီကေးက ဗီဒီယိုရိုက်ကူးထားပြီး သူ့ရဲ့အင်စတာဂရမ်ပေါ် တင်ခဲ့ပါတယ်။ ရှက်ကီရာကတော့ Antologia ဆိုတဲ့ သီချင်းကို သီဆိုလေ့ကျင့်နေတာပဲဖြစ်တယ်။ ဒီဗီဒီယိုနဲ့ပဲ ကောလာဟလတွေကို တိုက်ထုတ်လိုက်ပါတယ်။

မကြာသေးခင် သီတင်းပတ်အတွင်း ပီကေးနဲ့ရှက်ကီရာတို့ အဆင်မပြေတော့ဘူးဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ သောကြာနေ့မှာတော့ ရှက်ကီရာရဲ့ ပြောရေးဆိုခွင့်ရှိသူက သူတို့စုံတွဲဟာ အဆင်ပြေပြေပဲရှိနေတယ်လို့ပြောခဲ့ပါတယ်။ ဒါဟာ ရှက်ကီရာနဲ့ပီကေးတို့ အဆင်မပြေကြဘူးဆိုတဲ့ သတင်းကို တုံ့ပြန်လိုက်တာပဲဖြစ်တယ်။

ဒ့ါအပြင် ဒီသတင်းတွေဟာ ပီကေးကို နာကျင်စေချင်တဲ့လူတွေဆီက ထွက်လာတဲ့ ကောလာဟလတွေသာဖြစ်တယ်လို့ ရှက်ကီရာရဲ့ ပြောရေးဆိုခွင့်ရှိသူကပြောပါတယ်။ ရှက်ကီရာနဲ့ပီကေးဟာ အသက်အပိုင်းအခြားအားဖြင့် ၁၀ နှစ်တိတိ ကွာခြားပါတယ်။ အခုအချိန်မှာ ရှက်ကီရာက အသက် ၄၀ ပီကေးက အသက် ၃၀ ရှိနေပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ မိသားစုဘဝနဲ့ အလုပ်ကို ဟန်ချက်ညီအောင် ထိန်းထားနိုင်တယ်လို့လည်း ရှက်ကီရာက ပြောပါတယ်။ မိသားစုဘဝရဲ့ အခြေခံအုတ်မြစ်က အချစ်ပါပဲလို့ ရှက်ကီရာက ဖြေခဲ့ပါတယ်။ မိသားစုဘဝသာလျှင် သူ့ရဲ့ပထမဦးစားပေးဖြစ်ပြီးတော့ ကျန်တဲ့အရာတွေကတော့ ဒုတိယပါပဲလို့ ရှက်ကီရာကပြောပါတယ်။

**ဟယ်လို**
**ခြူး**

# တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများပြပွဲ ပြုလုပ်



**ကျိုက်ထို အောက်တိုဘာ ၁၃**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် အသုံးအဆောင်ပစ္စည်းများပြပွဲကို အောက်တိုဘာ ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ခင်းကျင်းပြသခဲ့သည်။

ပြပွဲတွင် မြို့နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် အမွေအနှစ်ပစ္စည်းများကို ကဏ္ဍအလိုက် စုစည်းပြသထားရာ လာရောက်လေ့လာကြည့်ရှုသူများပြားခဲ့သည်။

ထိုသို့ပြသရာတွင် မွန်ရိုးရာယဉ်ကျေးမှုကဏ္ဍ၌ မွန်အမျိုးသားအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဝတ်စုံတူရိယာများဖြစ်သည့် ထောင်သရော၊ မိကျောင်းစောင်းနှင့် စည်းဝါး အပါအဝင် မွန်လူမျိုးများ၏ သမိုင်းစာပေနှင့် ခေတ်အဆက်ဆက်နန်းစံဘုရင်များ၏ ပန်းချီကားချပ်များ၊ ရှေးခေတ်ဝတ်စား ဆင်ယင်မှုများနှင့် ရှေးခေတ်သုံးဒင်္ဂါးပြားများ၊ မြေထည်၊ ယွန်းထည်များ၊ ရိုးရာဓလေ့အလှူမင်္ဂလာပွဲများနှင့် ထင်ရှားကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသခဲ့သည်။

ထို့အပြင် ကရင်တိုင်းရင်းသားကဏ္ဍတွင် ကရင်တိုင်းရင်းသားများ၏ ပုံရိပ်ကို ဖော်ဆောင်သည့် ဖားစည်၊ ကျွဲချို၊ မောင်း၊ ရိုးရာကပွဲများတွင် အသုံးပြုသည့် ဘင်စောင်း၊ ပလွေအမျိုးမျိုးတို့နှင့်အတူ ရိုးရာကျား/မ ဝတ်စုံများ၊ တောတက်ရာတွင် အသုံးပြုသည့် ဒူးလေး၊ ပလိုင်း၊ ထွန်ယက်စိုက်ပျိုးရာတွင်အသုံးပြုသည့် ထွန်သွား၊ ကဒူး (ခ) ခမောက်၊ ပလိုင်း၊ စပါးကြိတ်ဆုံ၊ တင်းတောင်း၊ ပြည်တောင်း၊ ငါးဖမ်းရာတွင် အသုံးပြုသည့်မြှုံးနှင့် ငွေဖြင့်ပြုလုပ်ထားသည့် ရှေးခေတ်အမွေပစ္စည်းများဖြစ်သော ခေါင်းစည်းကွင်း၊ လက်ကောက်၊ နားတောင်း၊ ပုတီး၊ ခါးပတ်၊ စာပေ၊ ဒေသအလိုက်နေထိုင်သည့်အိမ်၊ ရက်ကန်းစင်၊ ချက်ပြုတ်စားသောက်ရာတွင် အသုံးပြုသည့် ဝါးပစ္စည်းများနှင့် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံများကို ခမ်းနားစွာပြသခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားနှင့် ဗမာတိုင်းရင်းသားကဏ္ဍတွင် လွယ်အိတ်၊ ခေါင်းပေါင်း၊ အိုးစည်၊ ပတ္တလား၊ စောင်းနှင့် အမျိုးသား အမျိုးသမီး ရိုးရာဝတ်စုံများကို ပြသထား၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ဝင်းမောင် (ကျိုက်ထို)**

# မျိုးကောင်း မျိုးသန့်များရွေးချယ်စိုက်ပျိုးရေးနှင့် သီးနှံဖျက်ကြွက်အန္တရာယ်အကြောင်း ဟောပြော

**လိပ်သို အောက်တိုဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ကျေးကတော့ ကျေးရွာအုပ်စုအတွင်း ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၃ ရွာရှိ ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဂေဟဗေဒစနစ် (ecosystem) ကို အခြေခံသောနည်းပညာပေးခြင်းနှင့် ကိုက်ညီသော ဈေးကွက်ဝင် ဥယျာဉ်ခြံသီးနှံ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်စေရန်အတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၁ ရက်က ယင်းကျေးရွာတွင် ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

တောင်သူပညာပေးဆွေးနွေးဟောပြောပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအေဝင်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မျိုးစေ့တာဝန်ခံ ဦးအောင်သော်မြင့်က ချဉ်ပေါင်ဖာလာ၊ ကော်ဖီသီးနှံများဈေးကောင်းရရှိပြီး အရည်အသွေးမြင့်အထွက်နှုန်းတိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်လည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးအောင်ထိုက်ဦးနှင့် လိပ်သိုမြို့စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးသိန်းဌေးတို့က သီးနှံဖျက်ကြွက်မျိုးစိတ်များအကြောင်း၊ သွားလာနေထိုင်မှုပုံစံ၊ မျိုးပွားနှုန်းများအကြောင်းနှင့် သီးနှံဖျက်ဆီးမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နှိမ်နင်းမှုများကိုလည်းကောင်း သီးနှံစိုက်တောင်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ လိပ်သိုဒေသတွင် ဥယျာဉ်သီးနှံများကို အဓိကထားစိုက်ပျိုးရာတွင် ကော်ဖီ၊ မင်းကွတ်၊ ဒူးရင်း၊ ကြက်မောက်၊ ဒညင်းသီးနှင့် ဖာလာများ စိုက်ပျိုးကြပြီး ဈေးကွက်ဝင်သီးနှံများ အထွက်နှုန်းတိုးရေး၊ ဒေသအတွင်း သီးနှံဖျက်ဆီးလေ့ရှိသော ကြွက်အန္တရာယ်မှ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းများသည် အရေးပါသောအချက်များဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သိမ်ဆိပ်-ပိန္နဲတော-လေးကေ မြို့နယ်ချင်းဆက်လမ်းအား အကျယ် ၁၈ ပေ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်

**သုဝဏ္ဏဝတီ အောက်တိုဘာ ၁၃**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ဘီးလင်းမြို့နယ် လေးကေကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသော မြို့နယ်ချင်းဆက်လမ်း (အရှည် ၇၅ ဒသမ ၅ ကီလိုမီတာ) ကို ကတ္တရာလမ်းအကျယ် ၁၈ ပေအဖြစ် သိမ်ဆိပ်မှ ထုံးဘိုလေးကျေးရွာအထိ (၉ ဒသမ ၅ ကီလိုမီတာ) ခင်းကျင်းပြီးစီးခဲ့ပြီးဖြစ်၍ ယခုအခါ အောက်တိုဘာလ ပထမပတ်မှစတင်ကာ ထပ်မံ၍ ထုံးဘိုလေးကျေးရွာမှ ၁၀ ကီလိုမီတာ အကွာအဝေးရှိသော အင်တောကျေးရွာ (၁၉ ဒသမ ၅ ကီလိုမီတာ) အထိ တိုးချဲ့ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းအား လမ်းဦးစီးဌာန သထုံမြို့နယ်မှ ဦးဆောင်၍ အကျယ် ၁၂ ပေရှိသောကတ္တရာလမ်းကို လေးကေကျေးရွာအထိ လမ်းအကျယ် ၁၈ ပေ အဖြစ် အပိုင်းလိုက် စီမံဆောင်ရွက်နေကြောင်း၊ ယခု လမ်းအရှည် ၁၀ ကီလိုမီတာကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် သန်း ၇၉၀ အကုန်အကျခံ၍ မူလအကျယ် ၁၂ ပေရှိသော ကတ္တရာလမ်းကို လမ်းတစ်ဖက်စီတွင် အကျယ် ၃ ပေ ထပ်မံ၍ တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ လမ်းအရှည် ပေ ၅၀ ရောက်တိုင်း ရေထုတ်မြောင်းများ တူးဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဦးစီးအရာရှိ (မြို့ပြ)တာဝန်ခံ အရာရှိဒေါ်ဆွေဆွေဦးက ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကဖြစ်သောကြောင့် အဆိုပါ မြို့နယ်ချင်းဆက်လမ်းဖြစ်ပေါ်လာမှုကြောင့် ဒေသတွင်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ တိုးတက်အောင်မြင်လာပြီး နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာသည့်အတွက် ဒေသခံပြည်သူများက ပျော်ရွှင်နေကြောင်း ဒေသခံရွာသားတစ်ဦးဖြစ်သူ ထုံးဘိုကြီးကျေးရွာသား ဦးလေးစိုးက ပြောသည်။ **ခွန် (ဝင်းပ)**



# မှူးခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် အောက်တိုဘာ ၁၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၀ ရက်က မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ရွာလယ်ဘုံမြေကွင်း၌ မှူခင်းအသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ မှူခင်းအသိပညာပေးမော်တော်ယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ ၂၀၀ ကျော် တက်ရောက်သည်။

အဆိုပါ ဟောပြောပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဒုတိယရဲမှူး မျိုးသန့်က စည်းမျဉ်း စည်းကမ်းများကိုလည်းကောင်း၊ နယ်မြေအတွင်း မှူခင်းကျဆင်းရေးကိစ္စရပ်များကို ကျိုက္ခမီရဲစခန်းမှူး ရဲအုပ်နေယုဆန်းကလည်းကောင်း၊ လူကုန်ကူးမှုနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ရွှေစကား
၁မိနစ် ၀
၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday


မြန်မာပြည်ရဲ့ အသက်သာဆုံး
ဒေတာဈေးနှုန်းနဲ့ ဖုန်းခေါ်ဆိုခ
1MB ၅ ကျပ်
(သို့မဟုတ်)
၁မိနစ် ၁၀ကျပ်
အူရီဒူးအချင်းချင်း
*7755# ကိုခေါ်ဆိုပြီး နှစ်သက်ရာ
အစီအစဉ်ကို ရွေးချယ်ပါ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
အားလုံးအတွက်
အူရီဒူး

# ဦးဂျမ်း လုံချည်(အစစ်)(ပင်ရင်း)မှ (ဦးဂျမ်း)ဟု ခေါင်းစီးစာလုံး(၂)လုံးပါ ပုဆိုးတံဆိပ်တစ်မျိုးသာ မူပိုင်ရောင်းချလျက်ရှိပြီး အခြားနာမည်ဆင်တူယိုးမှား သံတူကြောင်းကွဲပုဆိုးတံဆိပ်အမျိုးအစားကွဲများ ရောင်းချဖြန့်ချိခြင်း လုံးဝမရှိကြောင်း ကြေငြာခြင်း




၁။ ဦးဂျမ်းလုံချည်ကို ပိုင်ရှင် (ဦးဂျမ်း)မှ ၁၉၇၀ ပြည့်နှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး ဦးဂျမ်း (UG) ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင် အမှတ် (၇၄/၉၃) (၁၁/၂၀၀ဂ) (၂၂၀/၉ဂ)နှင့်(၁၃/၂၀၀၀)တို့ဖြင့် မန္တလေးမြို့တော်၊ စာချုပ် စာတမ်းမှတ်ပုံတင် ဌာနမှုးရုံးတွင် တရားဝင်မှတ်ပုံတင်၍ မြန်မာပြည်တစ်ဝှမ်းသို့ ဖြန့်ဖြူးရောင်းချခဲ့ရာ မြန်မာအမျိုးသား အားလုံး၏ ယုံကြည်စိတ်ချမှု အရှိဆုံးနှင့် ရောင်းချမှု အတွင်ကျယ်ဆုံး လုံချည်အမှတ်တံဆိပ်အဖြစ် အောင်မြင်ကျော်ကြားလျက်ရှိပြီး ထုတ်လုပ်မှု နှစ်(၅၀) ရွှေရတုနှစ်သို့ပင် ရောက်ရှိတော့မည် ဖြစ်ပါသည်။ ထိုကာလအတွင်း မြန်မာပြည်လုံချည်ထုတ်လုပ်မှု တံဆိပ်များတွင် လူနာမည် ဦးတပ်၍ ထုတ်လုပ်သော တံဆိပ်အဖြစ် (ဦးဂျမ်း)လုံချည် အမှတ်တံဆိပ် တစ်ခုသာ ရှိခဲ့ပါသည်။

**၂။ သံတူကြောင်းကွဲ ဆင်တူရိုးမှား အတုအပတံဆိပ်များ ပေါ်လာခြင်း**

ယခုအခါတွင် စီးပွားရေးသမား လူလိမ်များမှ (ဦးဂျမ်း)လုံချည်အစစ်၏ အောင်မြင်ကျော်ကြားမှုကို မှီခိုလုပ်ဖြား ခိုးယူလိုသော အပြုအမူအဖြစ် (ဦးဂျမ်း)ဆိုသော စာလုံးနှင့်ဆင်တူယိုးမှား သံတူကြောင်းကွဲ စာလုံးများမှည့်ကာ အရည်အသွေးနိမ့်၊ တန်ဖိုးနည်းလုံချည်များတွင် တံဆိပ်ကပ်ပြီး (ဦးဂျမ်း)လုံချည်အစစ်မှ ထုတ်လုပ်သကဲ့သို့ ဝယ်ယူဝတ်ဆင်သူများ ထင်ရောင်ထင်မှားရှိစေရန် လိမ်လည်လှည့်ဖြား ရောင်းချမှုများ ပေါ်ပေါက်လျက်ရှိပါသည်။

**၃။ သံတူကြောင်းကွဲ တံဆိပ် အတုအပပြုလုပ်လိမ်လည်ရခြင်း အကြောင်းရင်း**

(က) ကျော်ကြားပြီးသား တံဆိပ်နာမည်ကို မှီခို-တုပ-ခိုးယူခြင်းဖြင့် အချောင် ဖြတ်လမ်းစီးပွားရှာလိုခြင်း

(ခ) ဦးဂျမ်းလုံချည် (အစစ်)သည် (၂/ဂ၀)(၂/၁၀၀)တန်ဖိုးမြင့် ချည်ဖြင့်ရက်လုပ်သည့် ချည်ချောလုံချည်များသာ ထုတ်လုပ်ပါသည်။ တံဆိပ်ဆင်ယူယိုးမှား အတုပြုလုပ်သူများမှာ (၂/ဂ၀)(၂/၁၀၀)ချည်ထက် တန်ဖိုးနည်းချည်များဖြင့် ရက်လုပ်သည့် အရည်အသွေးညံ့သော လုံချည်များကို သံတူကြောင်းကွဲ ဆင်တူယိုးမှား တံဆိပ်များကပ်၍ ဈေးသက်သာသယောင် ရောင်းချလိုခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၄။ ဦးဂျမ်းလုံချည်အစစ်ဖြစ်ကြောင်း အထူးသတိပြုရန်မှာ**

ဦးဂျမ်းလုံချည် အမှတ်တံဆိပ်(အစစ်)တွင် ဖော်ပြပါပုံပါအတိုင်း

(က) ဦးဂျမ်းစာတ်ပုံပါရှိပြီး ရွှေရောင်ငွေရောင် အောက်ခံများ အသုံးပြုထားသည်။

(ခ) ဦးဂျမ်းတံဆိပ်ခေါင်းစီးစာလုံးတွင် ဦးနှင့်ဂျမ်းစာလုံး ၂ လုံးသာပါရှိသည်။

(ဂ) ဦးဂျမ်းကို "ဂ"ငယ်ယပင့်မသတ် (ဂျမ်း)ပါသည်။

(ဃ) ဦးဂျမ်းတံဆိပ်တွင်

ပင်ရင်း - ဆိုင်အမှတ် (၂၄/၂၆)၊ သရဖီ(စီ)ရုံ၊ မြေညီထပ်၊ ဈေးချို၊ မန္တလေး ဟူ၍ ပင်ရင်းလိပ်စာပါရှိသည်။

**၅။ အထူးသတိပြုရန်။**

ဦးဂျမ်းကို နငယ်ဖြင့်(ဂျန်း)ခြင်း၊ ခခွေးနှင့်(ချမ်း)ခြင်း၊ ဦးနှင့် ------ ဂျမ်းကြားတွင် အခြားစာလုံးများ ထည့်သွင်းထားခြင်း၊ ဂျမ်းနောက်တွင် ----- နောက်ထပ်စာလုံးများ ထည့်ထားခြင်း၊ ထိုသို့ ပြုလုပ်ထားသော တံဆိပ်များမှာ ဦးဂျမ်း(အစစ်) ကို တုပ၍ သံတူကြောင်းကွဲ ဆင်တူယိုးမှားပြုလုပ်ထားသော တံဆိပ်တု၊ တံဆိပ်အယောင်အဆောင်များသာ ဖြစ်ပါသည်။ (ယခုလောက် ဖော်ပြလျှင် ဈေးကွက်အတွင်းရှိ အဆိုပါတံဆိပ်များမှာ ဦးဂျမ်းလုံချည်(အစစ်)မဟုတ်ကြောင်း သိရှိကြမည်ဟု ယုံကြည်ပါသည်။)

အဆိုပါတံဆိပ်အတုများကို ဦးဂျမ်းအစစ်ဟုထင်ပြီး ဝယ်ယူသူ၊ ဝတ်ဆင်သူများမှာ အရည်အသွေးမပြည့် တံဆိပ်တုလုံချည်များသာ ရရှိပြီး လွန်စွာ နစ်နာသဖြင့် သတိထားရှောင်ကွင်းနိုင်စေရန် လေးစားစွာ အသိပေးအပ်ပါသည်။

**မှတ်ချက်** အထက်ပါ ဆင်တူကြောင်းကွဲ အမည်များပြုလုပ်၍ ကြော်ငြာရောင်းချနေသော လုံချည်များသည် ဦးဂျမ်းမိသားစုများနှင့် ဆွေမျိုးတော်စပ်မှုမရှိပါ။ လုံးဝ ပတ်သက်မှုမရှိကြောင်း အသိပေးအပ်ပါသည်။

ဦးဂျမ်းလုံချည်သည် (၁)အရ တရားဝင်မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အဖြစ်ဖြစ်သောကြောင့် (သံတူကြောင်းကွဲ ဆင်တူယိုးမှား အတုအပပြုလုပ်မှုများ၊ ဦးဂျမ်းလုံချည်နှင့် ဆွေမျိုးတော်စပ်သူများမှ ရောင်းသည်ဟု လိမ်လည်နေမှုများ)ရပ်တန့်ကရပ်ကြရန်၊ မရပ်ပါက တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ဦးဂျမ်းလုံချည်အမှတ်တံဆိပ်(အစစ်)မိသားစု (အမရပူရ/မန္တလေး)

ပိုင်ရှင်- ဦးခင်မောင်ဦး၊ ၉/အမရ(နိုင်)ဝဂ၁ဂ၄၂ ၊ ပင်ရင်း-ဆိုင်အမှတ်(၂၂/၂၄/၂၆)၊ သရဖီ(စီ)ရုံ၊ မြေညီထပ်၊ ဈေးချိုတော်၊ မန္တလေး။

အိမ်အမှတ်-အ/သ(၉)၊ သိမ်ကြီးရပ်/စစ်ကိုင်း၊ မန္တလေးလမ်း၊ အမရပူရမြို့။

ဖုန်း-(ဆိုင်)၀၂-၃၃၆၄ဂ၊ ၀၂-၃၅၃၀ဂ

(အိမ်)၀၂-၇၀၀၀၅၊ ၀၂-၇၀၀၃၂၊ ၀၂-၅၉၄၉၄၊ ၀၂-၅၉၄၅၅

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်းနှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**
GA MONE PWINT CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND. CARE FOR THE PEOPLE

MMPGA

# အပြည်ပြည်ဆိုင်ရာ မြန်မာအထူးကုသမားတော်ကြီးများအဖွဲ့ (MMPGA) နှင့် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတို့ ပူးပေါင်း၍ International Clinic ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ နှင့် အင်္ဂလန်နိုင်ငံတို့မှ အထူးကုဆရာဝန်ကြီးများသည် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

**အထွေထွေရောဂါအထူးကုသမားတော်ကြီး**
**ဒေါက်တာစိန်သန်း**
M.B.,B.S, MD ,
ABIM Board Certified ( Internal Medicine),
Attending Physician, Bellevue Hospital, New York,
Faculty, NYU Medical Center, NY, USA
၁၁.၁၀.၂၀၁၇ မှ ၂၄.၁၀.၂၀၁၇ထိ

**ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီး**
**ဒေါက်တာသီတာမောင်မောင်မြင့်**
M.B.,B.S, FRACP (Nephrology, Australia)
MM (Clinical Epidermiology)
Staff Specialist Nephrologist,
Newcastle, Australia
၁၄.၁၀.၂၀၁၇ မှ ၂၈.၁၀.၂၀၁၇ထိ

**ကလေးအထူးကုသမားတော်ကြီး**
**ဒေါက်တာနွယ်နွယ်စိုး**
M.B.,B.S,
DCH (UK), FRCP (UK),
PGDipA (UK),
Consultant Paediatrician, UK
၂၃.၁၀.၂၀၁၇ မှ ၅.၁၁.၂၀၁၇ထိ

တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် (၉)နာရီမှ ညနေ(၅)နာရီအတွင်း လူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

☎ 01 523000, 01 523111, 01 523222

---

# ကြည်နူးရွှင်သာ သီတင်းကျွတ်ချိန်ခါ

နှစ်သောင်းကျပ်နှင့် အထက်နာရီတစ်လုံးဝယ်သူတိုင်း
နောက်ထပ်နာရီတစ်လုံးကို . . .
15% Discount ရယူလိုက်ပါ . . .
အောက်တိုဘာလ ( ၁ ရက်နေ့ မှ ၃၁ရက် နေ့ ) အထိ

CHERRY OO

Inquiry Phone : 09 730 22248, 09 451 522228 .

www.facebook.com/cherryoowatchgallery

---

23 မဆလာ (ထမင်းဆိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၁၀၀၅၆၁၉၈၊ ၀၉၈၆၃၆၇၃၆၅၊ ၀၉၂၅၀၄၉၉၇၂၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8287 Myanmar mini Saloon, Saloon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၃/မဝတ(နိုင်)၀၀၄၄၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်)

## အမည်ပြောင်း

ကျောက်တံခါးမြို့၊ အထက(ခွဲ) အနောက်ရပ် န၀မတန်း (ခ) မှ (ဘ) ဦးဆင်းချို ၇/ကတခ(နိုင်)၀၀၂၁၂၀၏ သမီး မသဲစုထွေးအား ယနေ့မှစ၍ မသဒ္ဒါဖြူနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသဒ္ဒါဖြူနိုင်

## ဖခင်အမည်မှန်

အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မအေးချမ်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း ၁၄/ညတန(နိုင်) ၁၃၂၈၉၉ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးအေးကျော် ၅/မရန(နိုင်)၀၄၀၉၇၃ ၏သား မန္တလေးမြို့၊ မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်းမှ မောင်မင်းသစ်ထွန်းအား မောင်ကောင်းမြတ်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းမြတ်စံ

---

မုံရွာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနေရာများအား မြေငှားစာချုပ်(အသစ်)နှင့် (အမည်ပြောင်း)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများတရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အမှုတွဲအမှတ် | ကွင်း/အကွက် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးမြင့်သိန်း | ၅/မရန(နိုင်)၀၂၄၈၃၂ | ၁၁၀ V ၄၁း ၁၇-၁၈ | ၇၇-ရပ်သာကြည် | ၈ | ၀.၁၃၃ | ချမ်းမြသာစည် | ဂရန်အသစ် |
| ၂ | ဦးဝင်းကို | ၅/ဘတလ(နိုင်)၀၅၃၆၀၉ | ၁၄၇ V ၄၁း ၁၇-၁၈ | ၃၃၃(က) | ၁၂လမ်း ၈၁ | ၀.၁၄၇ | မြို့သစ် | ဂရန်အသစ် |
| ၃ | ဦးလင်းကိုအောင် | ၅/မရန(နိုင်)၀၀၁၅၉၃ | ၁၄၈ V ၄၁း ၁၇-၁၈ | ၄၂-မြသီတာ | ၁၂၆(က) | ၀.၀၇၅ | ရတနာပုံ | ဂရန်အသစ် |
| ၄ | ဦးအောင်အောင် | ၅/မရန(နိုင်)၁၅၇၆၅၆ | ၁၄၇ V ၄၁း ၁၇-၁၈ | ၅၃ မြို့သာယာ | ၆၆(က) | ၀.၀၅၅ | သလ္လာ | ဂရန်အသစ် |
| ၅ | ဒေါ်သန်းသန်းနွယ် | ၅/မရန(နိုင်)၀၃၃၁၀၇ | ၆၃ V ၄၁း ၁၇-၁၈ | နန္ဒဝန်မြို့သစ် | မေတ္တာလမ်း ၁၀၅ | ၀.၀၈၅ | နန္ဒဝန်ရပ် | ဦးမြမောင်အမည်မှ ဒေါ်သန်းသန်းနွယ် အမည်ပြောင်း |
| ၆ | ဒေါ်စန္ဒာဝင်း | ၅/မရန(နိုင်)၁၀၂၂၄၁ | ၁၃၂ V ၄၁း ၁၇-၁၈ | ၂၃ ထန်းတော | ၃-ဈ | ၀.၀၉၃ | ဒေါနခြံရပ် | ဦးထွန်းအောင်+၁ မှ ဒေါ်စန္ဒာဝင်း ခွဲစိတ်အမည်ပြောင်း |
| ၇ | ဦးသန်းနိုင်ထွန်း | ၁၂/စခန(နိုင်)၀၂၁၄၅၄ | ၁ V ၄၁း ၁၇-၁၈ | စ-၃ | ၄၃လမ်း-၇ ဇီဇဝါလမ်း-၁၄ | ၀.၂၂၀ | စက်မှုဇုန်ရပ် | ဦးထွန်းသစ်မှ ဦးသန်းနိုင်ထွန်း အမည်ပြောင်း |

ကော်လိတ္တော်အရာရှိ(မုံရွာခရိုင်)

---

## မန္တလေးမြို့ရှိ ပီနံအိတ်စက်ရုံတွင် ထုတ်လုပ်မှုလုပ်ငန်းတိုးချဲ့ရန်အတွက် အောက်ပါကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်

(1) နန်းဆွဲလုပ်သား - ၂၀ ဦး (2) ရက်ကန်းလုပ်သား - ၃၀ ဦး

အထက်ပါအမှတ်စဉ်အားလုံးအတွက် စိတ်ပါဝင်စားသူများ တစ်ပတ်အတွင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် - 09-250543119/ 09- 974365989**

**မှတ်ချက် - နေစရာအဆောင်စီစဉ်ပေးမည်။**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/9213 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/8386 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/2571 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1637 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်အောင်ခင် (ငြိမ်း)
ကြည်း-၅၉၃၄
သူရဲကောင်းမှတ်တမ်းဝင်
စစ်ထောက်ချုပ်(ငြိမ်း)
ဒုတိယဝန်ကြီး(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ အမှတ် 70/Jနေ (ဦးဖိုးညွန့်-ဒေါ်နှစ်)တို့၏သား၊ ဒေါ်ခင်နု၏ခင်ပွန်း၊ ဒေါ်သင်းသင်းနု-ဦးမြင့်အောင်၊ဦးမျိုးမြင့်အောင်(အထွေထွေမန်နေဂျာ၊ငြိမ်း၊ MICB, MCB)-ဒုတိယဗိုလ်မှူးကြီးဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်လှဲ့လှဲ့အောင်-ဒုတိယဗိုလ်မှူးကြီးသန်းထူး(ငြိမ်း)၊ ဦးအောင်သန်းဌေး-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်သီတာဌေး (ကြယ်ဖြူဆန်စက်၊ တိုက်ကြီး)၊ ဦးနေမျိုး-ဒေါ်ဇင်းဘယ်သိန်းတို့၏ မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၄း၁၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)၊ သူရဲကောင်းမှတ်တမ်းဝင်
စစ်ထောက်ချုပ်(ငြိမ်း)
ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်နု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၁၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်ညွန့်**

---

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်အောင်ခင် (ငြိမ်း)
စစ်ထောက်ချုပ်(ငြိမ်း)
ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)
**အသက်(၉၂)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးသန်းထူး(ငြိမ်း)-ဒေါ်လှဲ့လှဲ့အောင်တို့၏ မွေးသဖခင် ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ**
**သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)၊ သူရဲကောင်းမှတ်တမ်းဝင်
စစ်ထောက်ချုပ်(ငြိမ်း)
ကာကွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး(ငြိမ်း)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမြင့်အောင်(အထွေထွေမန်နေဂျာ-ငြိမ်း၊ MICB, MCB) - ဒုတိယဗိုလ်မှူးကြီး ဒေါ်မြင့်မြင့်ခိုင်တို့၏ဖခင် ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၁၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမောင်မောင်အောင်**
**စံပယ်မြန်မာလီမိတက်**
**မြန်မာဟိုင်းဝေးလီမိတက်**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဝင်းမွန်
**(စာရေးဆရာ တက္ကသိုလ်ဝင်းမွန်/အောင်ခန့်)**
**တွဲဖက်ပါမောက္ခ ဌာနမှူး(ငြိမ်း)**
**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**
**(အမျိုးသားစာပေ-တစ်သက်တာ)ဆုရှင်**
**အသက်(၇၉)နှစ်**

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဌာနမှူး(ငြိမ်း) ဆရာကြီး ဦးဝင်းမွန်(စာရေးဆရာတက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်စာရေးဆရာအောင်ခန့်)သည် ၁၀-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာစာဌာန**
**ရန်ကုန်တက္ကသိုလ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘညွန့် (စစ်တွေ)
**အသက်(၆၉)နှစ်**

ဦးမောင်ရှီ-သုဓမ္မသင်္ဂီ သီဟသုဓမ္မသင်္ဂီဒေါ်ညွန့်စိန်တို့၏သားကြီး၊ဦးကျော်လှအောင်-ဒေါ်ကြာပန်းတို့၏သားသမက်၊ ဒေါ်အုံးယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်စိုးထူး(လေယာဉ်မှူး၊ ရန်ကုန် Air Way)၊ ဦးဥက္ကာထူး(ခေတ္တ-UK) တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သန်းမြင့်၊ ဒေါ်အေးအေးစိုးတို့၏အစ်ကိုကြီး၊ မောင်မြတ်ပြည့်သိမ်း၊ မောင်ကောင်းထက်ထွန်း၊ မောင်ထွန်းပြည့်ဖြိုးဟိန်းတို့၏ ဦးလေး ဦးဘညွန့်(စစ်တွေ) (ခြသေ့်သုံးကောင်ဆေးပေါ့လိပ်ကိုယ်စားလှယ်၊ စစ်တွေ)သည် ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကျောင်းကြီးလမ်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်မြိုင် (ညိုညို)
**အသက်(၈၅)နှစ်**
**အမှတ်-၃၂၄ B-ရုံ သိမ်ကြီးဈေး**

ရန်ကုန်မြို့၊ အမှတ်(၈၃/၂၇)၊ ယောမင်းကြီးလမ်းနေ ဦးကြည်၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်-ဒေါ် မြရင်)တို့၏သမီး၊ ဒေါ်ကြည်ကြည်စန်း-ဦးစိုးမြင့်၊ ဒေါ်ကြည်ကြည်စု(မန်နေဂျာ-မြန်မာနိုင်ငံသားများဘဏ်) - ဦးငွေစိုး၊ ဦးအောင်သူ(Reno-Hotel)-ဒေါ်ဖြူဖြူ၊ ဒေါ်ကြည်ကြည်လှ၊ ဦးအောင်ထူး-ဒေါ်အုန်းမေ၊ ဦးအောင်မိုး-ဒေါ်မေသွယ်ဦး၊ ဒေါက်တာစန္ဒာကြည်(MD.FAAFP, USA) -ဦးအေးကိုကို၊ ဒေါ်ကြည်ကြည်ထွေး-ဦးအောင်အောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးမြင့်
**အသက်(၈၄)နှစ်**

မွန်ပြည်နယ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအား ပံ့ပိုးကူညီမှုများမကြာခဏ ပြုလုပ်ပေးနေသော အရှေ့တောင်အထွေထွေစွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီ(SEGEP Co.,Ltd.)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်မြင့်၏ချစ်လှစွာသောမိခင် ဒေါ်အေးမြင့်သည် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မွန်ပြည်နယ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်အေးမြင့်
**အသက်(၈၄)နှစ်**

ချစ်ခင်လေးစားရပါသော အရှေ့တောင်အထွေထွေစွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီ (SEGEP Co.,Ltd.)၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်မြင့်၏ ချစ်လှစွာသောမိခင် ဒေါ်အေးမြင့်သည် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်နှင့် ရေး ရုံးခွဲများမှ ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှလှ (နေပြည်တော်)
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက် ၃၀-A (ဒုတိယထပ်)နေ (ဦးအေးဖေ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဒေါက်တာဦးလွင်-ဒေါ်ခင်သန့်)တို့၏ချွေးမ၊ [ဦးထွန်းခင်(ဗိုလ်ကြီး-ငြိမ်း)]၏ဇနီး၊ [ဒေါ်မြင့်မြင့်(ခ) ဒေါ်အေးမြင့်]၊ (ဒေါက်တာဦးစောလွင်)-ဒေါက်တာဒေါ်ခင်အုန်းလွင်တို့၏ညီမ၊ ဒေါ်မိမိအေး-ဒေါက်တာဦးလှချိုတို့၏အစ်မ၊ ဒေါ်မြတ်မဥ္ဇူ-ဦးစိုးပိုင်၊ ဒေါ်မြတ်စံပယ်-ဦးတိုးတိုးလွင်၊ ဒေါက်တာဒေါ်မြတ်သဇင်-ဦးရဲတင်၊ ဦးမြတ်သူရ-ဒေါ်မြမြကျင်၊ ဦးမြတ်သူရိန်-ဒေါ်ခင်သန္တာတို့၏မိခင်၊ ကိုရဲသူတင်၊ မမေဦးတင်၊ ကိုလူမော်ဟန်-မဖြူဖြူခိုင်၊ မောင်ငြိမ်းချမ်းစိုးပိုင်၊ မောင်ရှိန်းမြတ်၊ မောင်သုတလွင်တို့၏အဘွား၊ မခိုင်မဥ္ဇူဟန်၏ဘွားဘွားသည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၀-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး
## ဦးမောင်အေး
ကလို့ကျေးရွာ၊ ဘီလူးကျွန်း
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၇၊ စက်မှုလက်မှု(၁)လမ်းနေ (ဦးသာဇင်-ဒေါ်ဖွားခင်)တို့၏သား၊ (ဦးဂုဏ်ထူး-ဒေါ်ထွားရင်)တို့၏သားသမက်၊ ဒေါ်နုနုရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ရီ-ဒေါ်ဝင်နီ၊ ဦးမြင့်ဦး-ဒေါ်ညိုမာလာ(အိတုံကုမ္ပဏီလီမိတက်)၊ ဦးကျော်ညီထွေး-ဒေါ်မြင့်မြင့်သန်း(စံချိန်မီ သံထည်ပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဟန်တင်
ဌာနခွဲစာရေး(ငြိမ်း)
ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ပြည်လမ်း၊အမှတ်၃၂(ဃ)၊ခြောက်မိုင်ခွဲ၊ရွှေဟောင်းသုတေသနရုံးဝင်းနေ ဦးစိန်ထော (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)၏ဇနီး၊ ဦးလှိုင်မင်းထော၊ ဦးခိုင်ဇော်ထော၊ ဦးကျော်ဇင်ထော(သုတေသနလက်ထောက်-၃၊ ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)တို့၏မိခင်၊ ဒေါ်ဟန်တင်သည် ၁၃-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

---

## ဦးစံညွန့်
(ပုဇွန်တောင်တပ်မြေ)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၆၊ ဂန္ဓမာလမ်းနေ (ဦးဘသန်း-ဒေါ်ပု)တို့၏သား၊ ဦးကုလားကြီး-ဒေါ်ဘုဒီတို့၏သားသမက်၊ (ဒေါ်မြမြ)၏ခင်ပွန်း၊ဦးလှချို-ဒေါ်သင်းသင်းမွန်၊ ဦးကျော်နိုင် - ဒေါ်အေးအေးမွန်၊ ဦးဇော်နိုင်-ဒေါ်သီသီခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာအေးမြတ်သူ (ဆေး-၂၊ သရုပ်ပြ)၊ ဒေါက်တာနုရည်အေး၊ မောင်မြတ်ထက်(Final Part I၊ ဆေး-၁)၊ မယမင်းသုန်၊ မောင်ထူးထက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၁၀-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀း၁၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကျော်စံလှ(ခ)
## မိုဟာမက်ရှောင်ကသ်
**(စာရေးဆရာ-ရွှေဘိုသက်နှင်း)**
**လ/ထရုံးအုပ်ကြီး(ငြိမ်း)**
**မြန်မာ့မီးရထား**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈လမ်း၊ တိုက် ၃၅ (လေးလွှာ)နေ ဦးရာဟင်၏သား၊(ဒေါ်ရီရီခင်)၏ခင်ပွန်း၊ ဒေါ်ဖြူဖြူဝင်း၏ဖခင်သည် ၁၂-၁၀-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် နေအိမ်၌အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အစွာရ်နမား(စ်)အပြီး ရေဝေးကဘာစတန်၌ ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်မစောညွန့်(ခ)
## ဒေါ်ဖြူမရှီ (စစ်တွေ)
**အသက်(၈၁)နှစ်**

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ (ဦးမောင်ဇံဦး-ဒေါ်သာမြဦး)တို့၏သမီး၊ (ဦးရဲဘော်-ဒေါ်စံဝင်းဖြူ)တို့၏သမီးချွေးမ၊ (ဦးဘသာ)၏ဇနီး၊ (ဒေါ်မကျော့သာ)၊ (ဒေါ်နှင်းရီ)တို့၏ ညီမ(ဒေါ်မသောင်းလှ)၏အစ်မ၊ မောင်သန်းဝေ၊ မောင်သန်းအောင်တို့၏မိခင်သည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်
ဒါယကာကြီး
## ဦးကြည်သိန်း
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ကြီးရပ်ကွက်၊ ၁၀၈လမ်း၊ အမှတ် ၄၄၊ မြေညီထပ်နေ(ဦးစိမ်မောင်မြင့်-ဒေါ်ခင်စန်း)တို့၏သား၊ (ဦးမောင်ကိုး) - ဒေါ်ရင်မေတို့၏ သားသမက်၊ ဦးနီနီကိုး - ဒေါ်ကေသီဝင်းတို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းနီ၊ ကျော်သူကိုး-ဒေါ်အိအိထွန်း၊ဦးယဉ်ကိုး-ဒေါ်အားကီးတို့၏အစ်ကို၊ ဦးကြည်မင်းကိုး-ဒေါ်အေးပပမျိုး၊ မောင်ကြည်လင်းကိုး-မစုနှင်းဝေတို့၏ဖခင်၊ ဒေါ်နီနီမေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၀-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီ မိုဟမ္မဒ် ဘဒ္ဒရွှတ်ဒီးန်(ခ)ဟာဂျီ ဦးညီပု
(ယခင်-ဝင်းဘရားသား ဦးထုပ်လုပ်ငန်း)
**အသက်(၉၄)နှစ်**

မန္တလေးမြို့နေ (ဦးခ-ဒေါ်နုရီ)တို့၏သား၊ (ဦးဘသော်-ဒေါ်ဖိုင်)တို့၏ သားသမက်၊ (ဦးဟာစံ-ဒေါ်အာစီယာ)၊ (ဦးကျော်စိန်-ဒေါ်စောမြ)၊ (ဦးဟာရှင်-ဒေါ်အရှာ)၊ (ဟာဂျီ ဦးဘိုကြီး-ဒေါ်ခင်ခင်ကြီး)၊ (ဦးတင်နွယ်-ဒေါ်ဦး)၊ (ဟာဂျီ ဦးတင်ဆွေ-ဒေါ်တင်မြင့်)တို့၏ညီ၊ ဒေါ်တုတ်တုတ်(အလယ်တန်းကျောင်းအုပ်၊ ငြိမ်း)၏အစ်ကို၊ (ဦးချစ်မောင်-ဒေါ်မမကြီး)တို့၏ညီ၊ ၂၆လမ်း၊ ၇၃×၇၄ လမ်းကြားနေ ဒေါ်ခင်မမ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကို(အလုပ်ရုံစိတ်မှူး၊ ငြိမ်း၊ စက်မှု-၂)၊ ဦးဝင်းညို-(ဒေါ်ခင်မေဝင်း)၊ ဒေါ်ခင်ရီ(နည်းပြ၊ ငြိမ်း၊ ပညာရေးစိတ်ပညာဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ဦးဝင်းဘို(GATES ELECTRONICS)-ဒေါ်လှလှမြင့်၊ ဒေါ်ကြူကြူ(အလပြ၊ ငြိမ်း၊ အထက-၁၅)၊ ဦးဝင်းနိုင်(ခေတ္တ-USA)-ဒေါ်သင်းသင်းထွေးတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ဇဟိုရ်နမာဇ်အပြီး အရှေ့ကုန်းရိုးဗလီ (၂၆လမ်း၊ ၇၆×၇၇ကြား)၌ ဂျနာဇဟ်နမားဇ်ဖတ်ပြီး အေးရိပ်ငြိမ် ကဘာရ်စတန်၌ ဒါဖွနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လတ် အသက်(၉၀)
**CDC-3004 ဆက်သွယ်ထောက်ပံ့ရေးအရာရှိ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၂၃ (မြေညီထပ်-ခေါင်းရင်းခန်း)နေ (ဦးဘသိန်း-ဒေါ်သစ်သစ်)တို့၏သား၊ (ဦးထွန်းလွင်-ဒေါ်မွန်မွန်)တို့၏သားသမက်၊[ဒေါ်အေးကြိုင်(ခ)ဘေဘီ]၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘိုဘိုလတ်-ဒေါ်ဝေဝေနွယ်၊ [ဦးကိုကိုလတ်(ခ)Tony]-ဒေါ်နှဲ့နှဲ့ဦး၊ [ဦးဇော်ဇော်-ဒေါ်ခင်ခင်သစ်(ခ)Linda]၊ (ဦးကွန်းဇော်)-ဒေါ်သန်းသန်းသစ်(ခ)Susanတို့၏ချစ်လှစွာသောဖခင်၊ဦးဆန်းမိုးလတ်၊ဦးဗညားလတ်၊ဦးသူရလတ်-ဒေါ်ချိုသဲခိုင်၊ ဦးဇေယျဦးမင်းဝင်း-ဒေါ်နေနွယ်ဇော်၊ ဦးဇော်မျိုးလွင်-ဒေါ်ဝါဝါမျိုးဇော်၊ ဦးကျော်ဇေယျာဝင်း-ဒေါ်မိုးသီတာလတ်၊ ဦးစိုးရာဇာလင်း-ဒေါ်ဆုမွန်မျိုးဇော်၊ ဒေါ်စန္ဒာမျိုးဇော်၊ ဒေါ်စိုးသဥ္ဇာလတ်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမင်းအောင်(ငြိမ်း) (ရေ/၃၅၂၇)
**ဟင်္သာတမြို့နယ်အသင်း**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ ၃လမ်း၊ အမှတ် ၅၅၉/ကနေ ဒေါ်မြသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းညွန့်-ဒေါ်မူမူအောင်(အထပြ၊ ငြိမ်း၊ အထက-၃၊ တောင်ဥက္ကလာပ)၊ ဒေါက်တာကြူကြူအောင်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဝင်းသူအောင်(ဒုတိယရဲမှူး၊ သတင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်ခင်မိုးအေး၊ ဦးအောင်စိုး-ဒေါ်ထူးထူးအောင်တို့၏ဖခင်၊ မောင်ထူးမောင်မောင်၊ မောင်ပြည့်ဖြိုးမောင်မောင်တို့၏အဘိုးသည် ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက် ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၅၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဆရာကြီးဦးဝင်းမွန်
**အသက်(၇၉)နှစ်**

ချစ်ခင်လေးစားရပါသော ဆရာကြီးဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်အောင်ခန့်)၊ (တွဲဖက်ပါမောက္ခဌာနမှူး၊ ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု၊ တောင်ငူတက္ကသိုလ်**

---

## ဦးမျိုးသန်း (ရုံးသပြေကန်)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၄နေ (ဦးစိန်ညွန့်-ဒေါ်ကျင်မှင်)တို့၏သား၊ ဒေါ်စိန်တင်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၁၇(က)-၂နေ ဦးလွင်ဦး-ဒေါ်စန်းစန်းဌေး(စမိုင်းယိုစုံ)၊ S-2, ကံ့ကော် ၁လမ်း၊ မြကန်သာအိမ်ရာနေ ဦးထွန်းရဲဝင်း-ဒေါ်လွင်မျိုးမော်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မမျိုးမြတ်နိုးသော်၊ မောင်ဟိန်းအာကာလွင်၊ မောင်ကောင်းမြတ်လွင်၊ မသွဲ့စန္ဒီထွန်း၊ မဖြိုးပွင့်သွယ်တို့၏ အဘိုးသည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အောင်သိဒ္ဓိနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ အောင်သိဒ္ဓိနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

အပြုံးချိုချိုနှင့် အားလုံးကို ကူညီတတ်သော ဆရာ ဦးတင်နွယ် (ပ/၃၉၉၆) (အုပ်ချုပ်ရေးမှူး၊ ဇေယျာသီရိမြို့နယ်)သည် ၁၀-၁၀-၂၀၁၇ရက် ည ၁၀း၄၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ပံတန်းမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တပည့်ဝန်ထမ်းများနှင့်**
**လက်ပံတန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများ**

# ဖွံ့ဖြိုးတိုးတက်မှုများရရှိပြီး ဘေးအန္တရာယ်များကျရောက်မှုကြောင့် ဆုံးရှုံးရမည်ဆိုလျှင် များစွာနစ်နာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနား၌ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို မြန်မာနိုင်ငံတွင် (၈)ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်လာမှုများကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် ဘေးအန္တရာယ်များကို နေ့စဉ် မြင်တွေ့ကြားသိနေကြရမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများအရ ယခု ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် သဘာဝဘေးအန္တရာယ် ၁၄၉ ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရပါကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✳

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၃**

ယနေ့ မွန်းလွဲ ၂နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအခက်အခဲအတွက် ကူညီဖြေရှင်းမှုများဆောင်ရွက်ပေးနိုင်ခဲ့

ခင်ရတနာ

**နေပြည်တော် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမားများ နေရပ်ပြန်လည်ရောက်ရှိစေရေးနှင့် အလုပ်သမားအခွင့်အရေးများအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် သံအရာရှိများ၊ သံရုံးတာဝန်ရှိသူများ ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေစင်ကိုးပွင့်ကုမ္ပဏီလီမိတက်မှ ထိုင်းနိုင်ငံ Thai Smile စက်ရုံသို့ ယခုနှစ် မတ် ၁၆ ရက်က စေလွှတ်ခဲ့သည့် အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၁၀၂ ဦးနှင့် ရန်အေးကုမ္ပဏီမှ ထိုင်းနိုင်ငံ Ratcharoen ကုမ္ပဏီသို့ ဖေဖော်ဝါရီ ၂၂ ရက်က စေလွှတ်ခဲ့သည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၅ ဦးတို့သည် အောက်တိုဘာ ၁၂ ရက်တွင် အလုပ်သမားသံအရာရှိ ဦးခင်မောင်မြင့်၊ ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမားကူညီစောင့်ရှောက်ရေးမဟာမိတ်ကော်မတီတို့နှင့်အတူ မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံးသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံးရှိ အဆောင်များတွင် ဖြန့်ခွဲနားနေစေခဲ့သည်။

ဦးခင်မောင်မြင့်၊ ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးမဟာမိတ်ကော်မတီ (Aid Alliance Committee for Myanmar Workers-AAC) နှင့်အတူ ယင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သူ Mr.Phakin Thipphacheowakhum (ID 3 5601 00247 10 5) မှ လာရောက်ခေါ်ယူသွားပြီး စာချုပ်ပါ လုပ်ငန်းခွင်သို့ မရောက်ရှိခြင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✳

## ကလေးစာပေပွဲတော် ပထမနေ့ လာရောက်သူများဖြင့် စည်ကားများပြား

စာမျက်နှာ » ၈

## ယာယီကယ်ဆယ်ရေးစခန်းများမှ နေရပ်ရှောင်ပြည်သူများ ဘူးသီးတောင်၊ မောင်တောဒေသရှိ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိ

စာမျက်နှာ » ၁၀

## မြောက်ကိုရီးယားနိုင်ငံသားများအား ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု ကြေညာ

စာမျက်နှာ » ၁၄

## တရုတ်နိုင်ငံ၌ ကျင်းပမည့် Miss World 2017 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် အိကျော့ခိုင် ဝင်ရောက်ယှဉ်ပြိုင်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၁၃**

ကမ္ဘာ့အလှမယ်ပြိုင်ပွဲလောကတွင် သက်တမ်းအရင့်ဆုံးဖြစ်သော Miss World ပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည်ဖြစ်၍ အဆိုပါပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု Miss Myanmar World 2017 အလှမယ် သရဖူဆုရှင် အိကျော့ခိုင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Miss Myanmar World Organization မှ သိရသည်။

Miss World 2017 ပြိုင်ပွဲကြီးကို တရုတ်နိုင်ငံ Sanya မြို့တွင် လာမည့် အောက်တိုဘာ ၂၀ ရက်မှ စတင်ကာ ပြိုင်ပွဲစတင်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၈ ရက်တွင် နောက်ဆုံးဖိုင်နယ်ဆန်ခါတင်အလှမယ်များကို ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် အလှမယ် အိကျော့ခိုင်သည် မတင်မိုးလွင်၊ Mr. Brian Jeremiah တို့နှင့်အတူ Cat Walk Training များ၊ Personality Training တို့ကို သင်ယူခဲ့ပြီး Personal & Knowledge Training များနှင့် English Training များကိုလည်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်သင်ယူခဲ့ကြောင်း သိရသည်။ ထို့အပြင် Talent Show ပြိုင်ပွဲအတွက် ပလွေမှုတ်ခြင်းနှင့် ဦးရွှေရိုးနှင့် ဒေါ်မိုးအက တို့ကိုလည်း ပန်တျာကျောင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာကြီး၊ ဆရာမကြီးများထံတွင် သင်ယူခဲ့သည်။

"ဒီပြိုင်ပွဲအတွက် အဓိကထား ပြင်ဆင်ထားတာကတော့ ပရဟိတပရောဂျက်၊ ရိုးရာအက၊ မြန်မာ့ရိုးရာပလွေစတဲ့ ကဏ္ဍငါးခုလောက်ကို ပြင်ဆင်ထားပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၅* ★



Miss World 2017 ပြိုင်ပွဲဝင်မည့် အလှမယ် အိကျော့ခိုင်

